# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တော်သလင်းလကွယ်၊ တနင်္ဂနွေနေ့ ၊ (21-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၄၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါ၍ မော်ဘီတပ်နယ်ရှိ တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ) တပ်မှူးတို့က တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

# ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပညာရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် အားနည်းချက်များရှိနေဆဲဖြစ်သည့်အတွက် ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်၍ ပညာရေးကိုအားပေးမြှင့်တင်ရမည်ဖြစ်သည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးခြင်းပင်ဖြစ်သည်။ နိုင်ငံသားများ၏ ပညာရည်အဆင့်အတန်းမြင့်မားရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် အနာဂတ်ပညာတတ်လူငယ်များများပြားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့်တိုင်ပင်ဆွေးနွေးခဲ့ပြီး Polytechnic တက္ကသိုလ်များ ဖွင့်လှစ်ရေးဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် အခြေခံပညာအလယ်တန်းအဆင့်တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။

**"အတန်းပညာကောင်းမွန်မှသာလျှင် အတတ်ပညာများသင်ယူရာ၌ ပိုမိုလွယ်ကူနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးကောင်းမွန်အောင် ဆောင်ရွက်ခြင်းသည် နောင်တစ်ချိန်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်ပြီး နိုင်ငံ၏အနာဂတ်အတွက် စိတ်ချရအောင် ပညာရေးကို စနစ်တကျဖြင့် အလေးပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း"** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများကို မြိတ်မြို့ပုလဲရတနာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အတန်းပညာများရှိစေရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်နိုင်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပညာရေးအားနည်းမှုရှိပါက အခြားဒေသများသို့သွားရောက်၍ အလုပ်လုပ်ကိုင်ရမည်ဖြစ်ပြီး အခြားသူများ၏ ဦးဆောင်မှုကိုခံရမည်ဖြစ်သဖြင့် မိမိတို့ဒေသအတွင်း ပညာတတ်လူသားအရင်းအမြစ်များ ပေါကြွယ်ဝအောင်မွေးထုတ်၍ ဒေသအကျိုးကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဦးတည်ချက်များချမှတ်၍ဆောင်ရွက်ပေးလျက်ရှိသည်။ ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးသည် လူမှုစီးပွားဘဝမြင့်မားတိုးတက်မှုအပေါ်တွင်အခြေခံသဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်အားပေးမှုနှင့်အတူ ကဏ္ဍအားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၉၈ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၈-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၅/၂၀၂၅) ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းနှင့် ဆက်လက်ကျင်းပပြုလုပ်မည့် အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၅-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၀/၂၀၂၅) ဖြင့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၁/၂၀၂၅)ဖြင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၂/၂၀၂၅)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ်(၅၃/၂၀၂၅) ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၆/၂၀၂၅)ဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များကို သတ်မှတ်ကြေညာပြီးဖြစ်သည်။

# ရေတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**ငပုတော စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးစိုက်ပျိုးရာသီ၌ စပါးလျာထားကေအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧကကို ဇွန်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ငရုတ်ကောင်းမြို့အတွင်းမှာ မိုးစပါးစိုက်ကွက် ၁၄၀၂၃ ဧကကို လျာထားစိုက်ပျိုးခဲ့ပါတယ်။ လျာထားဧကအတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ခဲ့ပါပြီ။ လိုအပ်တဲ့ အကူအညီတွေနဲ့နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်။စပါးတွေလျာထားဧကပြည့်မီစေဖို့၊ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့က မြေပြင်ထိကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်စပါးများ စိုက်ပျိုးထုတ်လုပ်နိုင်ရန်၊ စပါးမျိုးစေ့အသုံးပြုမှု မှန်ကန်စေရန်၊ ဓာတ်မြေဩဇာအစားထိုး သစ်စိမ်းမြေဩဇာများ အသုံးပြုစိုက်ပျိုးနိုင်ရန် စသည့်နည်းစနစ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ရာ စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်ကြီးတွင် ဆိုင်ခန်းများ စနစ်တကျနေရာချထားပေးနိုင်ရန် ဈေးသူဈေးသားများနှင့် တွေ့ဆုံ



**မန္တလေး စက်တင်ဘာ ၂၀**

ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ခြောက်ထပ်အဆင့်မြင့် ဈေးသစ်ကြီးတွင်ဆိုင်ခန်းများ စနစ်တကျ နေရာချထားပေးနိုင်ရန်အတွက် ဈေးသူဈေးသားများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ မြို့တော်ခန်းမတွင် ကျင်းပသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆိုင်ခန်းများ စနစ်တကျနေရာချခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့် အထောက်အကူပြုအဖွဲ့များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သုမင်္ဂလာဈေးကို နိုင်ငံတကာနှင့် လိုက်လျောညီထွေမှုရှိသည့် ခေတ်မီအဆင့်မြင့် ဈေးသစ်ကြီးအဖြစ် မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မကြာခင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း၊ ဆိုင်ခန်းရှင်များ၊ လုပ်ငန်းရှင်များ၊ အမှန်တကယ် တည်ခင်းရောင်းချမည့် ဈေးသည်များကို စနစ်တကျနေရာချထားခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်နိုင်ရန် ဦးစီးကော်မတီနှင့်ရပ်မိရပ်ဖများပါဝင်သည့် အထောက်အကူပြုအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ ဆိုင်ခန်းနေရာချထားပေးခြင်းများကိုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက လုပ်ငန်းတာဝန်များဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဈေးသူဈေးသားများ၊ မြို့မိမြို့ဖများမှ သိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးနည်းပညာတက္ကသိုလ်၏ ၁၅ ကြိမ်မြောက် သိပ္ပံနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးနည်းပညာတက္ကသိုလ်၏ ၁၅ ကြိမ်မြောက် သိပ္ပံနှင့်အင်ဂျင်နီယာပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေး နည်းပညာတက္ကသိုလ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှတာဝန်ရှိသူများ၊နည်းပညာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ (ဌာနမှူး)များ၊ စာတမ်းဖတ်ကြားသည့်စာတမ်းရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် စာတမ်းဖတ်ပွဲတွင် အခြားနည်းပညာတက္ကသိုလ်များ အပါအဝင်ဘာသာရပ် ၁၃ ခုမှ စာတမ်း ၅၂ စောင်ကို တင်သွင်းဖတ်ကြားသွားမည်ဟု သိရှိရကြောင်း၊ နည်းပညာကဏ္ဍဖြင့် တက္ကသိုလ်တစ်ခုနှင့် တစ်ခုကြား စည်းလုံးညီညွတ်မှု၊ ရင်းနှီးချစ်ခင်မှုတို့ကို ပြသနေပြီး နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မပြတ်ဆောင်ရွက် နေခြင်းလည်းဖြစ်ကြောင်း၊ လုပ်ငန်းနယ်ပယ်တိုင်းတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုတေသနများကိုစဉ်ဆက်မပြတ်ပြုလုပ်နေခြင်းဖြင့် အခက်အခဲများနှင့် ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အခြားတက္ကသိုလ်များ၊ သုတေသနစင်တာများနှင့် သုတေသနဌာနများ၊ စက်မှုလက်မှုလုပ်ငန်းများကြား၊ ပြည်သူလူထုနှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝန်းကြား သုတေသနလုပ်ငန်းများ တိုးတက်လာစေရန်၊ နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ပေါ်ပေါက်လာစေရန် ပူးပေါင်းဆောင်ရွက်မှုများကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦးက တက္ကသိုလ်များ၊ သုတေသနဌာနများနှင့် စက်မှုကုန်ထုတ်လုပ်သူများကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်လာနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေးနည်းပညာတက္ကသိုလ်ရှိ သင်ထောက်ကူခန်းများ၊ လက်တွေ့ခန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ဆောင်ရွက်ထားသည့် ပရောဂျက်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၂၂ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ခင်ဦး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၂၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် နှမ်း ၁၂၄၂၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ ဆောင်းနှမ်း ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာဘဲအဓိကထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်"ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ယခုနှစ် ခင်ဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့်စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းဆောင်ရွက်နေမှု စစ်ဆေး

**သဲကုန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကရင်ကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

ကရင်ကုန်းကျေးရွာ၌ အကျယ်လေးလက်မခွဲ၊ အနက် ပေ ၃၀၀ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခြောက်အစုံ ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ငါးကွမ်းရှပ်ခြောက်၊ အာပုံ့ခြောက် စသည့်ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်အစုံကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခြောက်အစုံပိဿာချိန် ၈၆၀၀၀ ထိရောင်းချခဲ့ရပါတယ်။ ဒေသထွက်ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့တင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ငါးခြောက်ဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်။ လက်ရှိ ပင်လယ်ငါးခြောက်တွေကို ရန်ကုန်ဈေးကွက်မှာ အဝယ်လိုက်နေလို့ တင်ပို့အားတက်နေတာပါ။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်လုပ်ကိုင်သူတွေအတွက် အခွင့်အလမ်းကောင်းလာပါတယ်''ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်အစုံ တစ်ပိဿာချင်းဈေးနှုန်းမှာ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ပင်လယ်ငါးပြေမခြောက်တစ်ပိဿာလျှင် ငွေကျပ် ၅၈၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ အာပုံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘဝနှင့်အလုပ်တွင် မှန်ကန်စွာရွေးချယ်နိုင်ရေး

**မျိုးသူ(ကုန်သွယ်မြှင့်)**

ဘဝတွင် စီးပွားရှာခြင်းသည်လည်း တစ်စိတ်တစ်ပိုင်းပါဝင်လာသည်။ သို့သော် စီးပွားရှာခြင်းသည်လည်း ဘဝကို ပြန်လည်တည်ဆောက်ပေးနေသည်ဖြစ်သည်။ လူနေမှုအဆင့်အတန်းများ မြင့်မားလာရေး၊ ချမ်းသာသူတစ်ဦး ဖြစ်လာရေးတို့သည် ဘဝအတွက်လည်း လိုအပ်ချက်များ ဖြစ်သည်။ ထို့ကြောင့် ဘဝနှင့်အလုပ်တွင် ဆုံးဖြတ်ချက်များကို မှန်ကန်စွာရွေးချယ်ချမှတ်နိုင်ရန် လိုအပ်သည်။ အချို့သော သူများသည် ဘဝတွင်အောင်မြင်နေသော်လည်း လုပ်ငန်းခွင်အတွင်းတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လေးလံတုံ့ဆိုင်းနေတတ်သည်။ တွေဝေနေတတ်သည်။ ထိုသို့သော သူများသည် ချမ်းသာကောင်း ချမ်းသာနေနိုင်သော်လည်း ဆုံးဖြတ်ချက်ချမှတ်နိုင်မှု အားနည်းခြင်းကြောင့် တိမ်ဖုံးနေသော လမင်းကဲ့သို့ သာသင့်သလောက် မသာနိုင်ဖြစ်နေသည်ဟု ဆိုချင်သည်။ ထိုအချက်များကို ကျော်လွှားနိုင်ရန်အတွက် စာရေးဆရာ Chip Health and Dan Heal တို့၏ “Decisive: How to Make Better Choices in Life and Work” စာအုပ်မှ ကောက်နှုတ်တင်ပြလိုသည်။

ဆုံးဖြတ်ချက်များချမှတ်ရာ၌ လွဲမှားနိုင်သော၊ ကျရှုံးနိုင်သော အချက်များစွာ ရှိသည့်အနက် အဓိကအချက်လေးချက်ကို ဖော်ပြလိုသည်။ ထိုအချက်လေးချက်ကို စာရေးသူက WRAP Framework ဟု ခေါ်ဆိုထားသည်။ အဆိုပါနည်းလမ်းကောင်းများကို ဖော်ပြလိုသည်-

- W = Widen Your Options. ရွေးချယ်စရာများ ချဲ့ထွင်ပါ။
- R = Reality: Test Your Assumptions. လက်တွေ့နှင့် တာဝန်ယူမှုကိုတိုက်ဆိုင်စီစစ်ပါ။
- A = Attain Distance Before Deciding. မဆုံးဖြတ်ခင် ချင့်ချိန်ပါ။
- P = Prepare to Be Wrong. မှားယွင်းနိုင်ခြေများအတွက် ကြိုတင်ပြင်ဆင်ပါ။
- W = Widen Your Options. ရွေးချယ်စရာများ ချဲ့ထွင်ပါ။

**ရွေးချယ်စရာများကို မည်ကဲ့သို့ ချဲ့ထွင်ရမည်နည်း**

ပထမဆုံးအနေဖြင့် ကြုံတွေ့လာရသည့် ပြဿနာ သို့မဟုတ် အခက်အခဲနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချရမည့်အချက်များကို တွေးတောစဉ်းစားထားရန်ဖြစ်သည်။ ဆုံးဖြတ်ချက် ကကြီး၊ ဆုံးဖြတ်ချက် ခခွေး၊ ဆုံးဖြတ်ချက် ဂငယ် ... စသဖြင့် ဆုံးဖြတ်ချက်များကို အမျိုးမျိုးစဉ်းစားထားရန်ဖြစ်သည်။ ပြဿနာ ကို လုပ်မည် သို့မဟုတ် မလုပ် Do or Don’t ဟု တစ်ခုတည်းသော ဆုံးဖြတ်ချက်မျိုးမလုပ်သေးဘဲ ပြဿနာတစ်ခုအား မေးခွန်းတစ်ခုကဲ့သို့သဘောထားပြီး အဖြေများကို တတ်နိုင်သမျှ များများစဉ်းစားပြီးမှ ရွေးချယ်မှုကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဥပမာ ငလျင်လှုပ်ပြီးနောက် ရေကြောများပြောင်းသွားသဖြင့် မူလရေတွင်းမှ ရေမထွက်သည့်အခါ ရေရရှိရေးအတွက် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ရမည်ဖြစ်သည်။ ထိုအခါ ရေတွင်းဟောင်းကို ပြန်ဖော်ခြင်း၊ ရေတွင်းအသစ်ကို နေရာပြောင်းတူးခြင်း၊ အခြားပိုင်ရှင်များထံမှ ရေပိုက်ဖြင့်ဆွဲ၍ ရေဝယ်ယူခြင်း၊ စည်ပင်မှပေးသည့်ရေကို လိုင်းဆွဲဝယ်ယူခြင်း၊ စသဖြင့် ဆုံးဖြတ်စရာများကို စဉ်းစားရသည်။ ထိုအထဲတွင် ထပ်မံခွဲထုတ်ရမည်ဆိုလျှင် ငွေကြေးသက်သာမှု၊ အချိန်ကုန်မှု၊ ကာလကြာရှည်ရေရနိုင်မှု၊ ရေချိုရေကောင်းဖြစ်မှု၊ စသည့်အချက်များပါ အသေးစိတ် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထိုကဲ့သို့ ဆုံးဖြတ်ရမည့်နည်းလမ်းများကို အမျိုးမျိုး စဉ်းစားတွေးခေါ်ပြီး မှ မည်သို့ဆောင်ရွက်မည်ဟူသော တစ်ခုတည်းသော ဆုံးဖြတ်ချက်ကို ချမှတ်ရမည်ဖြစ်သည်။ ထို့ကြောင့် ရွေးချယ်စရာများကို တတ်နိုင်သမျှ များများရွေးချယ်နိုင်စေရန် ကြိုတင်ခွဲခြမ်းစိတ်ဖြာတွေးတောရမည်။ တတ်နိုင်လျှင် လက်တွေ့ချရေးပြီး သတင်းအချက်အလက်များဖြင့် တွက်ချက်ထားရန်လည်း လိုအပ်သည်။

**R = Reality: Test Your Assumptions. လက်တွေ့နှင့် တာဝန်ယူမှုကို တိုက်ဆိုင်စီစစ်ပါ**

ဆုံးဖြတ်ချက်မချမီတွင် မိမိ၏ တွေးခေါ်ဆင်ခြင်မှုများသည် လက်တွေ့အခြေအနေနှင့် ထင်ဟပ်မှုရှိပါသလားဟု မေးကြည့်ရန်လိုအပ်သည်။ ထို့ပြင် မိမိ မှန်ကန်သည်ဟု ထင်မြင်သောအချက်များသည် လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ရာတွင် လွဲချော်နေသည်များလည်းရှိတတ်သည်။ ထို့ကြောင့် မှန်ကန်သည်ဟု မိမိကယူဆသည့်တိုင်အောင် လက်တွေ့နှင့်ကွဲလွဲမှုများ ရှိတတ်သည့်အပြင် မှန်ကန်သည်ဟု ထင်မြင်ယူဆမှုများသည် လွဲမှားစေသည့် အထင်အမြင်လွဲမှားမှုမျိုး ပါဝင်နေတတ်သည်။ မဆုံးဖြတ်မီကပင် သေချာနေသောဘက်လိုက်တွေးတောမှု (Confirmation Bias) အသေချမှတ် ထားသောစိတ်ကြောင့် ဘက်လိုက်တွေးတောမှု၊ (Anchoring Bias) ယုံကြည်မှုလွန်ကဲမှုကြောင့်ဖြစ်ပေါ်သော ဘက်လိုက်စဉ်းစားမှု Overconfident Bias စသည့်ဘက်လိုက်မှုများသည် ကိုယ်ကမှန်ကန် သည်ဟု ထင်မြင်မှုများကိုဖြစ်စေပြီး ဆုံးဖြတ်ချက်ကိုလည်း မှားယွင်းစေသည်။ အထင်အမြင်မှားယွင်းမှုနှင့် ပတ်သက်၍ စိတ်အတွင်းတွင် ဖြစ်ပေါ်နေသည်ကိုမသိလိုက်ပဲ မှန်သည်ထင်၍ ဆုံးဖြတ်ခြင်းမျိုးသည် မကြာခဏ ဖြစ်ပေါ်နိုင်သဖြင့် မဆုံးဖြတ်မီ လက်တွေ့အခြေအနေကိုသေချာစွာလေ့လာရန် အထူးလိုအပ်သည်။ ထို့ကြောင့် စမ်းသပ်မှုအသေးများကို လုပ်ဆောင်ကြည့်သင့်သည်။ အချို့သော ကြီးမားသည့်စီမံကိန်း ကြီးများတွင် Pilot Project ဟူသော အသေးစားစီမံကိန်းလေးများကို အကြိုဆောင်ရွက်ကြည့်ပြီး အားသာချက်၊ အားနည်းချက်များကို လေ့လာဆန်းစစ်၍ စီမံကိန်းကြီးများကို အမှားအယွင်းနည်းအောင် ဆုံးဖြတ်တတ်ကြခြင်းဖြစ်သည်။ ကျွမ်းကျင်သူများနှင့်လည်း မိမိဆုံးဖြတ်မည့်အချက်များ၊ တွေးတောစဉ်းစားသည့်အချက်များကို တိုင်ပင်သင့်သည်။ ထို့ပြင် ဆုံးဖြတ်ရမည့်ကိစ္စနှင့်ပတ်သက်၍ အခြားတစ်ဖက်ခြမ်း၏အမြင်ကိုလည်း ကြည့်ရမည်ဖြစ်သည်။ ဆုံးဖြတ်မည့်သူများသည် မိမိဆုံးဖြတ်ချက်ကို မှန်ကန်သည်ဟု ယူဆထားတတ်သဖြင့် ဖြစ်ပေါ်လာမည့် အခြေအနေအားလုံးကို ကောင်းသည့်ဘက်မှသာ ကြည့်တတ်ကြသည်။ ထို့ကြောင့် အခြားတစ်ဖက်မှ အမြင်ကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ အဆိုး ဆုံးဖြစ်နိုင်ချေကိုလည်း ထည့်သွင်းတွက်ဆထားရမည်ဖြစ်သည်။

> **❖ ဘဝနှင့်အလုပ်တွင် ဆုံးဖြတ်ချက်များကို မှန်ကန်စွာရွေးချယ်ချမှတ်နိုင်ရန် လိုအပ်သည်။ အချို့သောသူများသည် ဘဝတွင် အောင်မြင်နေသော်လည်း လုပ်ငန်းခွင်အတွင်းတွင် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လေးလံတုံ့ဆိုင်းနေတတ်သည်။ တွေဝေနေတတ်သည်။ ထိုသို့သောသူများသည် ချမ်းသာကောင်း ချမ်းသာနေနိုင်သော်လည်း ဆုံးဖြတ်ချက်ချမှတ်နိုင်မှု အားနည်းခြင်းကြောင့် တိမ်ဖုံးနေသော လမင်းကဲ့သို့သာ သင့်သလောက် မသာနိုင်ဖြစ်နေသည်ဟု ဆိုချင်သည်။❖**

**A = Attain Distance Before Deciding. မဆုံးဖြတ်ခင် ချင့်ချိန်ပါ**

တတိယအဆင့်အနေဖြင့် ချက်ချင်းဆုံးဖြတ်ချက်ချခြင်းကိုရှောင်ပါဟု ဆိုသည်။ သို့ရာတွင် ဆုံးဖြတ်တိုင်း တွေဝေနေခြင်းမျိုးမဖြစ်အောင်လည်း သတိထားရမည်ဖြစ်သည်။ လိုအပ်သော အချိန်တစ်ခုယူ၍ ဆုံးဖြတ်ရမည်ဖြစ်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် ၁၀/၁၀/၁၀ နည်းလမ်းကို သုံးသင့်သည်ဟု ဆိုသည်။ မိမိဆုံးဖြတ်ချက်သည် နောက် ၁၀ မိနစ်အကြာတွင် မည်သို့ဖြစ်နိုင်သည်၊ ၁၀ ရက်အကြာတွင် မည်သို့ဖြစ်နိုင်သည်၊ ၁၀ လအကြာတွင် မည်သို့ဖြစ်နိုင်သည်၊ ၁၀ နှစ်အကြာတွင် မည်သို့ဖြစ်နိုင်သည်တို့ကို တွေးတောစဉ်းစားထားခြင်းဖြင့် မဆုံးဖြတ်ခင် ချင့်ချိန်ခြင်းကို လုပ်ကိုင်သင့်သည်။ လောလော လောလောဖြင့် ဆုံးဖြတ်တတ်သည့် စိတ်ခံစားချက်များဖြစ်ပေါ်ခြင်းကိုလျော့ကျစေပြီး ဆုံးဖြတ်မည့်သူကို တည်ငြိမ်စေသည်။ အခြားသူတစ်ဦး သို့မဟုတ် လုပ်ငန်းတူပြိုင်ဘက်တစ်ဦး၏ အမြင်မှမြင်မည့် အချက်ကိုလည်းကောင်း၊ ဘောလုံးအသင်းနှစ်သင်း ကန်ချိန်တွင် တစ်ဖက်အသင်း၏ အမြင်၊ ဒိုင်လူကြီးများ၏ အမြင်၊ နည်းပြ၏အမြင်နှင့် ပရိသတ်၏အမြင်တို့သည် မတူညီကွဲပြားတတ်သည်။ ထိုအချိန်မျိုးတွင် နည်းပြသည် ဆုံးဖြတ်သူဖြစ်သည်။ ကွင်းထဲတွင် ဘောလုံးကန်နေသည့်အသင်းသားများမှာ အခြားသူ၏အမြင်ကို မကန်ခင်ကသာ စဉ်းစားနိုင်သဖြင့် နည်းပြနှင့် တစ်သင်းလုံးသည် အခြားအသင်းနှင့် အခြားသောသူများ၏အမြင် Point of View ကို ကြိုတင်စဉ်းစားရမည်ဖြစ်သည်။ Out of Box Theory အပြင်ကို ထွက်ကြည့်ပါဆိုသော အယူအဆကဲ့သို့ မိမိ ကြည့်နေကြရှုထောင့်၊ တွေးနေကြအတွေး စသည်တို့က ခွဲထွက်ပြီး မိမိ၏နေရာ၊ သက်သာသောနေရာ (Comfort Zone)မှထွက်၍ ကြည့်ရမည်၊ စဉ်းစားရမည်၊ တွေးခေါ်စဉ်းစားရမည်ဟုဆိုခြင်း ဖြစ်သည်။ မိမိ သူငယ်ချင်းအနေဖြင့် မိမိကြုံနေရသည့် အခက်အခဲမျိုးကြုံနေလျှင် မိမိကမည်သို့ကူညီမည်လဲ၊ မိမိက မည်သို့ ထင်မြင်မိမည်လဲဆိုသည်ကို တွေးကြည့်ရမည်ဖြစ်သည်။ ဆုံးဖြတ်ပြီး အချိန်တစ်ခုတွင် မိမိ ဆုံးဖြတ်ချက်ကြောင့် မည်သို့ဖြစ်သွားမည်ကို ကြိုတင်စဉ်းစားထားရန် လိုအပ်သည်။

**P = Prepare to Be Wrong. မှားယွင်းနိုင်ခြေများအတွက် ကြိုတင်ပြင်ဆင်ပါ**

မှားယွင်းနိုင်သည့်အချက်များကို ကြိုတင်တွေးတောပြီး အဆိုပါ အခြေအနေများကို ရှောင်လွဲမည်လား၊ ရင်ဆိုင်မည်လား၊ မည်သို့ရင်ဆိုင်မည်လဲ စသဖြင့် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ အကောင်းမြင်ခြင်းသည် ကောင်းသော်လည်း ဆုံးဖြတ်ချက်ချမှတ်ရာတွင် လွန်လွန်ကဲကဲ အကောင်းမြင်ခြင်းကို ရှောင်ရှားသင့်သည်။ ဤနေရာတွင် Premortem ဟူသော နည်းလမ်းကို အသုံးပြုသင့်သည်။ လုပ်ငန်းငယ်များ၏ အများစုသည် တည်ထောင်ပြီး ငါးနှစ်အတွင်းတွင် ရပ်ဆိုင်းလိုက်ကြရသည်ဟု အသေးစားအလတ်စားလုပ်ငန်းများနှင့် ပတ်သက်၍ လေ့လာသူများက ဆိုကြသည်။ လုပ်ငန်းကြီးသည် ဖြစ်စေ၊ လုပ်ငန်းငယ်ဖြစ်စေ မှားယွင်းနိုင်ခြေများကို ကြိုတင်စဉ်းစားသုံးသပ်ပြီး အမှားအယွင်းကင်းအောင် ဆုံးဖြတ်ရမည်ဖြစ်သည်။

**Premortem ကြိုတင်သုံးသပ်ခြင်းနည်းလမ်း**

ဤနည်းလမ်းကို ကြိုတင်သုံးသပ်ခြင်းနည်းလမ်းဟု ခေါ်နိုင်သည်။ ဆုံးဖြတ်ချက်တစ်ခုမချမီ သို့မဟုတ် စီမံကိန်းတစ်ခု မစတင်မီတွင် "အကယ်၍ ဤ ဆုံးဖြတ်ချက် သို့မဟုတ် စီမံကိန်းသည် ကျဆုံးခဲ့လျှင် ဘာကြောင့်ဖြစ်နိုင်သလဲ"ဟု ကြိုတင်စဉ်းစားသုံးသပ်သည့် နည်းလမ်းတစ်ခုဖြစ်သည်။ အဖွဲ့အစည်း သို့မဟုတ် ဒါရိုက်တာအဖွဲ့ သို့မဟုတ် ဝန်ထမ်းများအားလုံးကို စုစည်းပြီး အစည်းအဝေးတစ်ခုကျင်းပကာ ဆုံးဖြတ်ချက်ချမည့် ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အောင်မြင်ခြင်းမရှိဘဲ ကျရှုံးသွားပြီဟုယူဆပြီး ဘာကြောင့်ကျရှုံးရသည်ကို သုံးသပ်စေခြင်းဖြစ်သည်။ တစ်ဦးချင်းစီက သုံးသပ်ပြပြီး အကြောင်းပြချက်များကို စဉ်းစားကြခြင်းမျိုးဖြစ်သည်။ ဥပမာအားဖြင့် "ဈေးကွက်ထဲမှာ ပြိုင်ဘက်အသစ်များပေါ်လာ၍၊ ကုန်ကျစရိတ်များသည် မျှော်မှန်းထားသည်ထက် ပိုမိုများပြား၍ အရည်အသွေးပိုင်းတွင် ပြဿနာရှိ၍၊ ဖောက်သည်များ စိတ်ကျေနပ်မှု မရှိ၍" စသဖြင့် ထွက်ပေါ်လာသော သုံးသပ်ချက်များကို စုစည်းရမည်။ ထိုအကြောင်းတရားများမှ ဖြစ်ပေါ်လာမည့် မကောင်းသောအကျိုးများ မဖြစ်လာစေရန် မည်သို့ဆောင်ရွက်သင့်သည်ကို ထပ်မံသုံးသပ်စဉ်းစားစေပြီး အဖြေရှာခြင်းဖြစ်သည်။ ကာကွယ်မှုကို မည်သို့ဆောင်ရွက်မည်ကိုလည်း အတူတကွ ပူးပေါင်းရှာဖွေရမည်ဖြစ်သည်။

ထိုသို့စဉ်းစားခြင်းဖြင့် အကောင်းမြင်လွန်းခြင်းကို လျှော့ချနိုင်ပြီး လက်တွေ့ဖြစ်လာနိုင်သည့် အခြေအနေနှင့် အနီးဆုံးကို စဉ်းစားသုံးသပ်နိုင်သဖြင့် ဆုံးဖြတ်ချက်ကို အကောင်းဆုံးချမှတ်နိုင်မည်ဖြစ်သည်။ ဆုံးဖြတ်ချက်များကို ချမှတ်သည့်အခါ အကောင်းဆုံးစဉ်းစားပြီး အကောင်းဆုံးရလဒ်များသာ ရရှိမည်ဟု အလွန်အကြူးအကောင်းမြင်ခြင်းမျိုး ဖြစ်တတ်သည်။ ထိုအချက်ကို လျှော့ချပြီး အမှန်နှင့်နီးစပ်သည့်အခြေအနေကို စဉ်းစား၍ ဆုံးဖြတ်စေခြင်းဖြစ်သည်။ ထိုသို့ စုပေါင်းစဉ်းစားခြင်းဖြင့် အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်သည့်အခြေအနေကို ဖြစ်ပေါ်စေသကဲ့သို့ မထင်မှတ်ထားသော အန္တရာယ်များကိုလည်း ဖော်ထုတ်နိုင်မည်ဖြစ်သည်။ မတူညီသော ရှုထောင့်မှအမြင်များကို ရရှိသဖြင့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ကို ရရှိစေသည်။ ထို့ပြင် ဆုံးဖြတ်ချက်များလည်း ပိုမိုခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။ ဤနည်းလမ်းကို လုပ်ငန်းခွင်တွင်သာမကဘဲ ကိုယ်ရေးကိုယ်တာကိစ္စများနှင့်ဘဝအတွက် အရေးကြီးသည့်ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင်လည်း သုံးစွဲနိုင်သည်။ သို့ဖြစ်၍ ထိရောက်ထက်မြက်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ပြီး မှန်ကန်သော လမ်းကြောင်းကို ရွေးချယ်နိုင်ခြင်းဖြင့် ဘဝတွင် အောင်မြင်သူများ ဖြစ်ပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **Chip Health and Dan Heal တို့၏ “Decisive: How to Make Better Choices in Life and Work”**

## ၂၀၂၅ ခုနှစ် ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေး၊

၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့်စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊

၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ရေး၊

၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရတနာမြန်မာ

- တောတောင်မြေ ပိုင်ဆိုင်ရှိ
မြင့်မြတ်ဘိ တို့မြန်မာ၊
ရတနာ ကျောက်မျက်များ
ထွန်းကားချမ်းသာ၊
တွင်းထွက်နှင့်ဓာတ်ငွေ့မှာ
ပြည့်ဘဏ္ဍာ ပေါကြွယ်ဝ၊
မြစ်ချောင်းအင်း ပင်လယ်ကမ်းရယ်
အေးချမ်းထာဝရ။

- စိမ်းစိုစို သစ်တောတို့
မှိုင်းညို့ညို့ လှပသည်၊
ရွှေပြည်တော် ကေန်ဖြစ်
တို့ချစ်သောပြည်၊
မြတ်နိုးလျက် ထိန်းသိမ်းမည်
ရေရှည်တည် ခိုင်မြဲရေး၊
တို့ပိုင်မြေ အလှတရားကို
တန်ဖိုးထားပေး။

- စည်းလုံးညီ လက်ချင်းတွဲ
တို့ရင်ထဲ သွေးချင်းနွှယ်၊
ရွှေမြန်မာ တိုးတက်လမ်း
ကြိုးပမ်းကြမယ်၊
အနာဂတ် မြန်ပြည်ဝယ်
အေးချမ်းဖွယ် ဖြစ်စေသား၊
ရိုးရာယဉ်ကျေးမှုနဲ့
ရှေးရှုလေ ဘာသာရေးကို
အားပေးအစဉ် နှလုံးသွင်းလို့
ကောင်းခြင်းဖွံ့ထွား။ ။

**မောင်စစ်သွေး**

## ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်းဧက ၁၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ဒီပဲယင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ဧက ၁၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၁၃၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၁၂၀၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၃၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ပဲတီစိမ်း ၂၁၃၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၁၂၀၀ ရိတ်သိမ်း ပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်း စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ပဲတီစိမ်း စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းယန်း စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသက်လင်းထွန်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်ကုမ္ပဏီမှ တာဝန်ရှိသူများက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ စိမ့်စမ်းရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းလွေကျေးရွာ၌ အရှည်ပေ နှစ်မိုင်ရှိ စိမ့်စမ်းရေ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်သည့် John Shal ကုမ္ပဏီက ယခုဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၇၀ ဒသမ ၁၁၁ သန်းဖြင့် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးဖြစ်ကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

## တောင်တွင်းကြီးမြို့နယ် ချိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချိုင်းကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်က ချိုင်းကျေးရွာ၌ အဌမအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ချိုင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊အသင်းသူ ၁၁၉ ဦးကို ရန်ပုံငွေကျပ် ၄၅၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

**နွဲ့ယဉ်**

## နိုင်ငံတကာ သတင်းများ

# ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံ တစ်နိုင်ငံအဖြစ် ပေါ်တူဂီကြေညာမည်

**လစ္စဘွန်း စက်တင်ဘာ ၂၀**

ပါလက်စတိုင်း ဒေသကို လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် စက်တင်ဘာ ၂၁ ရက်တွင် တရားဝင်ကြေညာရန် ပေါ်တူဂီအစိုးရက စီစဉ်ထားသည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုကြောင်း ကြေညာချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံ ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေးပွဲ မတိုင်မီ စက်တင်ဘာ ၂၁ ရက်တွင် ထုတ်ပြန်ရန် စီစဉ်ထားကြောင်း ပေါ်တူဂီနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပေါ်တူဂီ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော စပိန်နိုင်ငံသည် အိုက်စလန်နိုင်ငံ၊ နော်ဝေနိုင်ငံတို့နှင့်အတူ ၂၀၂၄ ခုနှစ် မေလကပင် ပါလက်စတိုင်းကို လွတ်လပ်သည့် နိုင်ငံအဖြစ် အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံအနက် အနည်းငယ်မျှတို့ကသာ ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုထားကြသည်။

ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ပါလက်စတိုင်းကို လေ့လာသူအဖွဲ့အစည်းအဖြစ်မှသည် ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော လေ့လာသူနိုင်ငံအဆင့်သို့ မြှင့်တင်၍ ပါလက်စတိုင်းအချုပ်အခြာအာဏာပိုင်စိုးမှုကို လက်ခံအတည်ပြုပေးထားပြီးဖြစ်သည်။

လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံ ကမ္ဘာ့ခေါင်းဆောင်များ ဆွေးနွေးပွဲတွင် ပြင်သစ်နှင့် ဗြိတိန်အပါအဝင် နိုင်ငံအတော်များများက ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အတည်ပြုကြေညာရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့ ဖုန်းခေါ်ဆိုဆွေးနွေး



**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် စက်တင်ဘာ ၁၉ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့အတွက် သုံးလတာကာလအတွင်း ပြုလုပ်ခဲ့သည့် ပထမဆုံး ဖုန်းခေါ်ဆိုဆွေးနွေးပွဲဖြစ်သည်။

စက်တင်ဘာ ၁၉ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် မိမိနှင့် တရုတ်သမ္မတတို့အနေဖြင့် tiktok ကိစ္စသဘောတူညီချက် ရရှိရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ယူကရိန်းပဋိပက္ခပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ယင်းအပြင် အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့သည် တောင်ကိုရီးယားနိုင်ငံ၌ လူချင်းတွေ့ဆုံဆွေးနွေးရန်လည်း သဘောတူထားကြောင်း သိရသည်။

တရုတ်သမ္မတနှင့် အမေရိကန်သမ္မတတို့သည် တောင်ကိုရီးယားနိုင်ငံ ယောင်ဂျူးမြို့၌ အောက်တိုဘာ ၃၁ ရက်တွင် စတင်ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အေပက် (APEC)ထိပ်သီးညီလာခံကာလ၌ သီးခြားတွေ့ဆုံမည်ဖြစ်သည်။

ယင်းအပြင် မိမိအနေဖြင့် လာမည့်နှစ်စပိုင်းတွင် တရုတ်နိုင်ငံသို့ သွားရောက်မည်ဖြစ်ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်သည်လည်း အမေရိကန်နိုင်ငံသို့ လာရောက်လိမ့်မည် ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : KKO**

# ဟောင်ကောင် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးတစ်လုံး တွေ့ရှိ

**ပေကျင်း စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံ ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ ဒုတိယကမ္ဘာစစ်လက်ကျန် ဗုံးတစ်လုံး ရှာဖွေတွေ့ရှိခဲ့ပြီးနောက် အနီးဝန်းကျင်ရှိ ပြည်သူရာပေါင်းများစွာကို တရုတ်တာဝန်ရှိသူများက ဘေးလွတ်ရာသို့ စက်တင်ဘာ ၁၉ ရက်တွင် ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးမှာ ကိုယ်ထည်အလျား ၁ ဒသမ ၅ မီတာနှင့် အလေးချိန်ပေါင် ၁၀၀၀ရှိသည့် အမေရိကန်ထုတ်ဗုံးတစ်လုံး ဖြစ်ကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

၎င်းဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးကို ကွာရီဘေးရပ်ကွက်ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခု၌ အလုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးကို ကျွမ်းကျင်သူများ ရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီးနေထိုင်သူ ဦးရေ ၆၀၀၀ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဟောင်ကောင်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါဗုံးကို စနက်တံဖြုတ်ရှင်းလင်းရေးအတွက် ကျွမ်းကျင်သူများက ညလုံးပေါက်ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

ဟောင်ကောင်သည် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များ သိမ်းပိုက်ထားခဲ့သည့်နေရာဖြစ်ရာ အမေရိကန်နိုင်ငံနှင့် မဟာမိတ်တို့၏ လေကြောင်း တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရဖူးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲဆုံးဖြတ်

**နယူးယောက် စက်တင်ဘာ ၂၀**




နျူကလီးယားအစီအစဉ် ပြန်လည်စတင်ရန် ကြိုးပမ်းမှုအတွက် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက စက်တင်ဘာ ၁၉ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဂျာမနီ၊ ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့၏ ဖိအားပေးတောင်းဆိုချက်အရ အီရန်နိုင်ငံအပေါ်အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် နျူကလီးယားသဘောတူညီချက်ပါ ကတိကဝတ်များကို ချိုးဖောက်ခဲ့ကြောင်း ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က စွပ်စွဲထားသည်။

အဆိုပါ ဥရောပနိုင်ငံ သုံးနိုင်ငံသည် ၂၀၁၅ ခုနှစ်အတွင်း အီရန်နှင့် နျူကလီးယားသဘောတူညီချက်လက်မှတ် ရေးထိုးခဲ့သော ကမ္ဘာ့အင်အားကြီးနိုင်ငံ ခြောက်နိုင်ငံထဲ၌ ပါဝင်ခဲ့သည့်နိုင်ငံများ ဖြစ်ကြသည်။

သို့ရာတွင် အီရန်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက မဲခွဲဆုံးဖြတ်ခဲ့မှုကို နိုင်ငံရေးအရ ဗိုလ်ကျဖိနှိပ်မှုအဖြစ် ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးက ဝေဖန်ထားသည်။

စက်တင်ဘာ ၁၉ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲပွဲ၌ အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ပြန်လည်ချမှတ်ရေးအဆိုကို အယ်လ်ဂျီးရီးယား၊ တရုတ်၊ ပါကစ္စတန်နှင့် ရုရှားနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ပြီး ကျန်အဖွဲ့ဝင်နိုင်ငံများက ထောက်ခံမဲများပေးခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် မိုက်ကယ်ဝေါ့ဇ်ကို အထက်လွှတ်တော်အတည်ပြု

**ဝါရှင်တန် စက်တင်ဘာ ၂၀**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် သမ္မတဒေါ်နယ်ထရမ့်က အမည်စာရင်းပေးသွင်းထားသော အမျိုးသားလုံခြုံရေး အကြံပေးဟောင်း မိုက်ကယ်ဝေါ့ဇ်ကို အမေရိကန်အထက်လွှတ်တော်က စက်တင်ဘာ ၁၉ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း သိရသည်။

မိုက်ကယ်ဝေါ့ဇ်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အတည်ပြုရေးအတွက် အမေရိကန်အထက်လွှတ်တော်က စက်တင်ဘာ ၁၉ ရက်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၄၇ မဲ၊ ကန့်ကွက်မဲ ၄၃ မဲဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် မိုက်ကယ်ဝေါ့ဇ်ကို အမျိုးသားလုံခြုံရေးအကြံပေးနေရာမှဖယ်ရှားခဲ့ပြီးနောက် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီးအဖြစ် အမည်စာရင်း တင်သွင်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မိုက်ကယ်ဝေါ့ဇ်ကို အမျိုးသားလုံခြုံရေး အကြံပေးနေရာမှဖယ်ရှားခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုကို ယာယီအမျိုးသား လုံခြုံရေးအကြံပေးအဖြစ် တွဲဖက်တာဝန်ပေးထားသည်။

သမ္မတဒေါ်နယ်ထရမ့် အမေရိကန်သမ္မတရာထူး စတင်ရယူခဲ့သည့် ယခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ လက်ရှိအထိ အမေရိကန်အစိုးရအနေဖြင့် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးကို ခန့်အပ်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

အမေရိကန် အထက်လွှတ်တော်သည် ကုလသမဂ္ဂ အထွေထွေညီလာခံ ကမ္ဘာ့ခေါင်းဆောင်များ အစည်းအဝေး မကျင်းပမီမှာပင် မိုက်ကယ်ဝေါ့ဇ်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ၁၇ နှစ်တာကာလအတွင်း နေမျက်နှာပြင်လှုပ်ရှားမှုများ ပိုမိုမြင့်မားလာမှုကို တွေ့ရ



**ဝါရှင်တန် စက်တင်ဘာ ၂၀**

ပြီးခဲ့သည့် ၁၇ နှစ်တာ ကာလအတွင်း နေမျက်နှာပြင်လှုပ်ရှားမှုများ ပိုမိုမြင့်မားလာမှုကိုတွေ့ရကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

နာဆာ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေမျက်နှာပြင်လှုပ်ရှားမှုများသည် နှစ်ပေါင်းများစွာကျဆင်းခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်မှစ၍ ပြန်လည်မြင့်တက်လာကြောင်း သိရသည်။

ကာလကြာမြင့်သည့်မျက်နှာပြင်လှုပ်ရှားမှု ကျဆင်းမှုကာလအတွင်းသို့ နေဝင်ရောက်နေကြောင်း လက္ခဏာအားလုံးက ပြသနေသော်လည်း နေမျက်နှာပြင်လှုပ်ရှားမှု မြင့်မားနေခြင်းမှာ အံ့အားသင့်ဖွယ် ဖြစ်နေကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအခြေအနေအရ နေသည် တဖြည်းဖြည်းပြန်လည်နိုးထလာပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နေမျက်နှာပြင်လှုပ်ရှားမှုမြင့်တက်လာခြင်းသည် အာကာသရာသီဥတုနှင့် ကမ္ဘာပေါ်ရှိ နည်းပညာများအပေါ် ဆိုးကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း သိရသည်။

အာကာသရာသီဥတုပုံစံများသည် အာကာသယာဉ်များနှင့် အာကာသ ယာဉ်မှူးများအပေါ် တိုက်ရိုက် အကျိုးသက်ရောက်မှုရှိပြီး ကမ္ဘာပေါ်ရှိ ဓာတ်အားလိုင်းစနစ်များ၊ ဂျီပီအက်စနစ်များနှင့် ရေဒီယိုဆက်သွယ်ရေးစနစ်များအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်ပေါ်ရှိ ဘူမိလက္ခဏာများအတွက် တရားဝင်အမည်များကို နိုင်ငံတကာနက္ခတ္တရူပဗေဒသမဂ္ဂက အတည်ပြုခဲ့


**ဝါရှင်တန် စက်တင်ဘာ ၂၀**

ဒေါ်နယ်ဂျိုဟန်ဆင်အမည်ရှိ ဂြိုဟ်သိမ်ပေါ်ရှိဘူမိလက္ခဏာများအတွက် တရားဝင်အမည်များကို နိုင်ငံတကာနက္ခတ္တရူပဗေဒသမဂ္ဂက အတည်ပြုခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက်သတင်းများတွင် ရေးသားတင်ပြထားသည်။

ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်သည် ယခုနှစ် ဧပြီ ၂၀ ရက်တွင် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လူစီအာကာသယာဉ် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ဂျိုဟန်ဆင်ဂြိုဟ်သိမ်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေ၌တည်ရှိသော ဂြိုဟ်သိမ်တစ်စင်းဖြစ်သည်။

အဆိုပါဂြိုဟ်သိမ်ကို လူစီအာကာသယာဉ် အနီးကပ်ဖြတ်ကျော်ခဲ့ပြီး နာဆာသိပ္ပံပညာရှင်များက ၎င်းဂြိုဟ်သိမ်ပေါ်သည် ဘူမိသွင်ပြင်များအတွက် အမည်များသတ်မှတ်ခဲ့ပြီး နိုင်ငံတကာနက္ခတ္တရူပဗေဒသမဂ္ဂသို့ တင်သွင်းထားခြင်းဖြစ်သည်။




အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အဖွဲ့သည် ကြာသပတေးဂြိုဟ် နေပတ်လမ်းပေါ်ရှိ ထရိုဂျင်ဂြိုဟ်သိမ်များခေါ် ထူးဆန်းသည့်ဂြိုဟ်သိမ်များကို လေ့လာရေးအတွက် လူစီအာကာသယာဉ်ကို ၂၀၂၁ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် ၂၀၂၇ ခုနှစ် ဩဂုတ်လတွင် ယူရီဘားတက်စ်အမည်ရှိ ထရိုဂျင်ဂြိုဟ်သိမ်ဆီသို့ စတင်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ပီရူးသိပ္ပံပညာရှင်များက လင်းပိုင်နှင့်အလားတူသည့် ရှေးခေတ်ရေနေသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိ

**လီမာ စက်တင်ဘာ ၂၀**

ပီရူးနိုင်ငံမှ သိပ္ပံပညာရှင်များသည် လင်းပိုင်နှင့်အလားတူသည့် ရှေးခေတ်ရေနေသတ္တဝါတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို တူးဖော်တွေ့ရှိထားကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အဆိုပါ ရေနေသက်ရှိ၏ ကျောက်ဖြစ်ရုပ်ကြွင်းကို လီမာမြို့တော်၏တောင်ဘက် အိုကူကာဂျီကန္တာရဒေသ၌ တူးဖော်တွေ့ရှိခဲ့ကြခြင်းဖြစ်သည်။

အဆိုပါရေနေသက်ရှိ ကျောက်ဖြစ်ရုပ်ကြွင်း၏သက်တမ်းမှာ နှစ်ပေါင်း ရှစ်သန်းနှင့် ၁၂ သန်းကြား ထိရှိကြောင်း ပီရူးသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိခဲ့သော အိုကူကာဂျီကန္တာရဒေသသည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၅ သန်းက ပင်လယ်ရေပြင်တစ်ခု ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းကို လေ့လာခြင်းဖြင့် ပီရူးကမ်းရိုးတန်းများ မည်သို့ပြောင်းလဲခဲ့သည်ကို ဖော်ထုတ်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ပီရူးနိုင်ငံ၏ သဲကန္တာရများသည် ရှေးခေတ်ရေနေသက်ရှိများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ကြွယ်ဝသည့် ဒေသဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ဟော်မုန်းအစားထိုးကုထုံးက အမျိုးသမီးများကို အယ်ဇိုင်းမားရောဂါမှ ကာကွယ်ပေးနိုင်

**ဒေလီ စက်တင်ဘာ ၂၀**

အချိန်ကိုက် အသုံးပြုခဲ့ပါက ဟော်မုန်းအစားထိုးကုထုံး(HRP) များသည် အမျိုးသမီးများကို အယ်ဇိုင်းမားရောဂါမှ ကာကွယ်ပေးနိုင်ကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အိန္ဒိယ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများအနေဖြင့် ဓမ္မတာရာသီကုန်ဆုံးပြီး ငါးနှစ်အတွင်း ဟော်မုန်းအစားထိုးကုထုံး ရယူခဲ့ပါက အယ်ဇိုင်းမားရောဂါဖြစ်ပွားနိုင်ခြေကို ၃၂ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဓမ္မတာရာသီကုန်ဆုံးပြီးဖြစ်သည့် အမျိုးသမီးများအနေဖြင့် အသက် ၆၅ နှစ်ထိတိုင် ဟော်မုန်းအစားထိုးကုထုံးရယူမှုမရှိခဲ့ပါက အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုနိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဓမ္မတာရာသီကုန်ဆုံးပြီးဖြစ်သည့် အမျိုးသမီးများအနေဖြင့် ဟော်မုန်းအစားထိုးကုထုံးကို စောနိုင်သမျှ စောစောရယူခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို ထိန်းထားနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ဓမ္မတာရာသီကုန်ဆုံးချိန်တွင် အမျိုးသမီးများ၌ သဘာဝအက်စထရိုဂျင်ဟော်မုန်းအဆင့် ကျဆင်းသွားတတ်ပြီး နောက်ဆက်တွဲကျန်းမာရေးပြဿနာများပေါ်လာတတ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ဆံပင်နမူနာများကို စစ်ဆေးခြင်းဖြင့် ကလေးများ၌ စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိ

**အော့တဝါ စက်တင်ဘာ ၂၀**

ဆံပင်နမူနာများကို စစ်ဆေးခြင်းဖြင့် ကလေးများ၌ စိတ်ကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ကြိုတင်ခန့်မှန်းနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

ကနေဒါသုတေသနပညာရှင်များသည် နာတာရှည်ရောဂါများရှိနေသောကလေးများ၏ ကော်တီဆောဟော်မုန်းအဆင့်ကို ဆံပင်နမူနာများသုံး၍ တိုင်းတာစစ်ဆေးခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အထက်ပါကလေးလူနာများအနက် သုံးပုံနှစ်ပုံကျော်တို့တွင် ကောတီဆောဟော်မုန်းထွက်ပေါ်မှုအဆင့် ပုံမှန်ထက်မြင့်မားနေသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ ကော်တီဆောဟော်မုန်းပေါ်ထွက်မှုအဆင့် ပုံမှန်ထက် မြင့်တက်နေသောကလေးများ၌ စိတ်ကျဝေဒနာကဲ့သို့ စိတ်ကျန်းမာရေးလက္ခဏာများ ပေါ်ထွက်နိုင်ခြေလည်း မြင့်မားနေတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဆီးချိုနှင့် အရိုးအဆစ်ရောင်ရောဂါကဲ့သို့ နာတာရှည်ရောဂါများခံစားနေရသည့် ကလေးများတွင် စိတ်ကျန်းမာရေး ပြဿနာများကဲ့သို့ နောက်ဆက်တွဲကျန်းမာရေးပြဿနာများရှိလာတတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်ကစားသမားဟောင်း ဘိုတန် ကစားသမားဘဝမှ အနားယူကြောင်းကြေညာ

**မြူးနစ် စက်တင်ဘာ ၂၀**

ဘိုင်ယန်မြူးနစ် အသင်းမှ သြစတြီးယားကလပ် လက်လင့်ဖ် အသင်းသို့ ပြောင်းရွှေ့သွားခဲ့သည့် ခံစစ်ကစားသမား ဘိုတန်သည် ကစားသမားဘဝမှ အနားယူမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ ခဲ့သည်။

ဘိုတန်သည် ဘိုင်ယန်မြူးနစ် အသင်းနှင့် ပြိုင်ပွဲစုံပွဲပေါင်း ၃၆၃ ပွဲ ပါဝင်ကစားခဲ့ရာ အသင်းနှင့်အတူ ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ကာ ကစားသမားဘဝ အောင်မြင်မှု ရရှိခဲ့သည့်အပြင် ဂျာမနီအသင်း တွင်လည်း ဆယ်စုနှစ် နှစ်ခုကြာ ပါဝင်ကစားခဲ့ရာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ၂၀၂၄ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ အလွတ် ပြောင်းရွှေ့သွားပြီးနောက် ပြီးခဲ့ သည့်ဘောလုံးရာသီက လက်လင့်ဖ် အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်း တွင် ပုံစံကောင်းရရှိရန် ခက်ခဲလာ ခဲ့ကာ ယခုနှစ် ဘောလုံးရာသီ အစပိုင်းပွဲစဉ် သုံးပွဲထိ ပါဝင်ကစား ပြီးနောက် အသင်းနှင့် နှစ်ဖက် သဘောတူစာချုပ်ဖျက်သိမ်းခဲ့သည်။

ဘိုတန်သည် စာချုပ်ဖျက်သိမ်း ပြီး ၁၃ ရက်ကြာတွင် ကစားသမား ဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ပြီး အသက် ၃၇ နှစ်အရွယ်ဖြင့် ကစား သမားဘဝမှ တရားဝင်အနားယူခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Daily mail
Trs : ML



## အားကစားသတင်းအတိုအထွာများ

- အမေရိကန် မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းက အသက် ၂၇ နှစ်ရှိ ဂိုးသမား မက်ဖရီးစီး၏ လက်စွမ်းပိုင်းကို ယုံကြည်နေသောကြောင့် နောက်ထပ်စာချုပ်သက်တမ်း ငါးနှစ် တိုးခဲ့ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။
- ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ဂါဗီသည် ဒူးဒဏ်ရာခွဲစိတ်ကုသမှု ခံယူရန်စောင့်ဆိုင်းနေချိန်တွင် ဒဏ်ရာ တိုးတက်မှုရှိလာသောကြောင့် ခွဲစိတ်မှု ခံယူမည်မဟုတ် ကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- မန်ယူအသင်းကစားသမားဟောင်း ဘရိုင်ယန်ရော့ဆင်က နည်းပြအာမိုရင်၏ မန်ယူအသင်း နည်းပြဘဝအစ ရလဒ်ပိုင်း ဆိုးရွားနေမှုကို ဆက်လက်ထောက်ခံ၍ အနည်းဆုံး သုံးနှစ်ခန့် အချိန်ပေးစောင့်ကြည့်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ML

# ဘာစီလိုနာအသင်းက ပီအက်စ်ဂျီအသင်းနှင့်ကစားမည့် အိမ်ကွင်းပွဲစဉ်ကို အိုလံပစ်အားကစားကွင်းတွင် လက်ခံကစားသွားမည်

**ဘာစီလိုနာ စက်တင်ဘာ ၂၀**

ဘာစီလိုနာအသင်းက ပီအက်စ် ဂျီအသင်းနှင့်ကစားမည့် ချန်ပီယံ လိဂ်အုပ်စုပွဲစဉ်ကို အိမ်ကွင်းအဖြစ် အိုလံပစ်အားကစားကွင်း (Estadi Olimpic Luis Conpany) တွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။





လက်ရှိတွင် ဘာစီလိုနာအသင်း သည် အသင်းအိမ်ကွင်း နူးကမ့် အားကစားကွင်းကို ဖြိုချကာ ကွင်းသစ် တည်ဆောက်နေပြီး အစောပိုင်းက အိမ်ကွင်းသစ်ကို ယခုလအတွင်း အပြီးသတ် တည်ဆောက်ပြီး အသုံးပြုနိုင်ရန် ခန့်မှန်းထားသော်လည်း အချိန်မီ ပြီးစီးခြင်း မရှိသေးသည့်အတွက် ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ်ကို အိုလံပစ် အားကစားကွင်းတွင် အိမ်ကွင်းအဖြစ် ကျင်းပသွားမည် ဖြစ်သည်။

ဘာစီလိုနာ အသင်းသည် ပြီးခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်ကိုလည်း အိမ်ကွင်းတွင် လက်ခံကစားရမည်ဖြစ်သော်လည်း အိမ်ကွင်းသစ် မပြီးစီးသေးသည့် အတွက် အဝေးကွင်းတွင် ကစား ခွင့်ပေးရန် ဥရောပဘောလုံးအဖွဲ့ ချုပ်ထံတောင်းဆိုခဲ့ရာ ခွင့်ပြုပေး ခဲ့သောကြောင့် နယူးကာဆယ် အသင်းနှင့် အိမ်ကွင်းတွင် ကစား ခဲ့ရသည်။

ယခုအခါ ပီအက်စ်ဂျီအသင်းနှင့် အောက်တိုဘာ ၁ ရက်တွင် ကစား ရမည့်ပွဲစဉ်ကိုလည်း အိမ်ကွင်း အဖြစ်ကစားနေသည့် နှစ်ကွင်းမှ အိုလံပစ် အားကစားကွင်းတွင် ကစားသွားမည်ဟုအတည်ပြုထား ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# ကမ္ဘာ့တန်ကြေးအများဆုံး ဘောလုံးအသင်းစာရင်းတွင် ပရီးမီးယားလိဂ်မှကလပ်အသင်း အများဆုံးပါဝင်

**လန်ဒန် စက်တင်ဘာ ၂၀**

လက်ရှိထုတ်ပြန်ခဲ့သည့် ကမ္ဘာ့ တန်ကြေးအများဆုံး ကလပ် အသင်းစာရင်းတွင် ပရီးမီးယား လိဂ်မှ ကလပ်အသင်းအများဆုံး ပါဝင်နေကြောင်း သိရသည်။

CIES က ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့တန်ကြေးအများဆုံး ကလပ် အသင်းများတွင် ပြီးခဲ့သည့် ဘောလုံးရာသီကပြောင်းရွှေ့ကြေး အများဆုံး အသုံးပြုခဲ့သည့် ချဲလ်ဆီးအသင်းက စုစုပေါင်း တန်ဖိုး ယူရို ၁ ဒသမ ၃၁၄ ဘီလီယံ ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နိုင် ခဲ့သည်။

၎င်းနောက်တွင် မန်စီးတီး အသင်းက စုစုပေါင်းတန်ဖိုး ၁ ဒသမ ၁၂၈ ဘီလီယံဖြင့် အဆင့်(၂)၊ မန်ယူအသင်းက စုစုပေါင်းတန်ဖိုး ၁ ဒသမ ၀၇၁ ဘီလီယံဖြင့် အဆင့် (၃)၊ လီဗာပူးအသင်းက ၁ ဒသမ ၀၆၅ ဘီလီယံဖြင့် အဆင့်(၄)၊ အာဆင်နယ်အသင်းက စုစုပေါင်း တန်ဖိုး ၁ ဒသမ ၀၀၁ ဘီလီယံဖြင့် အဆင့်(၅)နေရာတွင် ရပ်တည် လျက်ရှိသည်။

ထို့ပြင် စပါးအသင်းက စုစုပေါင်းတန်ဖိုး ယူရို ၉၇၄ သန်း ဖြင့် အဆင့်(၆)၊ ပီအက်စ်ဂျီအသင်း က ယူရို ၈၇၃ သန်းဖြင့် အဆင့် (၇)၊ ရီးရဲလ်မက်ဒရစ်အသင်းက ယူရို ၈၅၄ သန်းဖြင့် (၈)၊ နယူးကာဆယ် အသင်းက စုစုပေါင်းတန်ဖိုး ယူရို ၈၁၆ သန်းဖြင့် အဆင့်(၉)၊ အေတီ ကိုအသင်းက စုစုပေါင်းတန်ဖိုး ယူရို ၅၇၂ သန်းဖြင့် အဆင့်(၁၀) နေရာတို့တွင် အသီးသီးရပ်တည် လျက်ရှိပြီး ပရီးမီးယားလိဂ်မှ ကလပ်အသင်း ခုနစ်သင်း ထိပ်ဆုံး စာရင်းတွင် အများဆုံးပါဝင် ခဲ့သည်။

ယခင်က ထိပ်ဆုံးစာရင်းတွင် ရပ်တည်ခဲ့သည့် မန်စီးတီးအသင်း က ဒုတိယနေရာထိရောက်ရှိခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် ပြောင်းရွှေ့ကြေးအများဆုံး အသုံး ပြုခဲ့သည့် လီဗာပူးအသင်းက အာဆင်နယ်အသင်းကိုကျော်ဖြတ် ၍အဆင့်(၄)နေရာထိတက်ရောက် နိုင်ခဲ့ကြောင်း သိရသည်။

Ref : SI
Trs : ML

# ကွင်းလယ်ကစားသမား ချီဆာကို ယူရို ငါးသန်းဖြင့်ခေါ်ယူရန် အေစီမီလန်အသင်း ထပ်မံကြိုးပမ်း

**မီလန် စက်တင်ဘာ ၂၀**

အေစီမီလန်အသင်း နည်းပြ အယ်လီဂရီသည် ယခင် ဂျူဗင်တပ် အသင်းတွင် လက်တွဲခဲ့ဖူးသည့် ကွင်းလယ်ကစားသမား ချီဆာကို ပြောင်းရွှေ့ကြေးယူရို ငါးသန်းဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။





အေစီမီလန် အသင်းသည် ချီဆာကို ခေါ်ယူရန်ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလ ကတည်းကခေါ်ယူရန် ဆွေးနွေးမှု ပြုလုပ်ခဲ့ရာ ကစားသမားအနေဖြင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကစား လိုသောကြောင့် ပွဲကစားခွင့်ပိုမို ရရှိရန်လိုအပ်နေသဖြင့် ပြောင်းရွှေ့ ရန်ဆန္ဒရှိသော်လည်း ပြောင်းရွှေ့ ကြေးညှိနှိုင်းမရဘဲ ရှိခဲ့သည်။

ချီဆာသည် နည်းပြ အယ်လီ ဂရီနှင့် ဂျူဗင်တပ်အသင်းတွင် လက်တွဲခဲ့စဉ်က ပြိုင်ပွဲစုံ ၈၆ ပွဲ တွင် သွင်းဂိုး ၁၆ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၄ ကြိမ်ထိပြုလုပ်ခဲ့ကာ တိုက်စစ် ပိုင်းကိုအကောင်းဆုံးဖြည့်တင်းနိုင် သည့်အတွက် လက်ရှိ အေစီမီလန် အသင်းတွင် ပြောင်းရွှေ့သွားသည့် တိုက်စစ်မှူး အိုကာဖော်နေရာကို အစားထိုးနိုင်မည် ဖြစ်ကြောင်း နည်းပြအယ်လီဂရီက ယုံကြည်နေ ခြင်းဖြစ်သည်။

ကွင်းလယ် တိုက်စစ်ကစား သမားချီဆာသည် ပရော်ဖက်ရှင် နယ် ကစားသမားဘဝကို ၂၀၁၆ ခုနှစ်က ဖီအိုရင်တီးနားအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် မှစတင်ကာ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ရာ ခြေစွမ်း ပြသနိုင်ခဲ့သောကြောင့် ၂၀၂၄ ခုနှစ် တွင် လီဗာပူးအသင်းသို့ ရောက်ရှိ ခဲ့ပြီး လီဗာပူးအသင်းတွင် ပုံမှန် ပွဲကစားခွင့် ပျောက်ဆုံးနေသဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ် ထားကြောင်း သိရသည်။

Ref : Fotmob
Trs : ML

# WBC စူပါဖယ်သာဝိတ်တန်းကမ္ဘာ့ချန်ပီယံခါးပတ်ကို စွန့်လွှတ်ကြောင်း အလိုင်စီယာ ထုတ်ပြန်ကြေညာ



**ဝါရှင်တန် စက်တင်ဘာ ၂၀**

စူပါဖယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသူ အမေရိကန်လက်ဝှေ့မယ် အလိုင်စီယာသည် WBC စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ခါးပတ်ကိုစွန့်လွှတ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အလိုင်စီယာသည် ပြီးခဲ့သည့် ဇူလိုင် ၁၁ ရက်က စူပါဖယ်သာဝိတ်တန်း ပြိုင်ဘက်ကင်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်ကို အောင်မြင်စွာ ထိုးသတ်နိုင်ခဲ့သူလည်းဖြစ်သည်။

အလိုင်စီယာအနေဖြင့် WBC စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား လက်လွှတ်ခဲ့သည့်အတွက်ကြောင့်လည်း ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ အဖြစ်ကပါ လက်လွှတ်လိုက်ရပြီဖြစ်သည်။

အလိုင်စီယာသည် ဝိတ်တန်းမြှင့်တင်ကာ စူပါဖယ်သာဝိတ်တန်းမှ ရွှေ့ပြောင်းတော့မည်ဟု သတင်းများ ထွက်ပေါ်လာခဲ့ပြီးနောက် WBCအဖွဲ့ချုပ်ဥက္ကဋ္ဌ ဆူလိုင်မန်းကလည်း အလိုင်စီယာထံမှ WBC စူပါဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို စွန့်လွှတ်လိုက်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၃၁ နှစ်အရွယ် အလိုင်စီယာသည် စူပါဖယ်သာဝိတ်တန်းတွင် ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံအဖြစ် ကာလရှည် ရပ်တည်နိုင်ခဲ့ပြီးနောက် စိန်ခေါ်မှုအသစ်ကို လိုချင်သည့်အတွက် ဝိတ်တန်းမြှင့်သွားရန် စဉ်းစားနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

အလိုင်စီယာ အနေဖြင့် ဝိတ်တန်းမြှင့်သွားမည်ဟု သတင်းထွက်ပေါ်နေသော်လည်း ၎င်းအနေဖြင့် ကိုယ်တိုင် အတည်ပြုပြောကြားလာခဲ့ခြင်း မရှိသေးကြောင်းလည်း သိရသည်။

အလိုင်စီယာက "ကျွန်မအနေနဲ့ WBC စူပါဖယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ကျွန်မအနေနဲ့ နောက်ထပ်ဘာတွေ ဆက်လုပ်သွားမလဲဆိုတာကိုတော့ မဆုံးဖြတ်ရသေးပါဘူး။ မကြာခင် ဆုံးဖြတ်သွားမှာပါ။ ကျွန်မမှာ ရွေးချယ်စရာတွေအများကြီးရှိနေပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scene**

**Trs : AZL**

# Korea Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စဝီယာတက်ခ် တက်ရောက်

**ဆိုးလ် စက်တင်ဘာ ၂၀**

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင်ကျင်းပနေသည့် Korea Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ဩစတြေးလျတင်းနစ်မယ် မာယာဂျွန်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၁ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ကွာတားဖိုင်နယ် အဆင့်တွင်လည်း ချက်နာမည်ကြီး တင်းနစ်မယ် ဘာဘိုရာအားအနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်လာခဲ့ခြင်းလည်းဖြစ်သည်။

စဝီယာတက်ခ် အနေဖြင့် ရာသီမကုန်မီ ကမ္ဘာ့အဆင့်(၁) နေရာအား ပြန်လည်ရယူလိုသည့်အတွက်ပြိုင်ပွဲများတွင် ဆက်တိုက်ဝင်ရောက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး Korea Open တင်းနစ်ပြိုင်ပွဲ၌ ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ရေပန်းစားလာခဲ့သည်။

စဝီယာတက်ခ်သည် နှစ်ယောက်တွဲတင်းနစ်ပြိုင်ပွဲ၌လည်း ပါဝင်ယှဉ်ပြိုင်ခဲ့သူဖြစ်ပြီး တစ်ဦးချင်းပြိုင်ပွဲအပေါ် ပိုမိုအာရုံစိုက်လိုသည့်အတွက်ကြောင့်လည်း နှစ်ယောက်တွဲပွဲစဉ်မှ နုတ်ထွက်ခဲ့သည်။

စဝီယာတက်ခ်က "ကျွန်မအနေနဲ့ ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းဖို့အတွက် ပွဲအပေါ်မှာ သေချာအာရုံစိုက်နေပါတယ်။ အာရုံစိုက်နေတဲ့အတိုင်းပဲ ရလဒ်ကောင်းတွေ ရယူထားနိုင်လို့ ဝမ်းသာပါတယ်။ ကျွန်မအနေနဲ့ကတော့ လိုချင်တဲ့ရလဒ် ထွက်ပေါ်လာဖို့အတွက် ကျွန်မလုပ်နိုင်တာ အကုန်လုပ်ဆောင်သွားမယ်။ ဒါကြောင့်လဲ နှစ်ယောက်တွဲ ပွဲစဉ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် အလက်ဇန်းဒါးရိုဗာနှင့် ချက်တင်းနစ်မယ် စီနီအာကိုဗာတို့ ပွဲစဉ်မှ အနိုင်ရရှိလာသည့် ပြိုင်ဘက်ဖြင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**



# Walmart NW Arkansas Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ရှမယ်ဇယ်နှင့် ကက်ဆူတို့ ပူးတွဲဦးဆောင်

**အာကန်ဆက် စက်တင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အာကန်ဆက်ပြည်နယ်တွင် ကျင်းပနေသည့် Walmart NW Arkansas Championship အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန် ဂေါက်သီးရိုက်မယ် ရှမယ်ဇယ်နှင့် ဂျပန်ဂေါက်သီးရိုက်မယ်ကက်ဆူတို့က သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် အမေရိကန် ဂေါက်သီးရိုက်မယ် လီလီယာဗူနှင့် ပြိုင်ပွဲဝင် ခြောက်ဦးထိက သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ရှမယ်ဇယ်သည် ကျင်းနံပါတ် ၅ ပြီးသည်ထိ အမှတ်ပေးဇယားကို တစ်ဦးတည်း ဦးဆောင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းကျင်းများတွင် ရလဒ်များ အနည်းငယ်ကျဆင်းလာခဲ့သည့်အတွက် ရလဒ်ကောင်းမွန်လာသည့် ကက်ဆူက ရှမယ်ဇယ်အား အမီလိုက်နိုင်ခဲ့သည်။

ရှမယ်ဇယ်က "အစောပိုင်းကျင်းတွေမှာ ရလဒ်တွေ သိသိသာသာ ကောင်းမွန်ခဲ့ပါတယ်။ ဒါပေမဲ့လဲနောက်ပိုင်းကျင်းတွေမှာတော့ ရလဒ်တွေ နည်းနည်းကျဆင်းလာခဲ့တယ်။ ကျင်းနံပါတ် ၁၄ ရောက်တဲ့အခါမှာတော့ ရလဒ်ကောင်းရအောင် ထိန်းနိုင်ဖို့လိုအပ်လာတဲ့အတွက် ကက်ဒီနဲ့ သေချာတိုင်ပင်ခဲ့တယ်။ ကက်ဒီကလဲ ကျင်းနံပါတ် ၁၄ ကနေ စတင်ပြီးတော့ Birdies ရိုက်ချက်တွေ ရအောင် ယူဖို့လိုအပ်တယ်လို့ ပြောလာတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**

**Trs : AZL**

# ချဲလ်ဆီးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို ဖာနန်ဒက်အတွက် ကာမာဗင်ဂါအပြင် ပြောင်းရွှေ့ကြေး ၄၃ ဒသမ ၅ သန်း ပေးချေရန် တောင်းဆို

**လန်ဒန် စက်တင်ဘာ ၂၀**

ချဲလ်ဆီးအသင်းက ရီးရဲလ်မက်ဒရစ်အသင်းက အလိုရှိနေသည့် ဖာနန်ဒက်အတွက် ကာမာဗင်ဂါအပြင် ပြောင်းရွှေ့ကြေး ၄၃ ဒသမ၅သန်းပေးချေရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းကွင်းလယ်ပိုင်းတွင် တိုနီခရူးနှင့် မိုဒရစ်တို့ ထွက်ခွာခဲ့ပြီးနောက် ထိပ်တန်းကစားသမားအင်အားဖြည့်တင်းမှု လုပ်ဆောင်ထားခြင်းမရှိခဲ့ဘဲ ကာမာဗင်ဂါနှင့် ချူအာမန်ဒီတို့ကိုသာ အင်အားဖြည့်တင်းထားခြင်းဖြစ်သည်။



အစောပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းသည် ချူအာမန်ဒီကို ရောင်းချရန်အတွက် သတင်းများ ထွက်ပေါ်ခဲ့သော်လည်း လက်ရှိနည်းပြအလွှန်ဆိုက ချူအာမန်ဒီကို အသင်းတွင်ဆက်လက်ထိန်းသိမ်းထားလိုနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက ချဲလ်ဆီးအသင်း ဘဏ္ဍာရေးစည်းမျဉ်းနှင့်ပတ်သက်ပြီး စွဲချက်တင်ခံထားရခြင်းကို အခွင့်ကောင်းယူပြီး ဖာနန်ဒက်ကို ခေါ်ယူရန် ကြိုးပမ်းနေပြီး ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလကလည်း ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းက လာမည့် အပြောင်းအရွှေ့ကာလများတွင်လည်း ခေါ်ယူရန် ဆက်လက်ကြိုးပမ်းလာနိုင်သည့်အတွက် ချဲလ်ဆီးအသင်းက ဖာနန်ဒက်ကို ခေါ်ယူလိုပါက ပြောင်းရွှေ့ကြေးအပြင် ကာမာဗင်ဂါကိုပါ အလိုက်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# တိုက်စစ်ကစားသမား ရော်ဂျာအတွက် အေဗီလာအသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၈၀ သတ်မှတ်

**လန်ဒန် စက်တင်ဘာ ၂၀**

အေဗီလာအသင်းက ထိပ်တန်းအသင်းအများစုက ခေါ်ယူလိုနေသည့် တိုက်စစ်ကစားသမား ရော်ဂျာအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၈၀ သတ်မှတ်ခဲ့ကြောင်း သိရသည်။

ရော်ဂျာသည် ပြီးခဲ့သည့် ဘောလုံးရာသီ နှစ်ခုအတွင်း အေဗီလာ အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ ကာလကတည်းက ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းခဲ့ကြပြီး အေဗီလာအသင်းက လက်မလွှတ်လိုသည့်အတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

ရော်ဂျာကို လာမည့်အပြောင်းအရွှေ့ကာလများတွင် နယူးကာဆယ်အသင်း၊ ချဲလ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ အပါအဝင် ထိပ်တန်းကလပ် အသင်းခြောက်သင်းခန့်က အလိုရှိနေသောကြောင့် အေဗီလာအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ရော်ဂျာ ကိုယ်တိုင်ကလည်း အေဗီလာအသင်းမှ ထွက်ခွာလိုနေသည့်အတွက် အသင်းတွင် ဆက်လက်ထိန်းသိမ်းရန် ခက်ခဲနိုင်သည့် အခြေအနေများကြောင့် မြင့်မားသည့် ပြောင်းရွှေ့ကြေး တစ်ရပ်သတ်မှတ်ခဲ့ပြီး ၎င်း၏နေရာတွင် နောက်ထပ် တိုက်စစ်ကစားသမားတစ်ဦးနှင့် အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# စာဖတ်ခြင်းဖြင့် ဘဝကို ပိုမိုကျယ်ပြန့်စွာရှုမြင်လိုက်ပါ

ကိုဘုန်း(ထုတ်လုပ်)



"ယနေ့ စာဖတ်ဖြစ်သလား" ဒီမေးခွန်းလေးကို ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်ပါ။ ဖုန်းထဲက သတင်းခေါင်းစဉ်တွေ၊ လူမှုကွန်ရက်က status တွေကိုဖတ်တာမျိုးမဟုတ်ဘဲ စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာဖတ်ရှုခဲ့သည့်အချိန်က မည်မျှရှိလဲ။

စာဖတ်ခြင်းသည် ဘဝကို ပိုမိုကျယ်ပြန့်စွာမြင်တတ်စေရုံသာမက အတွေးအမြင်သစ်များနှင့် ကမ္ဘာသစ်များဆီသို့ခေါ်ဆောင်သွားနိုင်သည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို သိပ္ပံနည်းကျလေ့လာချက်များအရ အောက်ပါအတိုင်းတွေ့ရသည်။

**စိတ်ဖိစီးမှုကို လျှော့ချပေးခြင်း**

လေ့လာချက်များအရ စာဖတ်ခြင်းသည် စိတ်ဖိစီးမှုကိုလျှော့ချရာတွင် ဂီတနားထောင်ခြင်းသို့မဟုတ် လမ်းလျှောက်ခြင်းထက်ပင် ပိုမိုထိရောက်မှုရှိကြောင်း တွေ့ရသည်။ မိနစ် ၃၀ ခန့် စာဖတ်ခြင်းဖြင့် နှလုံးခုန်နှုန်းနှင့် ကြွက်သားတင်းမှုများကို ကျဆင်းစေကာ စိတ်ဖိစီးမှုများပြေလျော့စေသည်။

**ဉာဏ်ရည်ဉာဏ်သွေးတိုးတက်စေခြင်း**

စာဖတ်ခြင်းသည် ဦးနှောက်နှင့် အာရုံကြောများဆက်သွယ်မှုကို လှုံ့ဆော်ပေးပြီး မှတ်ဉာဏ်နှင့် အာရုံစူးစိုက်မှုစွမ်းရည်ကို မြှင့်တင်ပေးသည်။ လေ့လာချက်များအရ ပုံမှန်စာဖတ်သူများသည် အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ သိသိသာသာလျော့နည်းကြောင်း တွေ့ရသည်။

**စာနာနားလည်မှုစွမ်းရည်ကို မြှင့်တင်ပေးခြင်း**

စာအုပ်ထဲက ဇာတ်ကောင်များ၏ ခံစားချက်များ၊ အတွေ့အကြုံများနှင့် ရင်ဆိုင်ရမှုများကို ဖတ်ရှုရင်း လူများအပေါ် ပိုမိုနားလည်တတ်လာစေသည်။ ဤသို့ဖြင့် လက်တွေ့ဘဝတွင်လည်း အခြားသူများ၏ ခံစားချက်များကို ပိုမိုခံစားသိရှိနိုင်လာမည်ဖြစ်သည်။

**အသိပညာဗဟုသုတများတိုးပွားစေခြင်း**

စာဖတ်ခြင်းသည် စာဖတ်သူကို မည်သည့်နေရာသို့မဆို၊ မည်သည့်ခေတ်သို့မဆို ခေါ်ဆောင်သွားနိုင်သည်။ သိပ္ပံ၊ သမိုင်း၊ ဒဿနိကဗေဒ၊ စီးပွားရေးစသည့် ဘာသာရပ်ပေါင်းစုံမှ အသိပညာများကို ရယူနိုင်ပြီး မိမိကိုယ်တိုင် မှန်ကန်သောဆုံးဖြတ်ချက်ကို ပိုမိုပြည့်ဝစေမည်ဖြစ်သည်။

**စာဖတ်ဖို့ အချိန်မရှိဘူးလား**

"အချိန်မရှိလို့"ဆိုသည့် အကြောင်းပြချက်သည် အကြီးမားဆုံးအတားအဆီး ဖြစ်နေတတ်သည်။ သို့သော် တစ်နေ့လျှင် ၁၅ မိနစ် သို့မဟုတ် မိနစ် ၃၀ ခန့် စာဖတ်ရန် အချိန်ဇယားဆွဲပါ။ အိပ်ရာမဝင်မီ ၁၅ မိနစ်ခန့် စာဖတ်ရန်ကြိုးစားကြည့်ခြင်းသည် စာဖတ်ခြင်းအလေ့အထကို စတင်မွေးမြူရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ စာဖတ်ခြင်းက စိတ်ကိုတည်ငြိမ်စေပြီး ပိုမိုကောင်းမွန်စွာအိပ်ပျော်စေသည်။ အစပိုင်းတွင် ခက်ခဲနိုင်သော်လည်း ရက်ဆက်တိုက်လုပ်မည်ဆိုလျှင် နေ့စဉ်အလေ့အထတစ်ခုဖြစ်သွားမည်ဖြစ်သည်။ တစ်ပတ်လျှင် စာမျက်နှာ ၅၀၊ ၁၀၀ နှုန်းဖြင့် ဖတ်မည်ဆိုပါက တစ်နှစ်အတွင်း စာအုပ်ပေါင်းများစွာ ဖတ်ပြီးသားဖြစ်သွားမည်ဖြစ်သည်။

စာဖတ်ရာတွင် ပညာဗဟုသုတတိုးပွားရန်နှင့် အတွေးအခေါ် ရင့်သန်စေရန်ဟူသော ရည်ရွယ်ချက်နှစ်မျိုးရှိသည်။ ပညာဗဟုသုတမရှိလျှင် မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကို တိုးတက်ကောင်းမွန်အောင် လုပ်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။ စိတ်ကူးဉာဏ် အတွေးအခေါ်ရင့်သန်ခြင်းမရှိလျှင်လည်း လူ့လောကတွင် တိုးတက်ရန်ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် လိမ္မာရေးခြားရှိစေရန်၊ ဗဟုသုတကြွယ်ဝစေရန်အတွက် စာဖတ်ခြင်းသည် အလွန်အရေးပါအရာရောက်သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ **"စာဖတ်သောလူမျိုးသည် တိုးတက်၍ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်"**ဟူသော စကားသည် အလွန်နက်ရှိုင်းသောအဓိပ္ပာယ်များရှိသည်။ ဤစကားသည် စာဖတ်ခြင်း၏ အရေးပါမှုကို အဆင့်နှစ်ဆင့်ဖြင့် ထောက်ပြနေသည်။

**၁။ စာဖတ်သောလူမျိုးသည် တိုးတက်၍**

ဤတွင် ဦးသန့်သည် တစ်ဦးချင်းစီ၏တိုးတက်မှုကို အလေးပေးထားသည်။ စာဖတ်ခြင်းသည် လူတစ်ဦးချင်းစီ၏ အသိပညာ၊ အတွေးအခေါ်၊ စဉ်းစားဉာဏ်နှင့် စိတ်ကူးစိတ်သန်းကို တိုးတက်စေသည်။ ဤသို့ဖြင့် လူတစ်ဦးချင်းစီတိုးတက်လာပြီး နောက်ဆုံးတွင် ထိုသူများပါဝင်သောလူ့အဖွဲ့အစည်းတစ်ရပ်လုံး တိုးတက်လာစေသည်။

**၂။ တိုးတက်သောလူမျိုးသည် စာဖတ်ကြလေသည်**

ဒုတိယအဆင့်မှာ တိုးတက်ပြီးသောလူ့အဖွဲ့အစည်း၏ သဘောသဘာဝကို ဖော်ပြခြင်းဖြစ်သည်။ တိုးတက်သောလူမျိုးတစ်ခုသည် မိမိတို့၏အောင်မြင်မှုကို ထိန်းသိမ်းလိုပြီး ဆက်လက်တိုးတက်လိုသောဆန္ဒကြောင့် ပိုမို၍စာဖတ်ကြသည်။ ဆိုလိုသည်မှာ စာဖတ်ခြင်းနှင့် တိုးတက်ခြင်းသည် အပြန်အလှန်အကျိုးပြုနေသောကွင်းဆက်ဖြစ်သည်။

စာဖတ် = တိုးတက်

တိုးတက် = (ပို၍)စာဖတ်

ဦးသန့်၏ ဤအဆိုသည် လူတစ်ဦးချင်းမှစတင်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် စာဖတ်ခြင်း၏ အခြေခံအကျဆုံးသောအခန်းကဏ္ဍကိုဖော်ပြနေသည့် ကမ္ဘာကျော်ပညာရေးဆိုင်ရာ မှတ်ချက်တစ်ခုဖြစ်သည်။ ထို့ကြောင့်ပင် ယနေ့တိုင် ဤစကားသည် စာဖတ်ခြင်း၏ တန်ဖိုးကိုဖော်ညွှန်းရာတွင် အမြဲတမ်းအသုံးပြုနေကြဆဲဖြစ်သည်။

လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများမဖြစ်မနေလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ အွန်လိုင်းမီဒီယာများ၌ စာပေများဖတ်ရှုနိုင်သည်ဖြစ်သော်လည်း အဆိပ်အတောက်၊ သတင်းအတုများလွှမ်းမိုးနေသည်ဖြစ်၍ မိမိဘဝကို အကျိုးရှိစေမည့်စာပေများကိုသာ ရွေးချယ်ဖတ်ရှုလေ့လာရန် လိုအပ်သည်။ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုရန်လည်း လိုအပ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်းဖြင့်လည်း စာဖတ်ရှိန်ကို မြှင့်တင်ပေးနိုင်သည်။

**❖ လူတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြသည်။ စာဖတ်မှုအလေ့အကျင့်မရှိခြင်းသည် လူတစ်ဦးချင်းစီ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အခက်အခဲများကြုံတွေ့နိုင်သည်။ စာအုပ်စာပေဖတ်ရှုမှုသည် မိမိဘဝကိုအကျိုးပြုသည်။ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့်ယှဉ်ပြိုင်နိုင်သည့် လူ့ဘောင်တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်သည်။ ထို့ကြောင့် ပညာတတ်များ၊ စာဖတ်သူများ မွေးထုတ်ပေးရန်လိုအပ်သည်။ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ❖**

စာအုပ်စာပေအားလုံးသည် တန်ဖိုးရှိသော်လည်း လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ပိုမိုထိရောက်သော အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကို ရွေးချယ်ဖတ်ရှုခြင်းသည် ပိုမိုအရေးကြီးသည်။ ထို့ပြင် စာအုပ်စာပေရွေးချယ်ရာတွင် စာရေးဆရာ၏ရင်းမြစ်နှင့် ချဉ်းကပ်မှုနည်းလမ်းကို ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်သည်။ မိမိ၏လက်ရှိအခြေအနေ၊ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်သင့်သည်။

စီးပွားရေး၊ ငွေကြေးနှင့် ဆင်းရဲမှုပပျောက်ရေး စာအုပ်စာတမ်းများသည် စီးပွားရေးအမြင်ကို ကျယ်ပြန့်စေပြီး မိမိကိုယ်တိုင်နှင့် ပတ်ဝန်းကျင်၏ လူမှုစီးပွားဘဝကိုမြှင့်တင်နိုင်မည့် နည်းလမ်းများကို ပေးစွမ်းနိုင်သည်။ စိတ်ပညာ၊ စိတ်ချမ်းသာရေး၊ မိမိကိုယ်ကိုတန်ဖိုးမြှင့်တင်ခြင်းစာအုပ်များသည် လူမှုဆက်ဆံရေး၊ မိမိကိုယ်ကိုထိန်းချုပ်နိုင်မှုနှင့် လူမှုအသိုင်းအဝိုင်း တည်ငြိမ်အေးချမ်းရေးအတွက် အလွန်အရေးကြီးသည်။ လူမှုရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးစာအုပ်များသည် လူတိုင်း၏ အခွင့်အရေး၊ တန်းတူညီမျှမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နည်းများကို နားလည်စေသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးစာအုပ်တို့သည် မိမိတို့နေထိုင်ရာပတ်ဝန်းကျင်ကို ဂရုစိုက်တတ်စေရန်သင်ယူနိုင်ပြီး အနာဂတ်မျိုးဆက်သစ်များ ကမ္ဘာမြေကို ထိန်းသိမ်းတတ်စေရန်ဖြစ်သည်။

ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဝန်းကျင်ပြုစုပျိုးထောင်ရေးစာအုပ်များသည် မိမိအသိုင်းအဝိုင်း၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်နိုင်မည့်အသိပညာများရရှိစေသည်။ အတွေးအခေါ်၊ ဒဿနိကဗေဒနှင့် ဘာသာရေးစာပေစာအုပ်တို့သည် မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်နှင့် ကိုယ်ကျင့်တရားကောင်းမွန်သော လူမှုအသိုင်းအဝိုင်းကိုတည်ဆောက်နိုင်ရန် လမ်းညွှန်ပေးနိုင်သည်။ အတ္ထုပ္ပတ္တိများစာအုပ်မျိုးသည် လောကကြီးကို ပြောင်းလဲစေခဲ့သော ခေါင်းဆောင်ကြီးများ၊ သိပ္ပံပညာရှင်များ၊ လူမှုရေးလှုပ်ရှားသူများ၏ ဘဝဇာတ်ကြောင်းများမှတစ်ဆင့် ခိုင်မာသောစိတ်ဓာတ်၊ လှုပ်ရှားမှုနည်းဗျူဟာများကို လေ့လာသင်ယူနိုင်သည်။

ထို့ကြောင့် စာဖတ်ခြင်းသည် ပျင်းစရာကောင်းသည့်အလုပ်မဟုတ်သဖြင့် မိမိစိတ်ဝင်စားသည့် ခေါင်းစဉ် (ခရီးသွား၊ သိပ္ပံစမ်းသပ်ချက်၊ စွန့်ဦးတီထွင်မှု၊ ချစ်ခြင်းမေတ္တာ)စသည့် စိတ်လှုပ်ရှားဖွယ်အကြောင်းတစ်ခုအဖြစ် ပြောင်းလဲစေမည့်စာအုပ်မျိုးကို ရှာဖွေပြီး ဖတ်ရှုလေ့လာသင့်သည်။ စာဖတ်ခြင်းသည် ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သည်။ ထို့ကြောင့် ယနေ့ပင် စာဖတ်ခြင်းကိုစတင်ကာ ဘဝအတွက် အသစ်အသစ်သောအခွင့်အလမ်းတံခါးများဖွင့်လှစ်ပြီး မိမိဘဝအတွက် ကမ္ဘာသစ်ဆီသို့ ခြေလှမ်းသစ်တစ်ခုစတင်နိုင်ပါရန် တိုက်တွန်းရေးသားလိုက်ပါသည်။

# ညောင်ရွှေဘုရားပွဲတော်နှင့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်တို့တွင် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည်



ယခင်နှစ်က လှေလှော်ပြိုင်ပွဲကို တွေ့ရစဉ်။

**ညောင်ရွှေ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေဘုရားပွဲတော်နှင့် အင်းလေးဖောင်တော်ဦးဘုရားပွဲတော်တို့တွင် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း အင်းသားရိုးရာလှေလှော်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ပြောပြ၍ သိရသည်။

အဆိုပါ ညောင်ရွှေဘုရားပွဲတော်တွင် ထည့်သွင်းကျင်းပမည့် အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲများကို စက်တင်ဘာ ၂၆ ရက်တွင် ရေလယ်ဧည့်ခန်းမရှေ့ ရေပြင်နှင့် စက်တင်ဘာ ၂၈ ရက်တွင် ညောင်ရွှေမြို့ ကမ်းနားလမ်းရှိ နန်းကပ်ချောင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်တွင် ထည့်သွင်းကျင်းပမည့် လှေလှော်ပြိုင်ပွဲများကို အောက်တိုဘာ ၈ ရက်နှင့် အောက်တိုဘာ ၉ ရက်တို့တွင် ဖောင်တော်ဦး မြတ်စွာဘုရား ရတနာခစံကျောင်းတော်ရှေ့ ရေပြင်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"လှေလှော်ပြိုင်ပွဲက အင်းသားရိုးရာဓလေ့ကို ဖော်ထုတ်ခွင့်ရတဲ့အတွက် အစဉ်အလာမပျက် ထိန်းသိမ်းကာ နှစ်စဉ်ကျင်းပလာတာဖြစ်ပါတယ်။ ဒီနှစ် လှေလှော်ပြိုင်ပွဲကို ဘုရားပွဲကျင်းပတဲ့ မြို့တွေနဲ့ အနီးရှိကျေးရွာတွေက အမျိုးသား၊ အမျိုးသမီးတွေ စုပေါင်းပါဝင်ယှဉ်ပြိုင်ကြတာဖြစ်ပြီး ကျောင်းအလိုက် ကျောင်းသား၊ ကျောင်းသူတွေကလဲ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်"ဟု အင်းသားရိုးရာ လှေလှော်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်က ပြောပြသည်။

အင်းသားရိုးရာ ခြေခတ်လှေလှော်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအနေဖြင့် အမျိုးသားရာကျော်လှေပြိုင်ပွဲ၊ အမျိုးသား(၄၆)တက်လှေပြိုင်ပွဲ၊ အမျိုးသမီး(၂၆)တက်လှေပြိုင်ပွဲ၊ ကျောင်းသား(၂၆)တက်လှေပြိုင်ပွဲနှင့် တစ်ဦးချင်းလှေပြိုင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# အကောင်းဆုံးနိုင်ငံတကာရုပ်ရှင်ဇာတ်ကားဆုအတွက် Sirat ဇာတ်ကားကို စပိန်ရွေးချယ်တင်သွင်း

**နယူးယောက် စက်တင်ဘာ ၂၀**

၉၈ ကြိမ်မြောက် အော်စကာရုပ်ရှင်ဆုပေးပွဲ အကောင်းဆုံးနိုင်ငံတကာ ရုပ်ရှင်ဇာတ်ကားဆုအတွက် Sirat အမည်ရှိ ဇာတ်ကားကို စပိန်နိုင်ငံက ရွေးချယ်တင်သွင်းထားကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများအရ သိရသည်။

Sirat ဇာတ်ကားသည် မော်ရိုကိုနိုင်ငံတောင်ပိုင်း တောင်ကုန်းများပေါ်၌ ပျောက်ဆုံးနေသောသမီးဖြစ်သူကို တောတွင်းပါတီပွဲများ၌ လှည့်ပတ်ရှာဖွေနေသည့် ဖခင်တစ်ဦးနှင့် ၎င်း၏သားဖြစ်သူတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Sirat ဇာတ်ကားကို နာမည်ကျော် စပိန်ဒါရိုက်တာ အိုလီဗာလက်က တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ယခုနှစ်ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ပွဲဦးထွက်ပြသခဲ့ရာ ပရိသတ်အားပေးမှု အထူးရခဲ့ပြီး ဂျူရီဆုတစ်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စပိန်နိုင်ငံသည် ၉၇ ကြိမ်မြောက် အော်စကာဆုပေးပွဲတွင်မူ Saturn Return အမည်ရှိ ဇာတ်ကားကို တင်သွင်းခဲ့သော်လည်း နောက်ဆုံးဆန်ခါတင်ဇာတ်ကားများစာရင်း၌ ပါဝင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် ရွှေထူးနှင့် ရွှေမှုံရတီတို့၏ Doe တေးသီချင်း MV ထွက်ရှိလာ

**ရန်ကုန် စက်တင်ဘာ ၂၀**

တေးသံရှင် ရွှေထူးနှင့် ရွှေမှုံရတီတို့၏ Doe တေးသီချင်း Music Video(MV) စက်တင်ဘာ ၁၉ ရက်က ထွက်ရှိလာကြောင်း တေးသံရှင် ရွှေထူးက ပြောပြ၍ သိရသည်။

အဆိုပါ Doe တေးသီချင်း Music Video ကို တေးသံရှင် ရွှေထူး၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ထွက်ရှိလာခြင်းဖြစ်ပြီး တေးသံရှင် ရွှေထူးနှင့် ရွှေမှုံရတီတို့ သီဆိုသရုပ်ဖော်ထားသည့် တေးသီချင်း Music Video ဖြစ်ကြောင်း သိရသည်။

"စက်တင်ဘာ ၁၉ ရက် ကျွန်တော့်ရဲ့မွေးနေ့မှာ ချစ်ဇနီး ရွှေမှုံရတီနဲ့အတူ ဆိုထားတဲ့ သီချင်းသစ် Music Video တစ်ပုဒ် လက်ဆောင် ပေးထားပါတယ်။




ပရိသတ်တွေလဲ နားဆင်အားပေးကြပါအုံး"ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူးနှင့် ရွှေမှုံရတီတို့ စုံတွဲသီဆိုထားသည့် Changed၊ မိုးစက်များက ပြောသောသီချင်းတွေ အမည်ရှိ တေးသီချင်း Music Video များ ထွက်ရှိထားပြီး တေးသံရှင် ရွှေထူး၏ Fish၊ Toxic၊ ချာတိတ်၊ လေဟာနယ်၊ နောင်တ စသည့် တေးသီချင်း Music Video များလည်း .ယခုနှစ်အတွင်း ဆက်တိုက် ထွက်ရှိထားကြောင်း သိရသည်။

ASH

# Insidious-6 ဇာတ်ကား၌ ဘရန်ဒွန်ပါရီရာ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် စက်တင်ဘာ ၂၀**

Blumhouse နှင့် ဆိုနီတို့၏ Insidious ဇာတ်ကားသစ်တွင် မင်းသား ဘရန်ဒွန်ပါရီရာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Insidious-6 ဇာတ်ကားတွင် မင်းသား ဘရန်ဒွန်ပါရီရာသည် မင်းသမီး အမ်မလီအီဗီ၊ လင်းရှာယီတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် Insidious ဇာတ်ကားများအနက် ဆဌမမြောက် ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ ဂျက်ကော့ချာဆီက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိအချိန်တွင် Insidious ဇာတ်ကားကို ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း သိရသည်။

Insidious-6 ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ဂျက်ကော့ချာဆီက ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လက်စလီဂျွန်ဆင်နှင့် ပူးတွဲရေးသားထားသည်။

Insidious-6 ဇာတ်ကားကို ၂၀၂၆ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Mahar Application က ချစ်စကားလေး ကလူကလူ ဇာတ်လမ်းကို အောက်တိုဘာလပထမပတ်တွင် ထုတ်လွှင့်ပေးသွားမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

Mahar Application က ချစ်စကားလေးကလူကလူ အမည်ရှိဇာတ်လမ်းကို HD Quality ဖြင့် အောက်တိုဘာလ ပထမပတ်တွင် ထုတ်လွှင့် ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြ၍ သိရသည်။

အဆိုပါ ချစ်စကားလေး ကလူကလူ အမည်ရှိ ဇာတ်လမ်း၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဒါရိုက်တာ ပွင့်သီဂီဇော်က ရေးသားထားပြီး ဒါရိုက်တာ ပွင့်သီဂီဇော်ကပင် တာဝန်ယူရိုက်ကူးပုံဖော်ထားသည့် တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းလေးက တစ်ပိုင်းတည်းအပြီး ဇာတ်လမ်းလေးပါ။ ဇာတ်လမ်းကလေးကလဲ ဟာသလေးလဲပါတယ်။ အိမ်ထောင်ရေးပညာပေး ဇာတ်လမ်းဆိုတော့ ဇာတ်ကိုကြိုက်တာနဲ့ လက်ခံဖြစ်တာပါ။ မဟာနဲ့ဆိုရင်တော့ ဇာတ်လမ်းတွဲက သုံးတွဲရှိပါပြီ။ ဇာတ်လမ်းကတော့ ဒီတစ်ခုပဲ ရှိပါသေးတယ်။ မဟာမှာက အရင်တုန်းကတော့ ရုပ်ရှင်ဆိုရင်လဲ ရုံတင်ပြီးမှ၊ ဇာတ်လမ်းဆိုလဲ အဟောင်းတွေပဲ ကြည့်ရတယ်။ အခုကတော့ ဇာတ်လမ်းအသစ်တွေ အများကြီးရိုက်ကူးနေပါတယ်။ စောင့်မျှော်ကြည့်ရှုကြပါအုံးလို့ ပြောချင်ပါတယ်"ဟု သရုပ်ဆောင် ညီထွဋ်ခေါင်က ပြောပြသည်။


အဆိုပါ ချစ်စကားလေး ကလူကလူဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ညီထွဋ်ခေါင်၊ ထူးနိုင်လင်း၊ ဝေဖြိုး၊ ပြည့်ပြည့်ဘုန်းမြတ်၊ မယ်လိုဒီ၊ ယွန်းဝင့်လွှာအောင်၊ ဂူဂူ၊ မေသရဝဏ်၊ အေးသီတာနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing inspects Tatmadaw TV Broadcasting Unit (Hmawbi)



Senior General Min Aung Hlaing inspects the TV station of Tatmadaw TV Broadcasting Unit (Hmawbi).



Senior General Min Aung Hlaing signs the guest book of Tatmadaw TV Broadcasting Unit (Hmawbi).

**Nay Pyi Taw September 20**

Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by the members of the entourage and officials, inspected Tatmadaw TV Broadcasting Unit in Hmawbi Station this afternoon.

First, the Senior General and party were warmly welcomed by officials and staff of the Tatmadaw TV Broadcasting Unit (Hmawbi).

At the meeting hall, Director of the Directorate of Public Relations and Psychological Warfare Maj-Gen Zaw Min Tun and the commandant of the unit reported on the brief history of the unit, progress in implementing the guidance given by the Senior General during his inspection of the unit, and general requirements.

In response, the Senior General stressed **the continuous airing of news, breaking news, and local and foreign news, the public need to know, correctly and in time.** He said as the entertainment programs include both the images and sound, the sound system must be good, apart from the costumes that must be in conformity with the program. Systematic editing is required for the news and other programs to be lively and interesting. Broadcasting work calls for the appropriate actions of the editors and supervisors. The **TV programs must have the beneficial effect on public interest, and provide the people with intellectual and general knowledge.** He then gave directives on general issues.

The Senior General then looked around the TV station of the unit, and attended to the needs.

Afterwards, Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing signed the visitor's book of the unit.

The Senior General and party inspected progress in building a new staff dining hall of the unit, and gave necessary guidance.

The Senior General then presented cash awards for officers, other ranks and employees through the commandant.

The Senior General and party inspected the Tatmadaw TV Broadcasting Unit (Hmawbi) in a motorcade.100

# Civilians flee Gaza City attacks by all means possible -- UN

**United Nations September 20**

The Gaza City ground assault and bombardment continue, forcing thousands of civilians to flee the attacks by cars, trucks, tuk-tuks, donkey carts and on foot, UN humanitarians said on Friday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said the Israeli military attack is taking a heavy toll on battered and exhausted civilians in the Gaza Strip.

The office said that as the offensive intensifies, the influx of newly displaced people arriving in the south of Gaza is putting even more stress on the already overstretched services, amid continued space shrinking in southern Gaza due to overcrowding.

"Humanitarians on the ground report that people are arriving deep into the night, many of them walking for long hours without food, water or shelter," the office said. "The coastal Al Rashid Road remains extremely congested as vehicles, donkey carts, tuk-tuks and people on foot make their way south amid escalating attacks."

Despite Israeli instructions for people fleeing south to use the Salah Ad Din Road, OCHA said humanitarian partners reported it was impassable for vehicles. Israeli authorities announced Friday that the 48-hour window to use the road had closed, leaving Al Rashid the only passage available.

An OCHA-led interagency mission assessed displaced families in Khan Younis, noting urgent needs for shelter, food, water and medical care. Supplies entering Gaza remain below the threshold needed, and humanitarians require safer conditions to deliver aid consistently.

The UN Children's Fund said four trucks of therapeutic food were stolen at gunpoint in Gaza City on Thursday. The supplies would have supported at least 2,700 severely malnourished children. The fund said a lasting ceasefire is necessary to prevent such incidents and enable aid to reach those most in need.

OCHA said access impediments persist. Zikim crossing, the only direct access to the north, remains closed. A mission to deliver fuel to Gaza City was aborted after hours of waiting for approval. Congestion on Al Rashid Road later in the day made it impossible for aid convoys to reach Gaza City safely.

Xinhua

# Rare-earth magnet plant opens in Estonia

**Narva September 20**

A plant producing rare-earth magnets for Europe's electric vehicle and wind-energy sectors opened Friday in Narva, a city in northeastern Estonia.

The facility, built by Canada's Neo Performance Materials, is designed to produce around 2,000 metric tonnes of magnet blocks a year -- enough for over a million electric vehicles or more than 1,000 offshore wind turbines, according to local media reports. The magnets will be tailored to meet the specifications of Europe's automotive and wind-energy sectors.

Neo CEO Rahim Suleman said the plant was built "at record speed" and has already signed multiple contracts with European car makers.

Xinhua




Photo taken on Sept. 19, 2025 shows rare-earth magnetic bars at NEO magnetic plant in Narva, a city in northeastern Estonia.

# Sagaing Township grows over 8,000 acres of cotton as monsoon crops this year



A monsoon crop plantation in Sagaing Township.

**Sagaing September 20**

Local farmers have planted more than 8,000 acres of cotton as monsoon crops in Sagaing Township of Sagaing Region this year, according to the Township Agriculture Department.

For the 2025–2026 monsoon crop season, a total of 16,821 acres of cotton are planned for cultivation in Sagaing Township. Planting began in May this year, and as of now, 8,381 acres have already been cultivated against the target.

"This monsoon crop season, more than 16,000 acres of cotton are planned in Sagaing Township. So far, over 8,000 acres have been planted, and cultivation is ongoing. Efforts are being made to achieve the full target acreage. To ensure that farmers can conveniently plant on time, quality cotton seeds are being supplied," said U Myo Thant Aung, Head of the Sagaing Township Department of Agriculture.

This year, the Township Department of Agriculture has provided training courses to cotton farmers on accessing quality seeds, adopting preventive measures against pests and diseases, and applying proper cultivation techniques to achieve good yields. Technical assistance continues to be provided to farmers as needed.

It is reported that the cost of cultivating one acre of cotton is about K350,000, and the yield is around 1,000 viss per acre. Farmers also practice intercropping by planting onion as an early crop and black gram as a relay crop, which helps ensure diversified harvests and increased income.

Cotton is being successfully cultivated in 19 townships across Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts of Sagaing Region. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers plan to grow more than 62,000 acres of chickpea in coming cold season

**Shwebo September 20**

Based on data of YeU District Agriculture Department, local authorities have earmarked cultivation of 62,029 acres of chickpea as cold season crops in Shwebo District of Sagaing Region.

For the 2025–2026 winter crop season, a total of 62,029 acres of chickpeas are planned for cultivation in Shwebo District — 4,831 acres in Shwebo Township, 2,541 acres in KhinU Township, 54,327 acres in Wetlet Township, and 330 acres in Kyaukmyaung Sub-Township.

"This coming winter crop season, over 62,000 acres of chickpeas are planned in Shwebo District. We are making efforts to meet the target acreage. Chickpea cultivation has been improving year by year. To ensure better yields and quality, we will work together with farmers to provide pure and quality seeds, necessary inputs, and post-harvest technologies," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

It is reported that chickpeas are being cultivated in the district with high-yield varieties such as Yezin-8 and Yezin-11, which are well-suited to the region. The cost of cultivating one acre of chickpeas is over K300,000.

This year, in addition to chickpeas, other pulses are also being grown during the winter crop season. To ensure good yields and quality, farmers are being supported with quality and pure seeds, inputs, and post-harvest technologies. Extension programs are also being carried out to encourage effective use of Trichoderma bio-fungicides during pulse cultivation, in cooperation with lead farmers.

Sagaing Region has the largest pulse cultivation area in the country. Pulses are grown both as primary crops and as intercrops, and are regarded by farmers as important income-generating crops. 206

# Over 4,000 acres of croplands to be placed under black gram in Monywa District

**Monywa September 20**

According to the statistics of Monywa District Agriculture Department, arrangements are being made to grow more than 4,000 acres of black gram in Monywa District of Sagaing Region in coming cold season.

In 2025-26 cold season crop cultivation period, Monywa Township will cultivate 850 acres of black gram, Budalin Township 50 acres, Ayadaw Township 2,950 acres and ChaungU Township 840 acres, 4,680 acres.

"During the upcoming winter crop season this year, more than 4,000 acres of black gram are planned to be cultivated in Monywa District. Efforts will be made to fully meet the targeted acreage. During the black gram cultivation period, necessary technologies, quality seeds, and pest and disease control methods will be provided through field-level activities," said Daw San San Myint, Head of the Monywa District Agriculture Department.

The Township Agriculture Departments in Monywa District are providing awareness programs for black gram farmers on using suitable and quality seed varieties, proper cultivation methods, pest and disease prevention, systematic use of fertilizers, and measures to achieve good yields.

During this year's monsoon crop season, Township Agriculture Departments have also been cooperating with farmers in cultivating various pulses, supporting them with quality seeds, inputs, and post-harvest technologies to ensure better yield and quality. 206



Farmers harvesting black gram in a field.

# Yinmabin District plants more than 11,000 acres of sunflower this year

**Yinmabin September 20**

Local farmers have planted more than 11,000 acres of sunflower as monsoon crops in Yinmabin District of Sagaing Region, according to the district Agriculture Department.

For the 2025–2026 monsoon crop season, 16,250 acres of sunflower are planned for cultivation in Yinmabin District. Planting began in June this year, and as of now, 11,060 acres have already been cultivated, it is learned.

"This monsoon crop season, more than 16,000 acres of sunflower are planned in Yinmabin District. So far, over 11,000 acres have been planted, and efforts are underway to meet the full target acreage. Sunflower, an oilseed crop, is being expanded to help reduce edible oil imports. Compared to other oil crops such as groundnut and sesame, sunflower produces a higher oil yield per acre. In this region, sunflower is grown only in the monsoon season," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 3,329 acres of sunflower, Kani Township 3,294 acres, Salingyi Township 1,212 acres and Pale Township 3,225 acres, totalling 11,060 acres.

In 2025-26 monsoon crop cultivation season, Yinmabin Township earmarked cultivation of 7,941 acres of sunflower, Kani Township 3,939 acres, Salingyi Township 1,150 acres and Pale Township 3,220 acres, totalling 1,6,250 acres.

In order to expand sunflower cultivation in Yinmabin District, the respective Township Departments of Agriculture are accelerating awareness training programs, while training courses are also being intensified to enhance the capacity of staff and sunflower-growing farmers.

This year, arrangements have been made to supply seeds to farmers cultivating sunflower in Yinmabin District, to provide urea fertilizers at fair prices, and to distribute sunflower varieties through farmer-to-farmer exchange systems. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်က AI နည်းပညာနှင့်ထိန်းချုပ်နိုင်သည့် ဒရုန်းအစင်းရေ ၃၃၀၀၀ ကို ယူကရိန်းထံပံ့ပိုးပေးရန် စီစဉ်နေ



အမေရိကန်အစိုးရသည် AI နည်းပညာနှင့် ထိန်းချုပ်နိုင်သည့် ဒရုန်းအစင်းရေ ၃၃၀၀၀ ကို ယူကရိန်းနိုင်ငံထံ ပံ့ပိုးပေးရန်စီစဉ်နေကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါဒရုန်းများကို နောက်ပိုင်းတွင် အုပ်စုလိုက် အုပ်ဖွဲ့ပျံသန်းစစ်ဆင်နိုင်မည့် နည်းပညာနှင့် အဆင့်မြှင့်တင်သွားရန်လည်း အစီအစဉ်ရှိကြောင်း သိရသည်။ ဤစီမံကိန်း၏ အဓိကသော့ချက်မှာ အမေရိကန်နှင့် ဂျာမနီပူးပေါင်းတည်ထောင်ထားသည့် Auterion ကုမ္ပဏီမှ တီထွင်ထားသော Nemyx ဟုခေါ်သည့် ဒရုန်းအုပ်စု တိုက်ခိုက်ရေးစနစ်ပင်ဖြစ်သည်။ ဤစနစ်သည် ဒရုန်းတစ်စင်းချင်းစီကို သီးခြားစီမဟုတ်ဘဲ စုပေါင်း၍ တစ်ခုတည်းသော စွမ်းအားကြီးအုပ်စုအဖြစ် လုပ်ဆောင်စေနိုင်သော စနစ်ဖြစ်သည်။ ၎င်းစနစ်ကြောင့် Auterion ထုတ်ကုန်များနှင့် သဟဇာတဖြစ်သည့် မည်သည့်ဒရုန်းမဆို အဆိုပါအုပ်စုထဲသို့ အလွယ်တကူ ပေါင်းထည့်အသုံးပြုနိုင်စေမည်ဖြစ်သည်။

လက်ရှိတွင် Nemyx စနစ်ကို စစ်မြေပြင်၌ တိုက်ရိုက်စမ်းသပ်ထားခြင်း မရှိသေးသော်လည်း Auterion ကုမ္ပဏီသည် ပင်တဂွန်စစ်ဌာနချုပ်နှင့်ချုပ်ဆိုထားသည့် စာချုပ်ပါအတိုင်း AI ဒရုန်းများကို ယူကရိန်းထံသို့ ယခုနှစ်ကုန်ပိုင်းတွင် စတင်ပံ့ပိုးပေးမည်ဖြစ်ပြီး ၎င်းဒရုန်းများတွင် Nemyx စနစ်ကိုထည့်သွင်းပေးရန် စီစဉ်နေကြောင်း သိရသည်။ ဤပံ့ပိုးမှုသည် ယူကရိန်း၏ကာကွယ်ရေးစွမ်းရည်ကို များစွာမြှင့်တင်ပေးနိုင်ဖွယ်ရှိပြီး ဒရုန်းနည်းပညာနှင့်ပတ်သက်၍ ခေတ်မီစစ်ပွဲများ၏အသွင်အပြင်ကို ပြောင်းလဲစေနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားကြသည်။

အမေရိကန်က ယူကရိန်းသို့ ဒရုန်း ၃၃၀၀၀ ပံ့ပိုးပေးမည့် အစီအစဉ်သည် အထင်ကရ အကူအညီတစ်ခုဖြစ်သော်လည်း လက်ရှိ ယူကရိန်းတပ်ဖွဲ့များ တစ်လလျှင် အသုံးပြုနေသော ဒရုန်းအရေအတွက် ရာနှင့်ချီရှိသည်နှင့်နှိုင်းယှဉ်ပါက အတော်လေးနည်းပါးနေသေးသည်။ ရုရှားနှင့် အနောက်နိုင်ငံမှ အရာရှိများက ယူကရိန်းပဋိပက္ခကို လက်နက်စမ်းသပ်ရာ ဗဟိုချက်မအဖြစ် အကြိမ်ကြိမ်ဖော်ပြခဲ့ကြသည်။ ၂၀၂၃ ခုနှစ်တွင် ပင်တဂွန်စစ်ဌာနချုပ်မှ အကြီးတန်းအရာရှိတစ်ဦးက ယူကရိန်းသည် စစ်ရေးဆိုင်ရာ တီထွင်ဆန်းသစ်မှု ဓာတ်ခွဲခန်းတစ်ခုဖြစ်လာကြောင်း ပြောဆိုခဲ့ဖူးသည်။ ထို့အတူ ရုရှားသမ္မတ ဗလာဒီမာပူတင်ကလည်း ကမ္ဘာတစ်ဝန်းရှိစစ်ဘက်ဆိုင်ရာများသည် ရုရှား၏ ယူကရိန်းအထူးစစ်ဆင်ရေး အတွင်း စစ်မြေပြင်၌ကျင့်သုံးဖော်ဆောင်နေသည့် နည်းဗျူဟာများနှင့် နည်းပညာများကို လေ့လာမှတ်သားနေကြကြောင်း မှတ်ချက်ပြုခဲ့သည်။ အမေရိကန်စစ်ဘက်သည် ဒရုန်းနည်းပညာနယ်ပယ်တွင် ရုရှား၊ တရုတ်နှင့် ယူကရိန်းတို့နောက် နောက်ကျကျန်နေခဲ့ကြောင်း မကြာသေးမီက ဝန်ခံခဲ့သည်။ အမေရိကန်စစ်ဘက်မှ ဗိုလ်ချုပ်တစ်ဦးက အမှီလိုက်နိုင်ရန် အပြေးအလွှားကြိုးစားနေရသည်ဟု CNN သတင်းဌာနသို့ပြောကြားခဲ့သည်။ ဤသည်မှာ ခေတ်သစ်စစ်ပွဲတွင် ဒရုန်းနည်းပညာ၏အခန်းကဏ္ဍ မည်မျှအရေးပါလာသည်ကို ထင်ရှားစေသည်။

ပြီးခဲ့သည့်လက ယူကရိန်းသမ္မတ ဇီလန်စကီးသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ထံသို့ ဒရုန်းအစင်းရေ ၁၀ သန်းအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၅၀ တန်ဖိုးရှိ ပူးတွဲထုတ်လုပ်ရေးစီမံကိန်း တစ်ခုကို တင်ပြခဲ့ကြောင်း သိရသည်။


**US to supply Ukraine with advanced drone swarm technology – FT**

## Volvo Defence နှင့် Nordic Air Defence ကုမ္ပဏီတို့ပူးပေါင်း၍ တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ် ဖော်ဆောင်နေ

ဆွီဒင်နိုင်ငံ ဗော်လ်ဗို(Volvo Defence) ကုမ္ပဏီနှင့် Nordic Air Defence ကုမ္ပဏီတို့ပူးပေါင်းကာ စစ်သုံးယာဉ်များပေါ်တွင် တပ်ဆင်နိုင်မည့် တန်ပြန်ဒရုန်းတိုက်ဖျက်ရေးစနစ်ကို ဖော်ဆောင်နေကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လန်ဒန်မြို့တွင် ကျင်းပခဲ့သည့် ကာကွယ်ရေးနည်းပညာဆိုင်ရာ ညီလာခံတစ်ခု၌ အဆိုပါပူးပေါင်းဆောင်ရွက်မှုကို မိတ်ဆက်ခဲ့ခြင်းဖြစ်ပြီး VIPRO အမည်ရှိ တန်ပြန်ဒရုန်းရန် တိုက်ဖျက်ရေးစနစ်ကို ၂၀၂၆ ခုနှစ်တွင် ထုတ်လုပ်သွားရန် စီစဉ်ထားသည်။ VIPRO သည် ရန်သူ့ဒရုန်းများကို တိုက်ခိုက်ရန်အတွက် Nordic Air Defence ကုမ္ပဏီ၏ Kreuger 100XR ကြားဖြတ်တိုက်ခိုက်ရေး လက်နက်ကို ဗော်လ်ဗို၏နည်းဗျူဟာမြောက် ထရပ်ကားယာဉ်များပေါ်တွင် တပ်ဆင်ထားသော ဒုံးပြွန်များဖြင့်လွှတ်တင်နိုင်သည့် စနစ်မျိုးဖြင့် ပေါင်းစပ်အသုံးပြုထားသည်။ သတင်းရင်းမြစ်များအရ အဆိုပါကြားဖြတ်တိုက်ခိုက်ရေးလက်နက်သည် အကွာအဝေး သုံးကီလိုမီတာကျော်ထိ တိုက်ခိုက်နိုင်ပြီး ဉာဏ်ရည်တုနည်းပညာအသုံးပြု၍ ရန်သူကို ကိုယ်တိုင်အလိုအလျောက် ထောက်လှမ်းခြင်းနှင့် ခြေရာခံခြင်းပြုလုပ်နိုင်ကြောင်း သိရသည်။ ၎င်း၏ဒီဇိုင်းမှာ အစိတ်အပိုင်းများကို ပြောင်းလွယ်ပြင်လွယ်တပ်ဆင်နိုင်ရန် ပြုလုပ်ထားသည့်အတွက် မြေပြင်သွားယာဉ်များအပြင် ရေယာဉ်များနှင့်လေကြောင်းစနစ်များတွင်ပါ အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။

အဆိုပါပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ၎င်းတို့၏စီမံကိန်းသည် ခေတ်သစ်ပဋိပက္ခများတွင် ကုန်ကျစရိတ်နည်းသော နည်းဗျူဟာမြောက် ဒရုန်းများအသုံးပြုမှု ကြီးထွားလာခြင်းအပေါ် တုံ့ပြန်ရန်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ပွင့်လင်းသတင်းရင်းမြစ်များအရ ပျက်စီးဆုံးရှုံးခဲ့ကြသော ယာဉ်၊ ယန္တရားများ၏ သုံးပုံ နှစ်ပုံနီးပါးမှာ ဒရုန်းများ၏ တိုက်ခိုက်မှုကြောင့်ဖြစ်သည်ဟု သိရှိခဲ့ရသည်။ ဤဖြစ်စဉ်များကိုကြည့်ခြင်းဖြင့် အုပ်ချုပ်ထောက်ပံ့ရေးပစ္စည်းများနှင့် စစ်သည်များ သယ်ယူပို့ဆောင်ရေးအတွက် မရှိမဖြစ်လိုအပ်သော ထရပ်ကားများ၊ ယာဉ်များအပေါ် ဒရုန်းရန်ကာကွယ်ရေးအတွက်မှာ အထူးအရေးပါလာကြောင်း ဖော်ပြနေသည်။ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဆွီဒင်ကာကွယ်ရေးပစ္စည်း စီမံခန့်ခွဲရေးဌာနသည် ၎င်းတို့၏ကြည်းတပ်အတွက် ဗော်လ်ဗိုနှင့် စကန်းနီးယားကုမ္ပဏီတို့ထံမှ ထရပ်ကား ၇၇၅ စီး မှာယူခဲ့ခြင်းသည်လည်း ကြည်းတပ်၏ ထိုယာဉ်များအပေါ် ဆက်လက်အားထားနေမှုကို ပြသနေသည်။



ယာဉ်တင်ကာကွယ်ရေးဆိုင်ရာဆန်းသစ်တီထွင်မှုများသည် ကာကွယ်ရေး၏ အနာဂတ်ကို ပုံဖော်ရုံသာမက လူ့အဖွဲ့အစည်းများအတွက် အရေးပါသော သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးစနစ်များ၏ ခံနိုင်ရည်ရှိမှု၊ ရပ်တည်ရှင်သန်နိုင်မှုတို့ကိုပါ အာမခံနိုင်သည်ဟု ဗော်လ်ဗိုကာကွယ်ရေး ကုမ္ပဏီ၏ ဥက္ကဋ္ဌအန်ဒရီးယပ်စ်စဗီနွန်းဆွန်က ပြောကြားခဲ့သည်။

ယခုလို တန်ပြန်ဒရုန်းတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ပိုမိုရှုပ်ထွေးလာသည့် ခြိမ်းခြောက်မှုပတ်ဝန်းကျင်တွင် စစ်ဘက်ဆိုင်ရာနှင့် အရပ်ဘက်ဆိုင်ရာ နှစ်မျိုးစလုံးအတွက် လုံခြုံရေးကိုကာကွယ်ပေးနိုင်သည့် နည်းလမ်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ကြောင်း ဗော်လ်ဗိုကာကွယ်ရေးကုမ္ပဏီ၏ ဥက္ကဋ္ဌ အန်ဒရီးယပ်စ်စဗီနွန်းဆွန်က ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**Volvo, Nordic Air Defence Partner on Vehicle-Mounted Anti-Drone System**

**မင်းမျိုး**

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးမည်


ယခင်နှစ်က ထောပတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ထီးချိုင့် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထီးချိုင့်မြို့နယ်တွင် ထောပတ်ပဲ ဧက ၃၄၅၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထီးချိုင့်မြို့နယ်အတွင်း ထောပတ်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ထောပတ်ပဲကို ဆောင်းမှာပဲစိုက်ပျိုးကြတာပါ။ ထောပတ်ပဲသီးနှံစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းကြပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ထောပတ်ပဲ စိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေ တိုးပွားလာကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ထောပတ်ပဲကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကော့မှူးမြို့နယ် သမင်ခြံကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း မိတ်ဆက်ရှင်းလင်း၍ ကော်မတီဖွဲ့စည်း



**ကော့မှူး စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart village) ဆောင်ရွက်မည့် သမင်ခြံကျေးရွာ၌ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ခေတ်မီစံပြကျေးရွာထူထောင်ရေး စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**အထွေး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လအတွင်းက သွေးခုံးပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

''ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို သွေးခုံးပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက်ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ဒေသတွင်းမှာကို သွေးခုံးတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ လက်ရှိစက်တင်ဘာလထဲမှာလဲ သွေးခုံးတွေ အပါအဝင် ဒေသရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြူကြူက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၉ရက်က အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ် ဆောင်ရွက်ပုံအဆင့်ဆင့်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၂၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ကန်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၃ ဒသမ ၂၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းစိုး**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မော်ဘီ)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

**ရှေ့ဖုံးမှအဆက်**

အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူ သိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လိုကြောင်း၊** ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့်အရုပ်နှစ်ခုလုံးပါဝင်သည်ဖြစ်သဖြင့် အသံကောင်းမွန်ရုံသာမက တင်ဆက်သည့် အစီအစဉ်နှင့်ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေး တည်းဖြတ်ခြင်းများကိုစနစ်တကျဖြင့်ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ **အစီအစဉ်များ ထုတ်လွှင့်ရာတွင်လည်း ပြည်သူများ ကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတ ရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြုအစီအစဉ်ကောင်းများဖြစ်ရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ) ဝန်ထမ်းစားရိပ်သာ အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ)မှ အရာရှိစစ်သည်များ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်(မော်ဘီ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရှမ်းပြည်နယ်အတွင်း နေကြာစိုက်သမဝါယမအသင်းသားတောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့် သွင်းအားစုများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံနေကြာစိုက် သမဝါယမအသင်းသားတောင်သူများသို့ သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့် သွင်းအားစုပေးအပ်ပွဲကို ယနေ့တွင် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။




အဆိုပါပေးအပ်ပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများ၊ အသင်းသားတောင်သူများ တက်ရောက်ကြသည်။

ဦးစွာ သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်အတွင်း ဆီထွက်သီးနှံနေကြာစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူများသို့ မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးမည့်အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှတင်သွင်းမှုလျှော့ချရန်အတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရန် လမ်းညွှန်ချက်နှင့်အညီ မိမိတို့ဝန်ကြီးဌာနရှိ သမဝါယမဦးစီးဌာနက သီးနှံပေါ်ပေးစနစ်ဖြင့် မျိုးနှင့်သွင်းအားစုများပံ့ပိုးလျက်ရှိပြီး ယခုအခမ်းအနားတွင် တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်တို့မှ နေကြာစိုက်သမဝါယမအသင်း ၂၅ သင်း၏ စိုက်ဧက ၅၀၀၀ အတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းနှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ထွက်ရှိသောသီးနှံများ ဈေးကွက်ရရှိရေးနှင့် သမဝါယမချေးငွေများ၊ မြစိမ်းရောင်(ဆီထွက်သီးနှံနေကြာ) စီမံကိန်းချေးငွေ၊ သက်တံရောင်စီမံကိန်းချေးငွေများကိုသက်သာသောအတိုးနှုန်းဖြင့် မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသား တောင်သူများ၏ လုပ်ငန်းလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က တောင်ကြီး၊ ပင်းတယ၊ ညောင်ရွှေမြို့နယ်အတွင်းရှိ နေကြာစိုက်သမဝါယမအသင်း ၂၅ သင်း၏ စိုက်ဧက ၅၀၀၀ အတွက် ငွေကျပ်သန်း ၁၅၀၀ တန်ဖိုးရှိ အထွက်တိုးမျိုးနှင့် သွင်းအားစုများကို ပေးအပ်သည်။

ဆက်လက်၍ အင်းပေါ်ခုံခေတ်မီစံပြကျေးရွာ (Smart Village)၌ မြစကြာ ရက်ကန်းလုပ်ငန်းတွင် ကြာချည်မျှင်ထုတ်ပုံ၊ ကြာချည်ဖြင့်ရက်လုပ်သော လက်ရက်ကန်းထည်များ၊ ပိုးချည်ဖြင့်ရက်လုပ်သော လက်ရက်ကန်းထည်များနှင့် ရက်ကန်းထည်ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်၏တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ကျေးရွာသူ၊ကျေးရွာသားများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မန္တလေးလျှော်ဘေးဒဏ်သင့်ညောင်ရွှေမြို့နယ်မှ ကျေးရွာ ၂၉ ရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၄၃၅၀ ၊ ကျေးရွာ ရှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၂၀၀၀၊ ကျေးရွာ ၁၁ ရွာအတွက် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၉၀၀ စုစုပေါင်း ကျေးရွာ ၄၈ ရွာအတွက် စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၈၂၅၀ ကို ကျေးရွာအလိုက် ကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းဖွင့်လှစ်သည့်အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝဆိုးဆေးနည်းပညာသင်တန်း တက်ရောက်အောင်မြင်ခဲ့သော သင်တန်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး သင်တန်းဆင်း လက်ရာများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး ပန်း၊ ရေချမ်း၊ ရွှေသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ မန္တလေးငလျင်ကြီးကြောင့် စေတီတော်မြတ်ကြီး ထိခိုက်မှုများ ပြန်လည်ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ တောင်ကြီးမြို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး ငလျင်ဒဏ်သင့်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်မှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ည ၆ နာရီက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်မှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုလေ့လာရေးခရီးစဉ်သည် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ရှစ်ကြိမ်မြောက်လေ့လာရေးခရီးစဉ်ဖြစ်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအကြား တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများကို အမြင်ချင်းဖလှယ်နိုင်ပြီး ရင်းနှီးမှုများ ပိုမိုရရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ပေါင်းစုထားသည့် ပြည်ထောင်စုတစ်ခုဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးသည် အလွန်အင်မတန် အရေးကြီးပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ပါက စစ်မှန်သည့်ညီညွတ်ရေးကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရန်အတွက် အရေးကြီးဆုံးအချက်သည် ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုလေ့လာရေးခရီးစဉ်တွင် ငြိမ်းချမ်းသည့်ဒေသများ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သဖြင့် နိုင်ငံတော်က ငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နည်းတူ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးကလည်း အတူတကွ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။




ထို့နောက် ရှမ်းပြည်နယ်မှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကို ဂါရဝပြုလက်ဆောင်များ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ကြကာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စား ပအိုဝ်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့်တာဝန်ရှိသူများသည် လေ့လာရေးလာရောက်ကြသည့် အဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် ညစာသုံးဆောင်ကြကာ ညစာသုံးဆောင်စဉ်တိုင်းရင်းသားရိုးရာတေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တွေ့ဆုံ



ရန်ကုန် စက်တင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ရုံး၌ မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာစာနှင့် အင်္ဂလိပ်စာသည် အစိုးရအဖွဲ့အစည်းများတွင်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍများတွင်ဖြစ်စေ တာဝန်ထမ်းဆောင်ရာတွင် နေ့စဉ်အသုံးပြုနေသော ဘာသာစကားဖြစ်ကြောင်း၊ သို့ဖြစ်၍ မြန်မာဘာသာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ မြန်မာအဘိဓာန်များ၊ မြန်မာ-အင်္ဂလိပ် အဘိဓာန်စာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ ထွက်ရှိနိုင်ရေး ဆရာကြီး၊ဆရာမကြီးများ၏ လုပ်အား၊ ဉာဏ်အား၊ ကြိုးစားအားထုတ်မှုများကိုတန်ဖိုးထားပါကြောင်း၊ သင်ရိုးများ၊ ရုံးသုံး မြန်မာစာအရေးအသားများတွင် မြန်မာစာအရေးအသား မှန်ကန်ရန် ဆရာကြီး၊ဆရာမကြီးများ၏ ကြီးကြပ်မှုဖြင့် ဦးစီးဌာနရှိ မြန်မာစာဌာနခွဲ၊ ဘာသာပြန်ဌာနခွဲများက ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေသည့် အဘိဓာန်စာအုပ်များသည် တက္ကသိုလ်များ၊ ကျောင်းများ၊ မြန်မာစာဌာနများနှင့် သက်ဆိုင်ရာဦးစီးဌာနများရှိ စာကြည့်တိုက်များတွင် မရှိမဖြစ်ထားရှိရမည့် စာအုပ်များဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်စင်အေးက မြန်မာစာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ မြန်မာစာအဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများက ဆောင်ရွက်လျက်ရှိသည့် အဘိဓာန်ပြုစုရေး လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာစာရည်ညွှန်းစာကြည့်တိုက်အတွင်းရှိ ဦးစီးဌာနထုတ် စာအုပ်များနှင့် ရည်ညွှန်းကျမ်းများ၊ ကိုးကားကျမ်းများ စနစ်တကျဆောင်ရွက်ထားရှိမှုနှင့် e-library စနစ် ချိတ်ဆက်ဆောင်ရွက်ထားရှိမှုနှင့် အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များပုံနှိပ်တိုက်၌ ပုံနှိပ်လုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာဆိုင်ရာကုမ္ပဏီများသို့ သွားရောက်ကြည့်ရှုလေ့လာပြီး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများကို တွေ့ဆုံနှုတ်ဆက်၊ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက် (12th Beijing Xiangshan Forum) ဒုတိယနေ့ (နောက်ဆုံးနေ့) စုံညီအစည်းအဝေး တတိယပိုင်းနှင့် စတုတ္ထပိုင်း (3rd and 4th Plenary Session) တို့သို့ ဆက်လက်တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက် ညနေပိုင်းများတွင် ပေကျင်းအခြေစိုက် စစ်ဘက်ဆိုင်ရာ အဆင့်မြင့်စက်မှုနည်းပညာဆိုင်ရာ ကုမ္ပဏီများသို့သွားရောက်လေ့လာခဲ့ပြီး မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုများ၊ လေကြောင်းနည်းပညာဆိုင်ရာပစ္စည်းများ၊ အီလက်ထရောနစ် စစ်ဆင်ရေးနှင့် လေကြောင်းရန်ကာကွယ်ရေးနည်းပညာဆိုင်ရာ စစ်လက်နက် ပစ္စည်းများကို လေ့လာကြည့်ရှုခဲ့ပြီး နည်းပညာ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ သင်တန်းသားများနှင့် တွေ့ဆုံစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် မြန်မာ သံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ မိသားစုများ၊ ပေကျင်းမြို့ရှိ သင်တန်းကျောင်းများတွင် သင်တန်းတက်ရောက်နေကြသည့် သင်တန်းသားများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ၎င်းတို့အတွက် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့သည်။

ထို့နောက် ပေကျင်းမြို့ရှိ Capital လေဆိပ်မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (မဝ၁)

# ၈ ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် ၈ ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၊ လန်ချန်း- မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် ၂၀၂၅ သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကွမ်ကျိုးမြို့မှတစ်ဆင့် ပေကျင်းမြို့သို့ ရောက်ရှိသည်။

စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Rui An ဟိုတယ်၌ ကျင်းပပြုလုပ်သည့် ၈ ကြိမ်မြောက် တရုတ်- မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်၍ နှစ်နိုင်ငံ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြီး အစည်းအဝေး သဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ညနေပိုင်းတွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး၊ လန်ချန်း-မဲခေါင်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုပိုမိုမြင့်မားလာစေပြီး နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးစသည့် ကိစ္စရပ်များကိုဆွေးနွေးပြီး ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာ ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လုံခြုံရေးဆိုင်ရာ နည်းပညာပြပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ် ၂၀၂၅ သို့ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးနယ်ပယ်တွင် လက်တွေ့ဆန်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို နိုင်ငံပေါင်းစုံ အတူတကွ လက်တွဲပူးပေါင်းတိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ဖြေရှင်းရေး စသည်တို့ကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။




စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကာ စက်တင်ဘာ ၁၉ ရက်တွင် ရှန်ဟိုင်းမြို့ ပြည်သူ့လုံခြုံရေးဦးစီးဌာန၏ Pu Tuo ခရိုင်ရဲဌာနချုပ်သို့ သွားရောက်၍ ရာဇဝတ်မှုခင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်းသော ရဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကိုကြည့်ရှုလေ့လာခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ လန်ချန်း- မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ လည်းကောင်း၊ ကမ္ဘာ့ဒေသအသီးသီးမှ နိုင်ငံများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများအရလည်းကောင်း အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏မဲရလဒ်

မောင်အိပ်စ်ဇဲ

ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ပြည်တွင်းပညာရှင်များ တီထွင်ထုတ်လုပ်ထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များအသုံးပြု၍ ဆန္ဒမဲပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွေးကောက်ပွဲတွင် မဲရုံအဖွဲ့ဝင်အဖြစ်တာဝန်ထမ်းဆောင်မည့်သူများအား "မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း" သင်တန်းများကို မြို့နယ်အသီးသီးတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသည် ယခင်ရွေးကောက်ပွဲများကဲ့သို့ သမားရိုးကျမဲလက်မှတ်နှင့် မဲပေးရခြင်းမျိုးမဟုတ်ဘဲ မဲပေးစက်တွင် မိမိဆန္ဒပြုလိုသည့် ပါတီ/ကိုယ်စားလှယ်ကို ခလုတ်နှိပ်မဲပေးရခြင်းမျိုးဖြစ်သည့်အတွက် မဲပေးရာတွင်လည်းကောင်း၊ မဲရလဒ်များထုတ်ယူရာတွင်လည်းကောင်း မဲပေးစက်၏ပွင့်လင်းမြင်သာရှိမှု၊ တိကျမှန်ကန်မှုတို့ကို လေ့လာတင်ပြလိုသည်။

**မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံ**

မဲပေးစက်ကို စက်အစိတ်အပိုင်းသုံးခုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး အဆိုပါအစိတ်အပိုင်း တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုရသည်။ အစိတ်အပိုင်းများအနက် ဆန္ဒပြုစက် (Ballot Unit – BU)နှင့် မဲပေးချက်ဖော်ပြသည့်စက် (Verification Unit – VU)များသည် မဲဆန္ဒရှင်နှင့်သက်ဆိုင်သော အစိတ်အပိုင်းများဖြစ်ပြီး ထိန်းချုပ်စက် (Control Unit – CU) သည် မဲရုံအဖွဲ့ဝင်များက လုပ်ဆောင်ပေးရမည့် အစိတ်အပိုင်းဖြစ်သည်။ မဲပေးစက်ကို မိုက်ခရိုကွန်ထရိုလာစနစ်ဖြင့် ရိုးရှင်းစွာတည်ဆောက်ထားပြီး လျှပ်စစ်မီးမရသည့်နေရာများတွင်လည်းသုံးနိုင်ရန် Battery စနစ်ကို အသုံးပြုထားသည်။ ထို့ပြင် ကွန်ပျူတာများကဲ့သို့ Window OS စနစ်မပါဝင်ခြင်း၊ Internet, Bluetooth, USB စသည့် External Device များ ချိတ်ဆက်နိုင်သည့် အပေါက်များမပါဝင်ခြင်းအပြင် မဲပေးစက်အစိတ်အပိုင်းတစ်ခုနှင့်တစ်ခုကို မည်သည့် External Device များ၊ ကြိုးမဲ့ Device များ မချိတ်ဆက်နိုင်စေရန် သီးသန့်တီထွင်ထားသည်။ မဲပေးစက်၏ထိန်းချုပ်စက်တစ်လုံးချင်းကိုလည်း စက်အမှတ် Serial No. များ သတ်မှတ်၍ မဲရုံအလိုက်ဖြန့်ခွဲသည့် စက်နံပါတ်များကို မှတ်တမ်းထားရှိသည်။ သို့အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ မသမာသောနည်းလမ်းဖြင့်မဲပေးခြင်း၊ မဲရလဒ်ထုတ်ယူခြင်း၊ ထိန်းချုပ်စက်လဲလှယ်ခြင်း စသည်တို့ကို လိုသလိုပြင်ဆင်ဆောင်ရွက်၍မရနိုင်ပါ။

**မဲပေးစက်ဖြင့် မဲပေးခြင်း**

ယခင်ရွေးကောက်ပွဲများကဲ့သို့ အမှန်ခြစ်၊ တံဆိပ်တုံးထုခြင်းလွဲမှားမှုကြောင့် ပယ်မဲဖြစ်ခြင်းမျိုးမရှိတော့ဘဲ ဆန္ဒပြုစက်တွင် မီးစိမ်းလေးလင်းပါက မိမိဆန္ဒပြုလိုသော ပါတီ/ကိုယ်စားလှယ်ကို ရွေးပြီး ဘေးကခလုတ်အပြာလေးကိုနှိပ်ကာမဲပေးနိုင်သည်။ ထို့နောက် မိမိဆန္ဒပြုခြင်းမှန်၊ မမှန် မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်လာသည့် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကို ၄ စက္ကန့်မျှ ကြည့်ရှုစစ်ဆေးနိုင်သည်။ ဆန္ဒမဲဖြတ်ပိုင်း မဲပုံးထဲသို့ကျသွားမှ မဲပေးခြင်းပြီးဆုံးမည်ဖြစ်သည်။ မဲပေးစက်ဖြင့် မဲပေးခြင်းကို ထိုကဲ့သို့ ပွင့်လင်းမြင်သာဖြစ်စေရန် ဆောင်ရွက်ထားရှိသည်။ သို့သော် မဲပုံးထဲကျသွားသောဖြတ်ပိုင်းသည် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းဖြစ်သဖြင့် စတိုးဆိုင်တွင် ဈေးဝယ်သည့်အခါ ငွေရှင်းဘောက်ချာမှတ်တမ်းယူသကဲ့သို့ ပြန်ယူသွား၍မရနိုင်ပါ။ ယခင်မဲလက်မှတ်နှင့်ဆန္ဒပြုခဲ့စဉ်ကလည်း မဲပေးပြီးပါက မဲလက်မှတ်ကို မဲပုံးထဲသို့ထည့်ခဲ့ကြရသည်။

**မဲမပေးမီ မဲပေးစက်အားစစ်ဆေးခြင်း**

မဲရုံမှူးနှင့် လွှတ်တော်မဲဆန္ဒနယ်အလိုက် ထိန်းချုပ်စက်ကိုင်တွယ်သူများသည် မဲပေးခြင်းမစတင်မီ မဲပေးစက်အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအား သေချာစွာ တပ်ဆင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးရသည့်အပြင် မဲပုံးအတွင်း ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများ ကျန်နေခြင်း ရှိ၊ မရှိ မဲရုံကိုယ်စားလှယ်များရှေ့မှောက်တွင်စစ်ဆေးပြီး သတ်မှတ်ပုံစံများဖြည့်သွင်း၍ လက်မှတ်ရေးထိုးရသည်။ ထို့နောက် စက်အစိတ်အပိုင်းတစ်ခုချင်း၏ သတ်မှတ်နေရာများတွင် လုံခြုံရေးကြိုးများကို ချည်နှောင်ရသည်။ ဆက်လက်၍ "Total" ခလုတ် (မဲပေးပြီးသည့်အရေအတွက် စစ်ဆေးသည့်ခလုတ်) ကိုနှိပ်၍ ထိန်းချုပ်စက်တွင် မဲပေးထားမှုလုံးဝမရှိသည့် အနေအထားကို မဲရုံကိုယ်စားလှယ်များအား ပြသရသည်။ ထိုသို့ဆောင်ရွက်ပြီးမှသာ မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off" ခလုတ်ကိုနှိပ်၍ မဲရုံကို ဖွင့်ပေးရသည်။

**မဲပေးနေစဉ် ထိန်းချုပ်စက်ကိုင်တွယ်သူ၏လုပ်ငန်း**

ထိန်းချုပ်စက်ကိုင်တွယ်သူသည် မဲဆန္ဒရှင်လျှို့ဝှက်ဆန္ဒပြုခန်းသို့ရောက်လျှင် ထိန်းချုပ်စက်ရှိ "Ballot" ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကိုခွင့်ပြုပေးရသည်။ ထိုသို့ခွင့်ပြုပေးလိုက်သည်နှင့်တစ်ပြိုင်နက် ထိန်းချုပ်စက်ရှိ Display Screen တွင် "Start"ဟူသော စာသားပေါ်လာပြီး မီးစိမ်းလင်း၍ အသံတိုထွက်ပေါ်လာသည်၊ တစ်ပြိုင်တည်းမှာပင် ဆန္ဒပြုစက်တွင်လည်း မီးစိမ်းလင်းလာမည်ဖြစ်သည်။ မဲဆန္ဒရှင်မဲပေးပြီးပါက ထိန်းချုပ်စက်တွင်အသံတိုထပ်မံထွက်ပေါ်လာပြီး မီးစိမ်းလည်း ပိတ်သွားမည်ဖြစ်သည်။ မဲပေးနေစဉ်အတွင်း ထိန်းချုပ်စက်တွင် "On/Off" "Total" "Ballot" ခလုတ်သုံးခုမှအပ ကျန်ခလုတ်များအား အဖုံးအုပ်၍ လုံခြုံရေးကြိုးဖြင့် ချည်နှောင်ထားခြင်း၊ ဆန္ဒပြုစက်ကိုသာ လျှို့ဝှက်ဆန္ဒပြုခန်းတွင်ထားပြီး ထိန်းချုပ်စက်ကို အများမြင်သာသောနေရာတွင် ထားရှိခြင်းတို့ကြောင့် ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် မသမာသော နည်းလမ်းများလုပ်ဆောင်၍ မရနိုင်ပါ။ ထို့ပြင် နိုင်ငံရေးပါတီများမှ ခန့်အပ်ထားသော မဲရုံကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် စက်များကို ခင်းကျင်းထားရှိပြီး ၎င်းတို့ကလည်း စောင့်ကြည့်နိုင်မည်ဖြစ်သည်။

**မဲပေးနေစဉ်စစ်ဆေးခြင်းနှင့် မဲရုံပိတ်ခြင်း**

မဲပေးနေစဉ်အတွင်း မဲရုံမှူးသည် မဲစာရင်းမှတ်တမ်းစာအုပ်ပါ မဲပေးပြီးအရေအတွက်နှင့် ထိန်းချုပ်စက်ရှိ "Total" ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီးအရေအတွက်တို့ ကိုက်ညီမှုရှိ၊ မရှိတိုက်ဆိုင်စစ်ဆေးနိုင်သည်။ မဲပေးခြင်းပြီးဆုံးချိန်တွင် မဲရုံမှူးသည် ထိန်းချုပ်စက်ကိုင်တွယ်သူအား "Total" ခလုတ်ကိုနှိပ်၍ Display Screen တွင် ဖော်ပြသော စုစုပေါင်းမဲပေးပြီးအရေအတွက်ကို မှတ်သားစေရသည်။ ထို့နောက် မဲရုံမှူးသည် ထိန်းချုပ်စက်ရှိ "On/Off " ခလုတ်ကိုနှိပ်၍ မဲရုံကိုပိတ်သည်နှင့် နောက်ထပ်မဲပေးခြင်းလုပ်ငန်းများ လုံးဝမဆောင်ရွက်နိုင်တော့ပါ။

**မဲပေးစက်ဖြင့်မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်ဖြင့် မဲပေးရာတွင် မဲဆန္ဒရှင်တစ်ဦးချင်းအနေဖြင့် မိမိခလုတ်နှိပ်ဆန္ဒပြုလိုက်သော ပါတီ/ကိုယ်စားလှယ်လောင်း မှန်၊ မမှန် ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းကိုကြည့်ရှု၍ ပြန်လည်စိစစ်နိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူက "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးမှသာလျှင် ခလုတ်နှိပ်မဲပေးနိုင်ခြင်း၊ ထိန်းချုပ်စက်ကိုင်တွယ်သူအနေဖြင့် "Ballot" ခလုတ်ကိုနှိပ်၍ ခွင့်ပြုပေးခြင်းကို မဲရုံကိုယ်စားလှယ်များ/အများပြည်သူရှေ့မှောက်တွင် လုပ်ဆောင်ပေးရသဖြင့် မသမာမှုတစ်ခုခုလုပ်ဆောင်ပါက ကန့်ကွက်နိုင်ခြင်း၊ မဲရုံမှူးအနေဖြင့် ထိန်းချုပ်စက်ရှိ "On/Off " ခလုတ်ကို နှိပ်၍ မဲရုံကို ဖွင့်/ပိတ် ပြုလုပ်ပေးခြင်းအပြင် မဲပေးနေစဉ်တွင် "Total"ခလုတ်နှိပ်၍ မဲပေးပြီးသူအရေအတွက်ကိုစစ်ဆေးခြင်းမှလွဲ၍ ကျန်လုပ်ငန်းများဆောင်ရွက်နိုင်ခွင့်မရှိခြင်း စသည်ဖြင့် ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ထားသဖြင့် မဲထပ်ထည့်ခြင်း၊ မဲအရေအတွက်ပြောင်းလဲစေရန်တို့ကို လုပ်ဆောင်၍မရနိုင်ပါ။




မဲရလဒ်စာရွက်ဖြတ်ပိုင်းပုံစံ

**မဲပေးစက်မှ မဲရလဒ်များထုတ်ယူခြင်း**

မဲရုံမှူးသည် မဲရုံပိတ်ပြီးပါက မဲရုံကိုယ်စားလှယ်များကို မဲပေးစက်ရှိရာသို့ခေါ်ယူ၍ မဲပေးစက်ရှိ လုံခြုံရေးကြိုးများ မူလအခြေအနေအတိုင်း ရှိ၊ မရှိ စစ်ဆေးပြသရသည်၊ ထို့နောက် ၎င်းတို့ရှေ့မှောက်တွင် "Print" ခလုတ်ကိုနှိပ်ပြီး မဲပေးချက်ဖော်ပြသည့်စက်မှ ထွက်ရှိလာသောမဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်းကို ထုတ်ယူရသည်။ ၎င်းဖြတ်ပိုင်းပါ ပါတီ/ကိုယ်စားလှယ်လောင်းတစ်ဦးချင်းရရှိသည့် မဲရလဒ်များကို အများပြည်သူသိရှိစေရန် ကြေညာပေးရသည့်အပြင် မဲရုံကိုယ်စားလှယ်များကိုလည်း ပြသရသည်။ ဆက်လက်၍ သတ်မှတ်ပုံစံတွင် မဲရလဒ်များထည့်သွင်းပြီး မဲရလဒ်များပါဝင်သည့် စက္ကူဖြတ်ပိုင်း၏ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များအားလုံးက လက်မှတ်ရေးထိုးမှတ်တမ်းထားရှိရမည်ဖြစ်သည်။

**မဲရလဒ်များထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှု**

မဲပေးစက်မှ မဲရလဒ်များထုတ်ယူခြင်းကို မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့်အများပြည်သူရှေ့မှောက်တွင် ပွင့်လင်းမြင်သာရှိစွာလုပ်ဆောင်ရခြင်းဖြစ်သည်။ သို့သော် ဤလုပ်ငန်းစဉ်သည် လွယ်ကူမြန်ဆန်သည့်အတွက် မှန်ကန်ပါ့မလားဟု သံသယဝင်စရာဖြစ်နိုင်သလို တကယ်ဆို မဲပုံးထဲမှဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများကို ရေတွက်၍မရဘူးလားဟုလည်း မေးခွန်းများရှိလာနိုင်သည်။ မဲပေးစက်ကိုတီထွင်ရခြင်း၏ရည်ရွယ်ချက်များတွင် ယခင်ကဲ့သို့ မဲရုံဝန်ထမ်းများ မဲလက်မှတ်များကို ခိုင်လုံမဲ၊ ပယ်မဲခွဲခြား၍ အချိန်လွန်သည်အထိ တစ်ရွက်ချင်းရေတွက်ရခြင်း၊ အငြင်းပွားရခြင်းများမရှိတော့စေရန်ဆိုသည့်အချက်လည်း ပါဝင်သည်။ ယနေ့ခေတ်တွင် လူအား၊ အချိန်အား လျှော့ချလိုသည့်အတွက် နည်းပညာများကို တီထွင်အသုံးပြုနေကြခြင်းဖြစ်သဖြင့် မဲပေးစက်သုံးပြီး အချိန်ကုန်ခံမဲရေတွက်နေရမည်ဆိုပါက တီထွင်အသုံးချမှုများ အလဟဿဖြစ်သွားမည်။ ဆန္ဒမဲလက်မှတ်များကိုရေတွက်လိုပါက ဥပဒေ၊ နည်းဥပဒေနှင့်အညီ ကန့်ကွက်လွှာတင်သွင်း၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ရရှိမှသာ ရေတွက်နိုင်မည်ဖြစ်သည်။

ထို့ပြင် မဲရလဒ်ဖြတ်ပိုင်းတွင် ထိန်းချုပ်စက်နံပါတ်၊ ရွေးကောက်ပွဲကျင်းပသည့်ရက်စွဲ၊ ဖြတ်ပိုင်းထုတ်ယူသည့်အချိန်တို့ ဖော်ပြပါရှိသဖြင့် မဲရုံကိုယ်စားလှယ်များက တိတိကျကျစစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။


**တိကျမှန်ကန်သောမဲရလဒ်များ**

မဲပေးစက်၏လုပ်ဆောင်ပုံကို နားလည်လွယ်စေရန် ဥပမာပေးရှင်းပြရမည်ဆိုပါက အမှတ်စဉ် ၁ မှ ၅ အထိ မီးခလုတ် ၅ ခုရှိသည်ဆိုပါစို့။ နံပါတ် ၁ မီးခလုတ်ကိုနှိပ်ပါက နံပါတ် ၁ မီးလုံးလင်းပြီး နံပါတ် ၂ မီးခလုတ်ကိုနှိပ်ပါက နံပါတ် ၂ မီးလုံးလင်းမည်။ သူ့ခလုတ်နှင့်သူ့မီးလုံး မှန်မှန်ကန်ကန်လင်းအောင်လုပ်ထားမည်။ ဒီအခြေအနေတွင် မီးခလုတ်တစ်ခုကို ဘယ်နှကြိမ်နှိပ်သည်ဆိုသည်ကိုမှတ်ထားသည့် Memory စနစ်လေး ထည့်ထားလိုက်သည်။ မှတ်သားထားသည့် ခလုတ်တစ်ခုချင်းအား နှိပ်သောအကြိမ်အရေအတွက်ကို စာရွက်နှင့် Print ထုတ်လိုက်သည်။ ကြားထဲတွင် ဘယ်ခလုတ်ကို ဘယ်နှကြိမ်တိုးပေးပါဟုလုပ်၍မရသလို ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့်အကြိမ်အတိုင်းကိုပဲ စာရွက်တွင်ဖော်ပြပေးမည်ဖြစ်သည်။ လူအယောက် ၁၀၀ က ခလုတ်တစ်ခုကို တစ်ကြိမ်နှိပ်ခဲ့ပါက ခလုတ်တစ်ခုချင်းအလိုက် နှိပ်ခဲ့သည့်အကြိမ်အားလုံးပြန်ပေါင်းလိုက်သည့်အခါ အကြိမ် ၁၀၀ ရှိရမည်ဖြစ်သည်။ မဲပေးစက်၏လုပ်ဆောင်ပုံမှာ ဤသို့ဖြစ်သဖြင့် မဲရလဒ်ကို လိုသလိုအပြောင်းအလဲလုပ်နိုင်သည်ဟူသော ထင်မြင်ချက်သည် သံသယစိတ်သက်သက် သာဖြစ်မည်ဟု ယူဆမိသည်။ မဲရလဒ်ဖြတ်ပိုင်းပါ မဲရလဒ်များနှင့် မဲပုံးအတွင်းမှ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်းများတူညီမှု ရှိ၊ မရှိကို မဲပေးစက်အသိပညာပေးသည့်အခါ စမ်းသပ်မဲပေးခြင်းအစီအစဉ်များတွင် လက်တွေ့ဝင်ရောက်စစ်ဆေးကြည့်ရှုနိုင်သည်။

**လက်တွေ့စမ်းသပ်မဲပေးခြင်း**


မဲပေးစက်နှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်၍ ရွေးကောက်ပွဲတွင် လွယ်ကူစွာမဲပေးနိုင်ရေး မဲပေးစက်ဆိုင်ရာ ရှင်းလင်းခြင်းနှင့်


**စာမျက်နှာ ၂၀ သို့**









- ပါတီ/ကိုယ်စားလှယ် ၁၆ ခုကို မဲပေးနိုင်သော ခလုတ် ၁၆ ခုပါဝင်ပါသည်။
- ၁၆ ခုထက်ပိုပါက အများဆုံး ၃၂ ခုထိ တွဲဆက် အသုံးပြုနိုင်သည်။
- ပါတီအမည်(မြန်မာဘာသာ)၊ သင်္ကေတအမှတ်အသား၊ အမှတ်စဉ်(အင်္ဂလိပ်ဂဏန်း)များ ပါဝင်သည်။ မြန်မာ အက္ခရာစဉ်အတိုင်း အစဉ်လိုက်ပါဝင်မည် ဖြစ်ပါသည်။
- နှစ်သက်ရာ ခလုတ်ကို တစ်ကြိမ်သာ နှိပ်၍ မဲပေးရမည်။
- တစ်ကြိမ်နှိပ်ပြီးပါက နောက်ထပ်တစ်ကြိမ် နှိပ်၍ မရပါ။ စက်က လက်မခံပါ။
- ခလုတ်နှိပ်ပြီးပါက ခလုတ်ဘေးနားရှိ မီးလုံး လင်းလာမည် ဖြစ်သည်။ အချက်ပေးသံထွက်မည်။
- အကြိမ် သန်းချီ၍ နှိပ်နိုင်သောခလုတ်များ အသုံးပြု ထားပါသည်။

**စာမျက်နှာ ၁၉ မှအဆက်**

လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ မဲရလဒ်ဖြတ်ပိုင်းပါ တစ်ဦးချင်း မဲရလဒ်များနှင့် မဲပုံးအတွင်းရှိ ဆန္ဒမဲလက်မှတ်ဖြတ်ပိုင်း တစ်ခုချင်းရေတွက်မှုအရေအတွက်ကိုက်ညီကြောင်း မဲပေးစက်၏ မဲရလဒ်တိကျမှန်ကန်မှုကို လက်တွေ့ပြသနိုင်ခဲ့သည်။ ထိုသို့အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရွေးကောက်ပွဲများမည်သည် မိမိဒေသ၊ မိမိရပ်ရွာ၏အကျိုးကို မိမိတို့ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးမည်ဟု ယုံကြည်လက်ခံသောပုဂ္ဂိုလ်များအား မဲဆန္ဒရှင်ပြည်သူများက ဒီမိုကရေစီနည်းလမ်းကျကျရွေးချယ်ပေးရခြင်းဖြစ်သည်။ ဤသို့ရွေးချယ်ရာတွင် မဲဆန္ဒရှင်များ လွယ်ကူစွာမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်တစ်ဦးချင်း၏ဆန္ဒမဲတစ်ခုသည် ပယ်မဲအဖြစ် အဟောသိကံ မဖြစ်သွားစေရေး၊ မဲမသမာမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များကို တီထွင်အသုံးပြုရခြင်းဖြစ်ပြီး မဲပေးစက်ဖွဲ့စည်းတည်ဆောက်ထားပုံရိုးရှင်းမှု၊ မဲပေးစက်ဖြင့် မဲပေးရာတွင် ပွင့်လင်းမြင်သာရှိမှု၊ မဲရလဒ်များထုတ်ယူရာတွင် ပွင့်လင်းမြင်သာရှိမှုနှင့် မဲရလဒ်များတိကျမှန်ကန်မှုတို့ကို မဲဆန္ဒရှင်ပြည်သူများသိရှိနားလည်၍ လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲတွင် ခလုတ်နှိပ်မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။






# လျှော့ပြင်ထိုင်လွှပ်နှင် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI)နှင့် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ဦးစီးဌာနတို့က ကြီးမှူး၍ MRCCI SME လုပ်ငန်းကော်မတီမှ ဦးစီးကျင်းပသော ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး ပရိုမိုးရှင်းဧရိယာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ MRCCI နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များသည် နိုင်ငံ့စီးပွားရေး၏ အဓိကအုတ်မြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးနေပါကြောင်း၊ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် MSME လုပ်ငန်း လည်ပတ်နေမှုများကို ထိခိုက်ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်း လည်ပတ်နေမှုများ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ကြိုးစားရုန်းကန်နေကြရပါကြောင်း၊ ယခုဈေးရောင်းပွဲတော်သည် MSME များ၏ ငလျင်အလွန်စီးပွား ပြန်လည်ထူထောင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ စွမ်းဆောင်ရည်တိုးတက်ရေး၊ လုပ်ငန်းရှင်အချင်းချင်း ညှိနှိုင်းဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် တိုးတက်မှုအသစ်များ ဖန်တီးပေးနိုင်မည့် ဈေးရောင်းပွဲတော် တစ်ခုဖြစ်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းရှင်များ အနေဖြင့်လည်း အားစိုက်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ MRCCI ဥက္ကဋ္ဌက ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် MRCCI အသင်း၏ လုပ်ငန်းများလည်ပတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါဈေးရောင်းပွဲတော်တွင် လူသုံးကုန်စွည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေကြေးနှင့် ပညာရေးဝန်ဆောင်မှု လုပ်ငန်းများ၊ ညီနောင်အသင်းပြခန်းများ စုစုပေါင်းဆိုင်ခန်း ၁၀၀ နီးပါး ပါဝင်ပြသထားပြီး စက်တင်ဘာ ၂၂ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**


၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။


ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❑ နေရာကွက်၍မိုးကြီးနိုင်မှ

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၃ ပေ ခန့်ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်း ပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မယ်ဆိုင်ချောင်းရေ တာချီလိတ်မြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက် ၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၁ / ၂၀၂၅) ထုတ်ပြန်

၁။ လူသားတို့အပေါ် ဆင်းရဲဒုက္ခကျရောက်စေခဲ့သော ကမ္ဘာစစ်ကြီးများနှင့် ပဋိပက္ခများ၏ ဘေးအန္တရာယ်အသွယ်သွယ်မှကင်းဝေး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ဖော်ဆောင်ရန်အလို့ငှာ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်ရည်ရွယ်၍ ၁၉၈၁ ခုနှစ် စက်တင်ဘာ ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ (International Day of Peace) အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လူသားအားလုံး၏ဘဝ ဘေးကင်းလုံခြုံစွာ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် လူတိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးအားလုံးကို ရရှိခံစားနိုင်ရန်အတွက် ငြိမ်းချမ်းရေးမရှိမဖြစ်လိုအပ်ကြောင်းကို United Nations Declaration on the Right to Peace (2016) ၌ ဖော်ပြထားပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်(၁၆) (UN Sustainable Development Goal – 16 ) ပါ "ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတည်ဆောက်ရေး"ကို နိုင်ငံအသီးသီးက အထူးအလေးပေးဆောင်ရွက်လျက်ရှိကြပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း တရားမျှတမှုအပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

၄။ ၂၀၂၅ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ ဆောင်ပုဒ်မှာ **"Act Now for a Peaceful World – ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ယခုကစ ဆောင်ရွက်စို့"** ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းကလည်း တာဝန်သိသိ အသိတရားရှိရှိနှင့် မိမိတို့ဆောင်ရွက်သင့်သည့် ကဏ္ဍများကို ကြိုးပမ်းစွမ်းဆောင်ပေးကြခြင်းဖြင့် ကမ္ဘာ့လူသားအားလုံး၏ ငြိမ်းချမ်းရေးဆိုင်ရာအခွင့်အရေးကို ရရှိခံစားနိုင်ရန် ယခုမှစ၍ အားလုံးပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အား ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၁ ရက်

## ၆၁နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင်ကျရောက်မည့် ၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၁) ရဲဗိုလ်ချုပ်တင်ကိုကို၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာသောင်းလှိုင်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ကြသည့် တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများကို စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ထိုသို့လုပ်အားပေးရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများ၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းများ စုပေါင်း၍ ဆေးရုံကြီးဝင်း အတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များကို ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများကို အမြင်တင့်တယ်စေရေး၊ လေဝင်လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝ)

## အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(မြဝ)

## အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များကို အောက်ပါအတိုင်း ကြေညာလိုက်သည်-

| သင်တန်း | | စာမေးပွဲဖြေဆိုမည့်ရက် |
|---|---|---|
| ပထမအသုတ် အဝေးသင် သိပ္ပံအထူးပြု ဘာသာရပ်များအားလုံး | - | ၁-၁၀-၂၀၂၅ မှ ၉-၁၀-၂၀၂၅ ထိ |
| ဒုတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ) | - | ၂၄-၁၀-၂၀၂၅ မှ ၃၀-၁၀-၂၀၂၅ ထိ |
| တတိယအသုတ် အဝေးသင် ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ) | - | ၁၃-၁၁-၂၀၂၅ မှ ၂၁-၁၁-၂၀၂၅ ထိ |

အဆင့်မြင့်ပညာဦးစီးဌာန ပညာရေးဝန်ကြီးဌာန

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

❖ **ကျောဖုံးမှအဆက်**

ပွဲပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄) အဖြစ် စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# အင်္ဂလန်နိုင်ငံ ကောင်တီခြောက်ခုတွင် အသေးစားအပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေ



**လန်ဒန် စက်တင်ဘာ ၂၀**

အင်္ဂလန်နိုင်ငံတစ်ဝန်း အပူလှိုင်း ဖြတ်သန်းမှုပြဿနာဖြင့် ရင်ဆိုင် နေရပြီး ကောင်တီခြောက်ခုတွင် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း Met Office က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်နေပြီး အပူချိန် ပမာဏမှာ ၂၇ ဒီဂရီစင်တီဂရိတ် ထိ ရောက်ရှိနေကြောင်း၊ အပူချိန် မြင့်တက်နေသည့် ကောင်တီများမှာ အင်္ဂလန်နိုင်ငံတောင်ဘက်ပိုင်း နှင့် အရှေ့ဘက်ပိုင်းမှ ကောင်တီများဖြစ်ပြီး အပူချိန်မြင့်တက်မှု အခြေအနေများကိုလည်း Netwea-ther TV မှ တိုက်ရိုက်ထုတ်လွှင့်မှုများပြုလုပ်ကာ သတိပေးချက်များ ထုတ်ပြန်နေကြောင်း၊ အပူချိန်မြင့်တက်မှုပြဿနာဖြင့် ရင်ဆိုင်နေရသည့်ကောင်တီများမှာ နော့ဖော့ ကောင်တီ၊ ဆက်ဖော့ကောင်တီ၊ ကမ်ဘရစ်ရှိုင်းယား ကောင်တီ၊ ဘက်ရှိုင်းယားကောင်တီ၊ ဂရိတ်တားလန်ဒန်နှင့် ဆာရေးကောင်တီ တို့ဖြစ်ကြောင်း သိရသည်။

"အင်္ဂလန်နိုင်ငံတစ်ဝန်း အသေးစားအပူလှိုင်း ဖြတ်သန်းမှုတွေဖြစ်ပေါ်နေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ ရင်ဆိုင်နေရတဲ့ ကောင်တီ ခြောက်ခုရှိပါတယ်။ နော့ဖော့ကောင်တီ၊ ဆက်ဖော့ ကောင်တီ၊ ကမ်ဘရစ်ရှိုင်းယား ကောင်တီ၊ ဘက်ရှိုင်းယားကောင်တီ၊ ဂရိတ်တားလန်ဒန်နဲ့ ဆာရေး ကောင်တီတို့ဖြစ်ပါတယ်။ အပူချိန် ပမာဏကတော့ ၂၇ ဒီဂရီစင်တီ ဂရိတ်ထိမြင့်တက်နေပါတယ်။ ပုံမှန်အားဖြင့်တော့ အအေးဓာတ်မြင့်မားတဲ့ ကာလကိုရောက်ရှိနေပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် အခုလို အပူချိန်မြင့်တက်မှုနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်"ဟု Met Of-fice မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိုဇုန်းလွှာပေါက်ပြဲမှု လျော့ကျလာသော်လည်း ကမ္ဘာ့ရေထုပတ်ဝန်းကျင်ထိခိုက်မှုမြင့်တက်လာ

**ဂျီနီဗာ စက်တင်ဘာ ၂၀**

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် ကမ္ဘာ့သဘာဝပတ်ဝန်းကျင် အဖွဲ့ အစည်း(WMO) က ရာသီဥတု ဖောက်ပြန်ကာ အပူချိန်မြင့်တက်မှု ကြောင့် အိုဇုန်းလွှာပေါက်ပြဲမှု လျော့ကျလာကြောင်း သုတေသန ရလဒ်များအရ သိရသော်လည်း ကမ္ဘာ့ရေထုပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှု မြင့်မားလာကြောင်း ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

သက်ရှိသတ္တဝါများကို ခရမ်း လွန်ရောင်ခြည်ဖြင့် တိုက်ရိုက် ထိတွေ့မှုမှ ကာကွယ်ပေးနေသည့် အိုဇုန်းလွှာပေါက်ပြဲမှုပြဿနာဖြင့် ရင်ဆိုင်နေရသည်မှာ ကာလရှည် ကြာနေပြီဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်မှု လျှော့ချရေး လုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများက ဆောင်ရွက်လျက်ရှိရာ ထိရောက် မှုများရှိလာသည့်အတွက် အိုဇုန်း လွှာပေါက်ပြဲမှု လျော့ကျလာခဲ့ခြင်း ဖြစ်ကြောင်း၊ အိုဇုန်းလွှာပေါက်ပြဲမှု အရွယ်အစား ကျဉ်းမြောင်းလာ ခြင်းမှာ ကမ္ဘာမြေကြီးအတွက် ကောင်းမွန်သော်လည်း ကမ္ဘာ့ လူသားများ၏အနာဂတ်ကို ခြိမ်း ခြောက်နိုင်သည့်ရေထုပတ်ဝန်းကျင် ထိခိုက်ပျက်စီးလာမှုနှုန်း မြင့်တက် လာသည်ကို တွေ့ရှိရကြောင်း WMO က ထုတ် ပြန်ခဲ့သည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကတည်းက သိပ္ပံပညာရဲ့ဦးဆောင် မှုတွေနဲ့ ကမ္ဘာ့နိုင်ငံတွေဟာ အိုဇုန်းလွှာပေါက်ပြဲမှုပြဿနာကို ဖြေရှင်းဖို့အတွက် အတူလက်တွဲ ပြီး ပူးပေါင်းဆောင်ရွက်လာခဲ့ကြ တယ်။ ဗီယင်နာကွန်ဗင်းရှင်းမှာ တွေ့ဆုံဆွေးနွေးပြီး ဆောင်ရွက် လာခဲ့ကြတာ အတိုင်းအတာ တစ်ခုထိ အောင်မြင်တဲ့ရလဒ်ကို ရရှိလာပြီဖြစ်ပါတယ်။ အခုအချိန် မှာတော့ အိုဇုန်းလွှာဟာ ပြန်လည် ကောင်းမွန်လာပြီ ဖြစ်ပါတယ်" ဟု ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောကြားခဲ့ ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံတွင် ယခုနှစ် နှစ်ဝက်အတွင်း စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုကျဆင်းခဲ့

**နယူးဒေလီ စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံသည် စွမ်းအင် ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိရာ ယခုနှစ် နှစ်ဝက် အတွင်း စွမ်းအင်ကဏ္ဍမှ ကာဗွန် ထုတ်လွှတ်မှု ကျဆင်းခဲ့ကြောင်း Centre for Research on Energy and Clean Air (CREA) က ထုတ်ပြန်ခဲ့သည်ဟု စက်တင် ဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။



CREA ၏ မှတ်တမ်းများအရ ယခုနှစ် ပထမနှစ်ဝက်တွင် ကာဗွန် ထုတ်လွှတ်မှု ကျဆင်းလာခဲ့ခြင်း မှာ ဆယ်စုနှစ်လေးစုကျော်အတွင်း ဒုတိယမြောက် ကာဗွန်ထုတ်လွှတ် မှုကျဆင်းခြင်းဖြစ်ကြောင်း၊ စွမ်း အင်ကဏ္ဍတွင် သန့်ရှင်းသည့် စွမ်းအင်ကဏ္ဍသို့ အသွင်ကူး ပြောင်းရေးကို ဆောင်ရွက်လျက်ရှိ ပြီး မော်တော်ယာဉ်များ သုံးစွဲမှုကို လည်း ကန့်သတ်ခဲ့ကာ ရုပ်ကြွင်း လောင်စာသုံး လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုကိုလည်း လျှော့ချလာ နိုင်သည့်အတွက် ကာဗွန်ထုတ် လွှတ်မှု ကျဆင်းလာခဲ့ခြင်းဖြစ် ကြောင်း၊ ဖင်လန်နိုင်ငံအခြေစိုက် သုတေသီများ အဖွဲ့အစည်းတစ်ခု ဖြစ်သည့် Helsinki အဖွဲ့အစည်း ကလည်း အိန္ဒိယနိုင်ငံတွင်ရုပ်ကြွင်း လောင်စာသုံး လျှပ်စစ်စွမ်းအင် ထုတ်လုပ်မှုပမာဏ ကျဆင်းခဲ့ပြီး ဆိုလာစွမ်းအင်စနစ် သုံးစွဲမှု မြင့်တက်လာသည်ကို စစ်တမ်း များအရ တွေ့ရကြောင်း ထုတ် ပြန်ခဲ့သည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လ အတွင်း ရုပ်ကြွင်းလောင်စာသုံး လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုမျိုး မဟုတ်သည့် လျှပ်စစ်စွမ်းအင် ပမာဏ ၂၅ ဒသမ ၁ ဂီဂါဝပ်ထိ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်က ထုတ်လုပ်နိုင်ခဲ့သော ပမာဏထက် ၆၉ ရာခိုင်နှုန်း မြင့်မားလာခဲ့ကြောင်း Centre for Research on Energy and Clean Air (CREA) က ထုတ်ပြန်ခဲ့သည်ဟု သိရသည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ယူမာမြို့ကို မုန်တိုင်းအန္တရာယ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်နိုင်ငံ အရီဇိုးနား ပြည်နယ် ယူမာမြို့တွင် အပူပိုင်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်လာ နိုင်သည့်အတွက် မုန်တိုင်း အန္တရာယ် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အရီဇိုးနားပြည် နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု စက်တင်ဘာ ၁၉ ရက် သတင်းများတွင် ဖော်ပြထားသည်။

မုန်တိုင်းဝင်ရောက်လာဖွယ် ရှိနေသည့်အတွက် စက်တင်ဘာ ၁၈ ရက်မှစ၍ ယူမာဒေသခံ များသည် ကြိုတင်ပြင်ဆင်မှု အနေဖြင့် နေအိမ်တိုက်ခန်းများ အနီးရှိ ရေစီးဝင်လာနိုင်သည့် နေရာများတွင် အတားအဆီးများ ပြုလုပ်ရန်အတွက် ကိုယ်စီ သဲအိတ်များဖြင့် စတင်ပြင်ဆင် နေပြီဖြစ်ကြောင်း၊ ယူမာမြို့ အာဏာပိုင်အဖွဲ့အစည်းကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများ ကို မုန်တိုင်းဝင်ရောက်လာပါက မိုးသည်းထန်စွာ ရွာသွန်းနိုင် သည့်အတွက် ဖြစ်ပေါ်လာနိုင် သည့် ရေဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ စတင် ပြုလုပ်ရန်လည်း စက်တင်ဘာ ၁၈ ရက်ကတည်းက ထုတ် ပြန်ထားသည်။

"လာမဲ့ ရက်ပိုင်းအတွင်းမှာ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက် ခတ်လာနိုင်ပါတယ်။ မုန်တိုင်းနဲ့ အတူ လေပြင်းတိုက်ခတ်တာတွေ၊ မိုးသည်းထန်စွာ ရွာသွန်းတာတွေ ဖြစ်ပေါ်လာနိုင်ပါတယ်။ ခန့်မှန်း တိုင်းတာချက်အရ ယူမာမြို့ရဲ့ ဧရိယာတချို့မှာ မုန်တိုင်းဝင် ရောက်တိုက်ခတ်တဲ့ အချိန်မှာ ပုံမှန်အခြေအနေအတိုင်းနဲ့ ရင် ဆိုင်ရမှာဖြစ်သလို အချို့ဧရိယာ မှာတော့ မိုးသည်းထန်စွာရွာသွန်း ပြီးတော့ ရေဘေးအန္တရာယ် နဲ့ ရင်ဆိုင်ရနိုင်ပါတယ်"ဟု အမျိုးသားမိုးလေဝသဦးစီးဌာနမှ မိုးလေဝသ ခန့်မှန်းတိုင်းတာရေး ပညာရှင် အိုမောလေက ပြော ကြားခဲ့သည်။

ယူမာမြို့တွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှု မကြာခဏဖြစ်ပေါ်ခဲ့ သကဲ့သို့ အမြင့်ဆုံးမိုးရေချိန် အဖြစ် မိုးရေချိန် နှစ်လက်မထိ မြင့်တက်ခဲ့ကြောင်း အမျိုးသား မိုးလေဝသဦးစီးဌာနက ထုတ်ပြန် ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ရုရှားနိုင်ငံ ကမ်ချက်ကာဒေသတွင် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး ဆူနာမီသတိပေးချက်ထုတ်ပြန်

**မော်စကို စက်တင်ဘာ ၂၀**

ရုရှားနိုင်ငံ ကမ်ချက်ကာဒေသတွင် စက်တင်ဘာ ၁၉ ရက် နံနက် ပိုင်းက ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီ ကျူရှိသည့် ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်ပြင်းအားများသည့်အတွက် ဆူနာမီလှိုင်း သတိပေးချက်ထုတ် ပြန်ခဲ့သည်ဟု ရုရှားအရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနက ထုတ် ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ငလျင်လှိုင်းရောက်ရှိခဲ့သောဧရိယာ များသို့ ကယ်ဆယ်ရေးဝန်ထမ်း များကိုစေလွှတ်ခဲ့ပြီး ဒေသခံများကို လိုအပ်လာပါက ကယ်ဆယ်ရေး လုပ်ငန်းများ အမြန်ဆုံးဆောင်ရွက် ပေးနိုင်ရန် စီစဉ်ထားကြောင်း ကမ်ချက်ကာ အာဏာပိုင်အဖွဲ့ အစည်းမှ အကြီးအကဲ ဗလာဒီမီရ် ဆိုလိုဒွေါ့ဖ်က ပြောကြားခဲ့သည်။

"စက်တင်ဘာ ၁၉ ရက် မနက် ပိုင်းက ကမ်ချက်ကာဒေသမှာ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ငလျင် ပြင်းအားများလို့ ဆူနာမီလှိုင်း ဖြစ်ပေါ်လာနိုင်တဲ့အတွက် ဒေသခံ တွေအနေနဲ့ အထူးသတိပြုကြဖို့ တိုက်တွန်းအပ်ပါတယ်။ ကယ်ဆယ် ရေးဝန်ထမ်းတွေကိုလဲ ငလျင်လှိုင်း ဒဏ်သင့် အဆောက်အအုံတွေ ကို သွားရောက်စစ်ဆေးဖို့အတွက် ညွှန်ကြားထားပါတယ်"ဟု ဗလာဒီ မီရ်ဆိုလိုဒွေါ့ဖ်က ပြောကြားခဲ့သည်။

ငလျင်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် ဆူနာမီလှိုင်းပမာဏမှာ တစ်ပေမှ နှစ်ပေထိရှိနိုင်ပြီး အရှေ့ဖျား ကမ်းခြေဒေသတစ်လျှောက်တွင် ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကမ်ချက် ကာဒေသမှ ဒေသခံများကိုလည်း ဆူနာမီလှိုင်းနှင့်ပတ်သက်ပြီး အချိန် နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးမည် ဖြစ်သကဲ့သို့ ငလျင်နှင့်ပတ်သက်ပြီး ထူးခြားမှုများကိုလည်း တာဝန်သိ ပြည်သူများအနေဖြင့် အချိန်နှင့် တစ်ပြေးညီ ဆက်သွယ်အကြောင်း ကြားရန်လည်း ဗလာဒီမီရ်ဆိုလို ဒွေါ့ဖ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

ဝတ္ထုတိုကဏ္ဍ

# အငြိမ့်မင်းသမီး၏ရည်းစား

နိုင်လင်း(ရိုးရှာ)



(၁)

ည ကိုးနာရီကျော်သည်ထိ သမီးရွှေကြာ မအိပ်ဘဲ သူ့အမေ အလာကို လည်တဆန့်ဆန့်နှင့်မျှော်နေရှာ၏။ သမီးလေး မအိပ်သည်မို့ ကျွန်တော့်မှာစိတ်ညစ်နေရ၏။ စိတ်ညစ်ရသည့်အထဲတွင် ကိုဖိုးထူးတို့လင်မယားလည်းပါသည်။

ကိုဖိုးထူးအိမ်နှင့် ကျွန်တော့်အိမ်က မျက်နှာချင်းဆိုင် အိမ်ချင်းကလည်းနီးသည်။ ကိုဖိုးထူးနှင့် မဆယ်မိ အိမ်ထောင်သက်ဆယ်နှစ်ကြာသည်အထိ ကလေးမရသည်မို့ ကျွန်တော့်သမီးရွှေကြာကလေးကို သူတို့သမီးအရင်းလေးလို ချစ်ရှာ၏။

ရွှေကြာကလေးကို ချော့မော့ကာအိပ်ရန်ပြောသော်လည်း လုံးဝပြောမရ။ ပေကတ်ကတ်လုပ်နေတော့၏။

"သမီးအမေက ပွဲကသွားတာ ပြန်မလာဘူး။ မနက်ကျမှလာမှာ သမီးက လိမ္မာပါတယ်။ အိပ်တော့နော်"

"မအိပ်ဘူး အမေ့ဆီသွားမယ် လိုက်ပို့၊ ဦးလေးဖိုးထူးနဲ့ဒေါ်လေးဆယ်မိ လိုက်ပို့"

"မင်း ဘယ်လိုလုပ်မှာလဲ လွင်ဦး။ မင်းရဲ့သမီးဆန္ဒကို ဖြည့်ဆည်းမှာလား"

"စဉ်းစားပြီးမှ ပြောပါ ကိုဖိုးထူးရာ။ ငိုပါစေ မောပြီးအိပ်သွားလိမ့်မယ်"

"အိပ်ဘူး အိပ်ဘူး။ အခု လိုက်ပို့ လိုက်ပို့"

"ပြောရတယ်ခက်ပါလား ကဲဟာ ကဲဟာ"

ကျွန်တော်သည် ပြောဆိုရခက်သည့် သမီးကလေး ရွှေကြာကို ဆင့်ကာဆင့်ကာ ရိုက်မိလေ၏။ ကလေးက နာကျင်မှုကြောင့် အဆက်မပြတ်ငိုလေ၏။

"ကလေးက ဘာသိမှာလဲကွာ လွင်ဦးရာ။ စိတ်ကိုထိန်းမှပေါ့ကွာ"

"သိသိ မသိသိဗျာ၊ ရွှေကြာကလေးကို ခေါ်သွား။ ကြာရင် ကျုပ် သတ်မိလိမ့်မယ်"

ကိုဖိုးထူးတို့လင်မယား ရွှေကြာကလေးကို ခေါ်ပြီး ထွက်သွားကြ၏။ ကျွန်တော့် သမီးလေးကို ဘယ်သောအခါမျှ နာကျင်အောင် မရိုက်ခဲ့ဖူးချေ။ မရိုက်ခဲ့ပါ။

မိဘမျက်ရည်ကျအောင်၊ စိတ်ဆင်းရဲအောင် ပြုခဲ့မိသည့် အကျိုးဆက်တွေက ကျွန်တော့်ရင်ကို မီးလိုကူးစက်လောင်ကျွမ်းနေခဲ့၏။ တစ်ချိန်က မိဘစကားကို နားမထောင်ဘဲ ထင်ရာစိုင်းမိုက်မဲမိသောအဖြစ်များကို ပြန်မြင်ယောင်မိလေတော့၏။

(၂)

"ဒါက ဘယ်လဲ သား"

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အလှဆုံးပြင်ဆင်ခြယ်သပြီး ဆိုင်ကယ်ထုတ်နေစဉ် အဖေနှင့်အမေ အနားရောက်လာသည်။

"ဟိုဘက်ရွာ အလှူသွားကြည့်မလို့ပါ အဖေ"

"အပိုတွေမပြောနဲ့ လွင်ဦး။ နင့်အကြောင်းတွေ အကုန်ကြားပြီးသား။ နင်အငြိမ့်မင်းသမီးမြသီတာနဲ့ ကြိုက်နေတယ်ဆို"

"ဟုတ်ပါတယ် အမေ"

"မင်းမှာကြိုက်စရာမိန်းမ အဲဒီလောက်တောင်ပဲရှားသလားကွာ။ အငြိမ့်မင်းသမီးကိုယ်မှ ကြိုက်ရတယ်လို့"

"မင်းသမီးကို မကြိုက်ရဘူး၊ မချစ်ရဘူးလို့ ဥပဒေမှ မရှိတာဗျာ။ သူကအပျို ကျွန်တော်ကလူပျို"

"အပျိုဆိုတာ သူကပြောတာလေ။ မင်းလက်ခံတယ်ပေါ့"

အမေ့စကားကြောင့်ကျွန်တော့်မှာဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားသည်။

"မင်းသူ့ကိုယူဖို့ လုံးဝ စိတ်မကူးနဲ့။ ငါတို့ ဘယ်နည်းနဲ့မှ သဘောမတူဘူး။ အေး ပြောထားလျက်နဲ့ သူ့ကိုယူလို့ကတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းဖို့သာပြင်"ဟု အပြတ်ပြောကာ ထွက်သွား၏။ အဖေနှင့် အမေက ဘယ်လောက်ပင် တားဆီးပါစေ ကျွန်တော် မြသီတာအပေါ်ချစ်တဲ့ အချစ်တွေက လျော့မသွားခဲ့ပေ။ အချိန်ကြာလာသည်နှင့် ပိုပိုတိုးလို့လာလေ ဖြစ်နေခဲ့တော့သည်။

(၃)

စင်မြင့်ပေါ်တွင် မြသီတာ လူရွှင်တော်များနှင့် ပြက်လုံးထုတ်နေသည်ကို ပွဲကြည့်ပရိသတ်များ၏ ဩဘာလက်ခုပ်သံများနှင့် အားပေးမှုက အောချလောက်သည်။

မြသီတာက အကလည်းကောင်း၊ အသံကလည်းကောင်းသောကြောင့် သူ့ကိုချစ်ကြသည်။ သူ့ကိုအမြင်မကြည်သူမှာ မိဘနှစ်ပါးနှင့် သူငယ်ချင်းများပင်ဖြစ်သည်။

မြသီတာက ဆိုင်းဆရာ ကိုမောင်မောင် အဖွဲ့ထဲကပင်။ ပရိသတ်တွေက တောင်းဆိုလျှင် အငြိမ့်ထွက်ပြီ ကပြဖျော်ဖြေတင်ဆက်ပေးသည်။

ကိုမောင်မောင်က အခြားသောဆိုင်းဆရာများလို ဟိတ်ဟန်မရှိ။ ညနေ အလှူဝင်းမလှည့်ခင် မဏ္ဍပ်ထဲတွင် ဧည့်ခံပေးသည်။ လိုအပ်လျှင် မြသီတာက ညနေအလှည့်တောင် မင်းသမီးတစ်ဖြစ်လည်း ကပြသေး၏။

ကိုမောင်မောင်က လူပျို၊ လူလွတ်မဟုတ်။ အိမ်ထောင်နှင့် သားတစ်ယောက်ရှိသည်။ အတွဲများသောကြောင့် ပတ်ဝန်းကျင်က မြသီတာနှင့် ကိုမောင်မောင်ကို ဘာလိုလိုညာလိုလို သမုတ်ပြန်သည်။

သည်သတင်းက ဟိုးလေးတကျော်ကျော်ဖြစ်နေသောကြောင့် ကိုမောင်မောင်နှင့် မြသီတာကို မျက်နှာချင်းဆိုင်တွေ့ပြီ မေးခဲ့သည်။ သည်အခါ ကိုမောင်မောင်က-

"ကျွန်တော်နဲ့ မြသီတာက အနုပညာမောင်နှမတွေပါ ကိုလွင်ဦး။ မြသီတာက ကျွန်တော့်ကို အစ်ကိုတစ်ယောက်လို သံယောဇဉ်ရှိသလို ကျွန်တော်ကလဲ သူ့အပေါ်ညီမလေးတစ်ယောက်ထက် မပိုပါဘူး"

"မြသီတာလဲ ဒီအတိုင်းပဲပြောပြ ရှင်းပြပေမဲ့ ကျွန်တော်က မြသီတာကို သံသယရှိနေတယ်"

မြသီတာ ကျွန်တော့်ကို အဖြေပေးသည့်အချိန်က သူငယ်ချင်းများက ပြင်းပြင်းထန်ထန်ဝိုင်းပြောကြသည်။

"ငါစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ် လွင်ဦး။ အငြိမ့်မင်းသမီးတစ်ယောက်ကို သဘောကျရင်ချစ်ပါ၊ အားပေးပါ။ ဒါပေမဲ့ သူတို့ဘဝထဲဝင်ဖို့ မကြိုးစားနဲ့တဲ့"

"မင်း မြသီတာကိုချစ်တာ ငါတို့လိုပဲ သူ့ရဲ့အက သူ့ရဲ့အလှကို ခုံမင်နှစ်သက်လို့ပဲထင်ပြီး မတားခဲ့တာ။ ပွဲကြည့်သူနဲ့ ပရိသတ် အချိန်တန် နှုတ်ဆက်လမ်းခွဲပြီး မေ့ပျောက်သွားလိမ့်မယ်ထင်ခဲ့တာ လွင်ဦး။ အခုတော့ မင်းက တစ်ဘဝလုံးအတွက် ရွေးချယ်တာဆိုရင် ငါတို့သဘောမတူဘူး လွင်ဦး။ အချိန်မနှောင်းသေးပါဘူး ဖြတ်လိုက်ပါကွာ"

"မဖြတ်ဘူး။ ငါသူ့ကို အပျော်သဘောနဲ့ကျောရရုံကြံပြီ ချစ်ခဲ့တာမဟုတ်ဘူး။ ဟော့ဒီ ရင်ဘတ်ကြီးနဲ့ကို ချစ်ခဲ့တာ"

"ကျွန်တော် မင်းသမီးယောကျ်ားဆိုပြီး အခုအချိန်မှာ မဏ္ဍပ်တိုင်တက်ပြီး ကြွားဝါချင်တဲ့စိတ် ပြင်းပြနေတာမို့ ငါတို့မတားတော့ပါဘူး။ ဒါပေမဲ့ ငါတို့နောက်ဆုံးပြောချင်တာက ဘာကြောင့် မင်းသမီးယောကျ်ား မဖြစ်ချင်သလဲဆိုတာ အချိန် ကြာလာတာနဲ့သိလာလိမ့်မယ်"ဟုပြောသွားသေး၏။

ထိုစဉ်က ကျွန်တော် မြသီတာကိုချစ်တဲ့အချစ်က လွှမ်းခြုံနေခဲ့သဖြင့် အပြစ်လို့မမြင် အချစ်တွေနှင့် ဖြစ်တည်နေခဲ့သည်။ မိဘစကားကို နားမထောင်ဘဲ မြသီတာကိုခိုးပြေးခဲ့သည်။

မိဘများက ကျွန်တော့်ကိုစိတ်နာပြီး အိမ်အရိပ်တောင် နင်းခွင့်မပြုဘဲ နှင်ချခဲ့သည်။ ကျွန်တော်တို့မှာ နေစရာအိမ်မရှိ။ အထုပ်ကလေးနှင့် ယောင်လည်လည်ဖြစ်နေစဉ် အဖေ၏ညီ ကျွန်တော့်ဦးလေး ထွန်းနိုင်က သူပိုင်ဆိုင်သော ရွာထိပ်ကမြေကွက်လပ်နေရာမှာ အိမ်ဆောက်နေရန်လာပြောသဖြင့် နေစရာအတွက် အဆင်ပြေသွားခဲ့သည်။

ရွာထိပ်ဆိုသော်ငြား အိမ်ခြေမရှိသော အကွက်ဟာလာဟင်းလင်းမဟုတ်။ ဘေးတွင် အိမ်အများကြီးရှိသည်။ လမ်းပန်းဆက်သွယ်ရေးကလည်း ကောင်းသောကြောင့် ရှိသမျှငွေကြေးလေးစုပြီး ကွမ်းယာဆိုင်နှင့်တွဲကာ ကုန်စုံဆိုင်လေးဖွင့် ဈေးရောင်းပြီး ဘဝကိုရပ်တည်ခဲ့သည်။

ဆိုင်လေးက အတည်တကျဖြစ်သဖြင့် အတော်လေးအဆင်ပြေခဲ့သည်။ မြသီတာကလည်း သူဝါသနာပါရာ သူတတ်ကျွမ်းသည့် အနုပညာလေးနှင့် မိသားစုဝမ်းရေးကို တစ်ဖက်တစ်လမ်းက ကူရှာခဲ့သည်။

ပွဲငှားမရှိသည့်အချိန်များဆို ဈေးကူရောင်းပေးသည်။ အိမ်ထောင်သက် သုံးနှစ်ကျော်လာသောအခါ ကျွန်တော်တို့ဘဝထဲသို့ သမီးကလေးရွှေကြာ ရောက်လာခဲ့သည်။ သမီးကလေးက ရုပ်ကလည်းချော စကားပြောကလည်း ယဉ်ကျေးသိမ်မွေ့လွန်းလှသဖြင့် ပတ်ဝန်းကျင်ရှိလူအများက ချစ်ခင်ဂရုစိုက်မှုကို ခံရသည်။ လူတိုင်း လူတိုင်း ရွှေကြာ ရွှေကြာနှင့် သည်းသည်းကို လှုပ်နေကြသည်။

(၄)

ကိုယ့်စီးပွားရေးနှင့်ကိုယ် အခြေချနေနိုင်သောကြောင့် မြသီတာကို အငြိမ့်မကဖို့တားသော်လည်း မြသီတာက လုံးဝလက်မခံ။ ခါးခါးသီးသီးပင် ငြင်းဆန်တော့သည်။

"ကိုလွင်ဦးရယ် မြသီတာက ကိုလွင်ဦးနဲ့မယူခင်ကတည်းက အငြိမ့်သမ ကလာတာပါ။ အခုကျမှ မကရတော့ဘူးဆိုတာအဓိပ္ပာယ်မှမရှိတာ"

"အဓိပ္ပာယ်ရှိလား၊ မရှိလားတော့ ငါမသိဘူး မြသီတာ။ ဆိုင်ကလဲမင်းမြင်တဲ့အတိုင်းပဲ တစ်ယောက်ထဲရတာ မဟုတ်ဘူး"

"မဆိုင်တာမပြောပါနဲ့ ကိုလွင်ဦး။ မြသီတာ အငြိမ့်ကတာ ညပါ။ နေ့ခင်းဘက်ဈေးကူရောင်းပေးနေတာပဲ။ ကျွန်မ အခုလို ကြိုးစားရုန်းကန်နေတာ သမီးကလေးရွှေကြာအတွက်။ ရှင့်မိဘတွေက ငါ့မြေးကလေးဆိုပြီး ဘယ်နှခါများပွေ့ဖက်နမ်းဖူးလဲ။ ဆင်မြန်းဖို့အတွက်ကော ဝယ်ပေးဖူးလား။ ကိုယ့်ရှိမှ ကိုယ့်စားရတာပါ ကိုလွင်ဦးရယ်"

"မင်းပွဲရှိတဲ့ညဆို သမီးကလေးက မအိပ်ဘူး တငိုငိုတရယ်ရယ်နဲ့"

"အဖြေက ရှင်းရှင်းလေး။ ဒါဆို ဆိုင်ပိတ်ပြီး ကျွန်မနဲ့လိုက်ခဲ့ဖို့ ခေါ်တယ်လေ ရှင်မှမလိုက်ဘဲ"

မြသီတာနှင့် ချစ်သူတွေဖြစ်တုန်းကဆိုလျှင် မြသီတာ အငြိမ့်ကလျှင် ထဘီထုပ်ပဲ ပိုက်ရပိုက်ရ။ ရှက်ရကောင်းမှန်းမသိ။ လူများ၏ အားကျသောအကြည့်အောက်မှာသာယာပြီး အပျော်ကြီးပျော်ခဲ့သည်။

"ငါကွ မင်းသမီးယောကျ်ား"ဆိုပြီး မဏ္ဍပ်တိုင်တက်ခဲ့သည်။ မြသီတာကို ပိုင်ပြီးနောက် အငြိမ့်ကရာတွင် လူရွှင်တော်နှင့် ထိကပါးရိကပါး ပရိသတ်သဘောကျတင်ဆက်မှုကိုကြည့်ပြီး မုန်းလာ၏။ လူတချို့ကလည်း မြသီတာနှင့်ဆိုင်းဆရာ ဘယ်လောက်လိုက်ဖက်ကြောင်း ဖိတ်ချင်းဖိတ်

စာမျက်နှာ ၂၅ သို့ á

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၀၆၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာပါ။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံ အနေနဲ့ကော အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် မိသားစုဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်၍ ယနေ့ထိ စားတော်ပဲများ အဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင်အိတ်ရေ ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

"စားတော်ပဲတွေက အရင်ကထက် တော်တော်လေးအရောင်းအဝယ် ဖြစ်လာပါတယ်။ ပြည်တွင်းစားသုံးမှု များလာတာကြောင့် အခုလိုအရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ စားတော်ပဲတွေက ဆောင်းကာလက ကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်ရရှိလာတာတွေ့ရပါတယ်။ လက်ရှိဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ ဝယ်ယူမှုကောင်းနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စမ်းစမ်းဌေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် စားတော်ပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ စားတော်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၆၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ရည်ရွယ်ရာ ပန်းတိုင်သို့

\- မေတ္တာမူ ချစ်ခြင်းဖြည့်
ပြစ်ကင်းသည့် ရှင်သန်ရာ၊
ဖေးမကူ ပြုံးမပျက်
မုန်းမျက်မပါ၊
လူလူချင်း မခွဲခြားစွာ
မလွဲမှားကာ မြတ်ဂုဏ်တင့်၊
ဖြစ်တည်ရာ ဘဝလမ်း
အလှလွှမ်းသင့်။

\- တတ်ပညာ ဉာဏ်စဉ်ချင့်လို့
အမှန်မြင်သင့် လောကတွင်၊
အကုသလံ ကုသလ
နှလုစုံလင်၊
တရားဓမ္မဖြင့် မြဲဆင်ခြင်
မင်္ဂလာ မပျက်ရေး၊
ဘဝမှာ မနွမ်းလျဘဲ
ချမ်းမြစေလေး။

\- ဖြူစင်သည့် စိတ်အတွေး
နိမိတ်ပေး ကောင်းဖို့စေ၊
ဖွဲ့စိတ်သန် ကြိုးစားလို့
ရိုးသားမသွေ၊
တန်ဖိုးထားကြ ဘဝခြေ
အရဖွေ ကြံဆောင်လျက်၊
ရည်ရွယ်ရာ ပန်းတိုင်သို့
လှမ်းနိုင်ဖို့တွက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

စာမျက်နှာ ၂၄ မှအဆက်

ကိုယ့်အိတ်ထဲဖိတ်ပါလားဟုပြောနေမှုအပေါ် နားကြားပြင်းကတ်လာသည်။ သည်မြင်ကွင်း၊ သည်အပြောများမခံနိုင်၍ မြသီတာအငြိမ့်ကရာနောက်သို့ မလိုက်တော့ဘဲ အိမ်တွင်သမီးလေးနှင့်အတူ အိမ်စောင့်ပြီးနေခဲ့သည်။

ပွဲငှားရှိတိုင်း ဆိုင်းဆရာကိုမောင်မောင်က ဆိုင်ကယ်နှင့်လာလာခေါ်သည်။ သည်က မယ်မင်းကြီးမကလည်း သူလာလျှင်အဆင်သင့်။ သူတို့နှစ်ယောက်အတူစီးသွားလျှင် ရင်ထဲတနုံ့နုံ့နှင့်ခံရခက်သလို သူတို့ကိုသွားပြီ သတ်ပစ်ချင်လောက်အောင်ဖြစ်မိသည်။ သမီးလေး ရွှေကြာကို ငဲ့နေ၍သာ။

"ရှင်းရှင်းပြောရရင် သမီးကလေးငိုတာထက် မင်းကို အငြိမ့်စင်ပေါ် လူရွှင်တော်တွေနဲ့ သားပြော၊ မယားပြော ပြက်လုံးထုတ်တာ လူရွှင်တော်တွေက ဟိုကိုင်၊ ဒီကိုင် ကိုင်တာ မကြိုက်လို့ပဲ"

"အို ဒါက တကယ်မှမဟုတ်တာ။ ပျော်စေ၊ ပြက်စေ လာကြည့်သူတွေမပျင်းအောင် တင်ဆက်တဲ့သဘောပဲ"

"သူတို့ရယ်သံကြားတိုင်း ငါဒိုနေတာ မင်းသိလား မြသီတာ"

"ကျွန်မ ဘယ်သိမလဲ မင်းသမီးကိုယူရင် စိတ်သဘောထားကြီးစမ်းပါ ကိုလွင်ဦးရယ်"

"မကြီးဘူးကွာ မကြီးဘူး။ မင်းကိုထပ်ပြောမယ် ဒီပွဲလက်ခံတာတွေပြီးရင် လက်မခံတော့နဲ့ ငါခွင့်မပြုတော့ဘူး"

"မြသီတာကို ပိတ်ပင်ဖို့မကြိုးစားနဲ့ ကိုလွင်ဦး။ မြသီတာ ဒီအလုပ်ကို ချစ်တယ်၊ မြတ်နိုးတယ် သေတဲ့ထိ မစွန့်လွှတ်နိုင်ဘူး"

"ငါ"

ကျွန်တော် ဒေါသမထိန်းဘဲ မြသီတာကိုရိုက်ဖို့ရွယ်ပြီးမှ ပြန်ရုပ်သိမ်းလိုက်သည်။ အကြောင်းက ကျွန်တော်တို့အိမ်ရှေ့သို့ ဆိုင်ကယ်တစ်စီး ထိုးရပ်ခြင်းကြောင့်ပင်ဖြစ်သည်။ သည်ဆိုင်ကယ်က ဆိုင်းဆရာမောင်မောင် မြသီတာကို ပွဲကဖို့လာခေါ်ခြင်းဖြစ်သည်။ ဆိုင်းဆရာမောင်မောင်က ပြုံးပြုံးနှင့်ဆင်းလာကာ-

"မြသီတာ အဆင်သင့်ဖြစ်ရင် သွားရအောင်လေ"

"ခဏလေးကိုမောင်မောင် မြသီတာအဝတ်တွေထည့်လိုက်အုံးမယ်"

"ကိုလွင်ဦး ရွှေကြာကလေးကော မမြင်ပါလား"

"မရှိဘူး ကိုဖိုးထူး လာခေါ်သွားတယ်"

"အေးဗျာ ကိုဖိုးထူးတို့လင်မယား ကလေးချစ်တတ်လို့ တော်သေးတယ်။ နို့မို့ဆိုရင် မြသီတာက ကလေးတစ်ဖက်နဲ့ ကဖို့အဆင်ပြေမှာမဟုတ်ဘူး"

"ကိုမောင်မောင် မြသီတာပြီးပြီ သွားစို့။ ကိုလွင်ဦး မြသီတာသွားမယ် သမီးကိုယ်လဲ ဂရုစိုက်အုံး"

"မင်းက ပွဲပွဲအကြောင်းပြပြီး ဟိုကောင်နဲ့ သွားလာပျော်မြူးနေတာ ငါမသိဘူး ထင်လို့လား"ဟု လွင်ဦးကပြောရာမှ လင်မယားနှစ်ယောက်ရန်ဖြစ်ကြရာ မြသီတာက လွင်ဦး၏ခေါင်းကို အုတ်နီခဲနှင့် ပစ်ပေါက်လိုက်သည်။

"အဖေ့ခေါင်းမှာ သွေးတွေ သွေးတွေ"

ရွှေကြာကလေးသည် သူ့အဖေခေါင်းက သွေးများမြင်ကာ မေ့သွားသည်။ ဘယ်လိုမှလှုပ်နိုးခေါ်၍မရသဖြင့် မြို့ကဆေးရုံသို့ တင်လိုက်ရသည်အထိ ဖြစ်သွားတော့သည်။

(၅)

မြသီတာက မလာစဖူးအလာထူးသည့်ယောက္ခမများကိုကြည့်ကာ အံ့ဩနေသည်။ ကိုလွင်ဦးနှင့်မြသီတာ အိမ်ထောင်ကျသည်မှာ ခုနစ်နှစ်တောင်ရှိပြီ။ ယောက္ခမနှင့်မျက်နှာချင်းဆိုင် တစ်ခါမျှမပြောဖူးပေ။ မြသီတာကိုလည်း ချွေးမအဖြစ်အသိအမှတ်မပြုခဲ့ကြပေ။ ကိုဖိုးထူးတို့လင်မယားပါးစပ်အဟောင်းသားဖြစ်ကာ အံ့ဩစွာနှင့်ကြည့်နေကြသည်။

"မင်းလဲ ခုလောက်ဆို ငါတို့ဘာကြောင့်သဘောမတူတာလဲဆိုတာ သိနေပြီလို့ထင်တယ် မြသီတာ"

"ရှင်"

မြသီတာ ဦးမြတ်ငြိမ်းစကားကို ဘယ်လိုမှနားမလည်နိုင် ဖြစ်သွားသည်။ မည်သည့်စကားမျှမဆိုဘဲ၊ မပြောဘဲ မြသီတာက ဘာကိုသိနေရမှာလဲ။ ဆက်၍ ဦးမြတ်ငြိမ်းက-

"တစ်နေ့ ဒီလိုဖြစ်လာမယ်ဆိုတာ ငါကြိုသိနေလို့ပဲ မြသီတာ။ မင်းနဲ့ချစ်သူဖြစ်တုန်းကလဲ တားတယ်။ ဒါပေမဲ့ ဒီကောင်နားမထောင်ဘူး။ မင်းနဲ့တောင်ယူလိုက်သေးတယ်။ ငါလဲ ဒီကောင်ကိုစိတ်နာလို့ အခုထိ စကားမပြောခဲ့ဘူး"

ဦးမြတ်ငြိမ်းဆိုလိုချင်သည့်အဓိပ္ပာယ်ကို ယခုထိ နားမလည်သေးပေ။

"ချစ်စ၊ ခင်စတုန်းက မင်းသမီးကိုရလို့ ငါဟဲ့မင်းသမီးယောကျ်ားဆိုပြီး မဏ္ဍပ်တိုင်တက်ချင်လိမ့်မယ်၊ ဒီတုန်းကအချစ်ပဲရှိတာလေ အပြစ်ဆိုတာ မြူတစ်မှုန်တောင်မရှိဘူး မြသီတာ။ နှစ်တွေကြာလာမှ ဟိုဆိုင်းဆရာနဲ့သဝန်တိုသလို၊ လူပြက်နဲ့သဝန်တိုသလို၊ ဆုလာချတဲ့ကောင်လေးက လက်ကိုင်တာမကြိုက်သလို အမျိုးမျိုးအပြစ်တင်လာခဲ့တယ် မဟုတ်လား မြသီတာ"

"မင်းသမီးကိုယူရင် စိတ်သဘောထားပြည့်ဝရမယ်၊ သည်းခံနိုင်စွမ်းရှိရမယ်ဆိုတာ နားမလည်ဘူး။ ကုန်ကုန်ပြောမယ်မြသီတာ မင်းသမီးကိုယူတဲ့ယောကျ်ား အင်မတန်ရှားတယ်။ ရှိခဲ့ရင်လဲရှားတယ်လို့ ဦးပြောပါရစေ။ ဒီတော့ မင်းဘယ်လိုဆုံးဖြတ်မလဲမြသီတာ။ ခင်ပွန်းနဲ့ သမီးကိုရွေးမလား၊ ဒါမှမဟုတ် မင်းချစ်တဲ့အနုပညာနယ်ပယ်မှာပဲ ဆက်လက်ရပ်တည်မလားဆိုတာ ဦးသိချင်တယ်။ မင်းဆက်ကနေသရွေ့ ငါ့သားလဲစိတ်ဆင်းရဲပြီး အရက်သောက်မယ်၊ သံသယစိတ်၊ သံသယမျက်လုံးနဲ့ မင်းအလာကိုစောင့်ပြီး ဆီးကြိုရန်တွေ့မယ်၊ မိဘတွေရန်ဖြစ်တိုင်း ကြားထဲကငိုနေမဲ့ ငါ့မြေးကလေး အခု ဆေးရုံပေါ်မှာ သတိမရသေးဘူး မြသီတာ။ မင်းဝါသနာ၊ မင်းအတ္တကို ရှေ့တန်းတင်မယ်ဆိုရင် သားနဲ့အပြီးအပိုင်လမ်းခွဲလိုက်ပါ။ မင်းတကယ်ပဲ ခင်ပွန်းနဲ့သမီးကို ချစ်တယ်ဆိုရင် မင်းငါနဲ့ ဆေးရုံလိုက်ခဲ့ပါ။ ငါ သားနားလည်အောင် ရှင်းပြပေးမယ် ဘယ်လိုလဲ"

မြသီတာ ချုံးပွဲချငိုနေတော့သည်။ မြသီတာအသည်းတွေ တစ်စစီကြွေလွင့်ပျက်သုဉ်းမြေခကုန်ပါပြီ။

မြသီတာဘာကိုရွေးရမလဲ။ အကယ်၍ မြသီတာ သမီးလေးနှင့် ကိုလွင်ဦးကိုရွေးချယ်ခဲ့ပါလျှင် မြသီတာဝါသနာပါသည့် အငြိမ့်မင်းသမီးဘဝကိုစွန့်လွှတ်ရမည်။ အားလုံးက မျှော်လင့်ချက်ကြီးစွာနှင့် မြသီတာ၏ ထွက်ပေါ်လာမည့်အဖြေကို စောင့်စားနေကြလေ၏။ မြသီတာရင်ဘတ်ထဲတွင် ဖြတ်မရသည့်သံယောဇဉ်နှောင်ကြိုးလေးက အခိုင်အမာငြိတွယ်ခဲ့ပြီဖြစ်သဖြင့် မြသီတာ ဘဝကိုအရှုံးပေးကာ သမီးကလေးရှိရာ ဆေးရုံသို့သာ လိုက်ဖို့ဆုံးဖြတ်ခဲ့မိလေတော့သည်။

# အဆို၊ အက၊ အရေး၊ အတီး ပန်တျာခရီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

သမိုင်းဦးအစကာလများကပင် အဆင့်အတန်းမြင့်မားပြီး အရည်အသွေးပြည့်စုံသည့် မြန်မာတို့၏ အနုပညာယဉ်ကျေးမှုများသည် ပန်တျာခရီးသွားများစွာ ပါဝင်လာသည့်အခါ ပိုမိုတောက်ပထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား ရှိလာကြတော့သည်။ အဆို၊ အက၊ အရေး၊ အတီးဟူသည့် မြန်မာ့မူ၊ မြန်မာ့ဟန် ပညာရပ်များသည် ပန်တျာခရီးသွားများ၏ကျေးဇူးကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအတွင်း မြန်မာ့ဟန် မြန်မာ့ဂုဏ်ရည်ကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသနိုင်ခဲ့သည်။ ပန်တျာခရီးသည် ပညာရှင်များ၏ ပြုစုပျိုးထောင်၊ သိုမှီးစုဆောင်းမှုများနှင့် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်မှုများကြောင့် ခက်လက်ဝေလွင် ဥယျာဉ်ကြီးနှယ် လှပတင့်တယ်နေခြင်းဖြစ်သည်။ ဆိုမှု၊ ကမှု၊ တီးမှုတို့ကို အခြေပြုသောအနုပညာတစ်ရပ်ကို မြန်မာတို့အလိုအားဖြင့် ပန်တျာဟုခေါ်သည်။ ထိုပန်တျာအနုပညာသည် လူတို့၏စိတ်နှလုံးကို နူးညံ့ပျော့ပျောင်းစေနိုင်သည်။ ရွှင်ပြုံးချမ်းမြေ့စေနိုင်သည်။ ဤတွင် ပန်တျာဟူသော ဝေါဟာရကို –

ပန် = ဖန်ဆင်းခြင်း၊ ပြုပြင်ခြင်း၊ ပြုလုပ်သူ၊ ဖန်ဆင်းသူ။

တျာ = တီးမှုတ်ခြင်း၊ တီးမှုတ်စရာ

ဟူ၍ ကျောက်စာဝန်ဟောင်း ဦးဖိုးလတ်က ယူဆခဲ့လေသည်။ မြန်မာအဘိဓာန်ကမူ ပန်တျာကို "စည်တစ်မျိုး။ အတီးအမှုတ်။ အဆို၊ အတီး၊ အကပညာ"ဟူ၍ ဖွင့်ဆိုပြလေသည်။ မည်သို့ပင်ဆိုစေ ပန်တျာဟူသည် အနုသုခုမဆိုင်ရာ လူများ၊ ပစ္စည်းများ၊ တေးဂီတများကို ရည်ညွှန်းနေကြောင်း မှတ်သားနိုင်သည်။

**အဆို**

ရှေးမြန်မာစာပေ ဂီတလင်္ကာ အနုသဘင်ပညာတို့သည် တစ်မျိုးနှင့်တစ်မျိုး ရောထွေးယှက်တင်ဆက်နွှယ်လျက်ရှိကြလေသည်။ ပါဠိ၊ သက္ကတစသောဘာသာတို့တွင် ကဗျာနှင့်ဂီတမှာခြားနားခြင်းမရှိလှ။ ကဗျာကိုပင် တူရိယာဖြင့် တွဲဖက်သီဆိုခြင်းဖြင့် ဂီတအဖြစ်သို့ ပြောင်းလဲနိုင်သကဲ့သို့ ဂီတကို တူရိယာလွတ်ဆိုခြင်းအားဖြင့် ကဗျာအဖြစ်သို့ ပြောင်းလဲနိုင်ကြောင်း လေ့လာသိရှိရသည်။ အများအားဖြင့် ကာရန်နှင့်ဖွဲ့ဆိုဖတ်ရှု၍ရသော စာပေကို ကဗျာအဖြစ်လည်းကောင်း၊ ထိုကဗျာကိုပင် စည်း၊ ဝါး၊ တူရိယာနှင့်တွဲဖက်လျက် သီချင်းအဆိုအဖြစ်လည်းကောင်း ခေါ်ဆိုကြသည်။ သီချင်းအဆိုသည် စင်စစ်ဂီတပင်ဖြစ်သည်။ အဆိုပညာရှင်တစ်ဦးသည် တူရိယာကို မတီးခတ်၊ မမှုတ်တတ်သော်လည်း စည်း၊ ဝါးကို အနည်းဆုံးနားလည်ကြသည်။ ၁၉ဂဂ ပြည့်နှစ်တွင် ဓာတ်စက်၊ ဓာတ်ပြားများပေါ်လာ၍ သီချင်းကြီးဓာတ်ပြားများ၊ ဇာတ်ထုပ်များ၊ နာမည်ကျော်ဆိုင်းဆရာကြီးများ၏ ဆိုင်းတီးလုံးများ ခေတ်စားလာသည်။ သီချင်းကြီးများဓာတ်ပြားသွင်းရာ၌ စောင်းဆရာငြိမ်းနှင့် အဆိုတော် ကျိုက်လတ်မယ်သင်တို့မှာ ထင်ရှားခဲ့သည်။ ဇာတ်မင်းသားကြီးဦးဖိုးစိန်သည် မဲဇာတောင်ခြေရတုကို ရှေးမူမှန်အတိုင်းမဆိုဘဲ ဆိုဟန်ကိုတိုးချဲ့တီထွင်သဖြင့် မဲဇာတောင်ခြေရတုကိုလူအများ အသည်းစွဲခဲ့ကြသည်။

သီချင်းသီဆိုသူတစ်ဦးသည် သီချင်းတစ်ပုဒ်ရှိ အဆင်တန်ဆာများဖြစ်ကြသော ရှည်၊ တို၊ လေး၊ ပေါ့သော ဒီဃသရအသံများ၊ စကားလုံး လေယူလေသိမ်း၊ သီချင်းစာသား၏ အဓိပ္ပာယ်၊ လျှာစောက် အာစောက်များဖြင့် သီဆိုတတ်ကြသည်။ အရစ်အဝဲများ ပါဝင်ခြင်း၊ အဖိအဖော့များပါဝင်ခြင်း၊ ဟန်နေဟန်ထား၊ အယူအဆများ ပါဝင်ခြင်း၊ နှုတ်တိုက် သင်ကြားမှုခံယူရခြင်း စသည်ဖြင့် သီဆိုသူတစ်ဦး၏ တာဝန်ကကျေပွန်ရန်လည်းလိုအပ်သည်။ ထိုနည်းလမ်းဖြင့်

ဒေါ်စောမြအေးကြည်သည် ရှေးမြန်မာဂီတသီချင်းများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ဆိုနည်း၊ ဆိုဟန်၊ တီးဟန်၊ တီးကွက်များကို ရှေးမူမှန်ဖြစ်အောင် အထူးထိန်းသိမ်းပေးခဲ့သည်။

**အက**

လူ၏ခန္ဓာကိုယ်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အချိန်နှင့်နေရာမရွေး ရွေ့လျားပြောင်းလဲနိုင်သော အကပညာသည် လွန်စွာရေးကျသော အနုပညာတစ်ရပ်ပင်ဖြစ်ပြီး ကမ္ဘာ့နေရာအနှံ့အပြား၌ ထွန်းကားခဲ့သည်မှာလည်း မငြင်းဆိုနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည်။ လူမျိုးစုတစ်စု၏ အက

> ❖ ဆိုခြင်း၊ ကခြင်း၊ သီချင်းရေးခြင်း၊ တီးခတ်ခြင်းတို့သည် လူမှုဆက်ဆံရေးပညာရပ်များဖြစ်သည်။ ရှေးဦးကာလကတည်းက အိမ်နီးချင်းနိုင်ငံများနှင့် လူမှုဆက်ဆံရေးကိစ္စရပ်များကို ထူထောင်ခဲ့ကြသည်။ ပြည်တွင်းညီနောင်အချင်းချင်းလည်း နွေးထွေးသော သံယောဇဉ်တည်ဆောက်ခဲ့ကြသည်။ ထိုမှ ပြည်ထောင်အချင်းချင်း ဆက်ဆံရေး၊ ပြည်တွင်းအင်အားစည်းလုံးရေးတို့ကို တက်လှမ်းနိုင်ခဲ့သည်။ သမိုင်းအမွေအနှစ်မြတ်နိုးစရာများအဖြစ် ရှေးရှုနိုင်ခဲ့ကြသည်။ ❖

ပုံစံများကိုလေ့လာခြင်းဖြင့် ထိုလူမျိုးစုတို့၏ ယဉ်ကျေးမှုတစ်စိတ်တစ်ဒေသကိုလည်း လေ့လာသုံးသပ်နိုင်ပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကအနုပညာသည် ဘာသာဗေဒတစ်ရပ်နှယ် သီးခြားခွဲထွက်လျက် သက်ဆိုင်ရာနိုင်ငံအသီးသီးရှိ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာရပ်များအဖြစ် သီးခြားရပ်တည်လာနိုင်ကြသည်ကို တွေ့ရသည်။

အကဟူသည် ခေါင်း၊ ခါး၊ ခြေ၊ လက် စသည်တို့ကို ရှုချင်စဖွယ် ညွတ်ကွေးလှုပ်ရှားပြခြင်းပင်ဖြစ်သည်။ သို့အတွက် လူ၏ခန္ဓာကိုယ်အစိတ်အပိုင်းများသည် အကပညာအတွက် အဓိကကျသော လိုအပ်ချက်များဖြစ်လာရသည်။ ထို့ပြင် အကအနုပညာသည် စကားလုံးမလိုဘဲ ကိုယ်လက်လှုပ်ရှားမှုဖြင့် ဖော်ပြလိုသောခံစားချက်ကို ဘာသာပြန်တင်ဆက်နိုင်သော ပညာရပ်တစ်ခုလည်းဖြစ်သည်။ ထိုလှုပ်ရှားမှုနှင့် ပတ်သက်၍ အကသမိုင်းဆိုင်ရာ ပညာရှင်များက အကဟူသည် လူသားတို့၏အခြေခံ ပင်ကိုစရိုက်လက္ခဏာများနှင့် စိတ်ခံစားချက်များ ပေါင်းစည်းဖြစ်ပေါ်လာသော လှုပ်ရှားမှုမှ အကဖြစ်ပေါ်လာသည်ဟု ဖွင့်ဆိုကြသည်။

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းတရားနှင့်သီပေါမင်းတရားတို့ခေတ်တွင် နန်းတွင်းအီနောင်ဇာတ်၊ ရာမဇာတ်စသည်တို့ ကပြခဲ့စဉ်က အီနောင်နန်းတွင်းဇာတ်တော်ကြီးတွင် နာမည်ကျော်လူကြိုက်များလှသော ပွတ်စပါးမင်းသမီးနေရာမှ ကပြခဲ့သူ ယင်းတော်မလေးမှာ ထင်ရှားခဲ့သူ အကပညာရှင်ဖြစ်သည်။ ယင်းတော်မလေးနှင့် မရှေးမနှောင်းပင် ဆင်ခိုးမလေးဟူ၍ အဆို၊ အက နှစ်ဌာနဝယ် နာမည်ကျော်သူလည်း ပေါ်ပေါက်လာခဲ့သည်။ ထိုမှ ဒေါ်ကွမ်းငုံနှင့် ကိန္နရာပျံတို့သည်လည်း ထင်ရှားကြသူများဖြစ်သည်။ ကိန္နရာအကနှင့် အရုပ်ကြိုးအကဖြင့် နာမည်ကျော်ကြားလာသူမှာ မထွေးလေးဖြစ်သည်။ မထွေးလေးနောက်ဝယ် ဇာတ်မင်းသမီးကြီးများဖြစ်သည့် ဒေါ်စိန်နက်၊ ဒေါ်ငွေဘော်၊ ဒေါ်စိန်ထား၊ ဒေါ်သိန်ညွှာ၊ ဒေါ်စိန်ဖော့၊ ဒေါ်စိန်ကျော့၊ ဒေါ်စိန်ညွန့်နှင့် အငြိမ့်မင်းသမီးများဖြစ်ကြသည့် ဒေါ်စိန်သုံ၊ ဒေါ်စိန်နွဲ့၊ မစိန်ညွှာ၊ စိန်အေးမေ၊ စိန်မာ၊ ရေကျော်စိန်ပု၊ ဒေါ်စိန်ဆင်၊ တက္ကသိုလ်ပြည်သိန်းတင်၊ ချင်းမလေးအောင်စိန်၊ ရှမ်းမလေးစိန်ရင်၊ ဂျိုးဂျာမယ်မဒင်သန်း၊ ဒီးဒုတ်ခင်မြိုင်၊ ပဲခူးမြ စသည့်အကပညာရှင်တို့သည် ပန်တျာလမ်းကြောင်းကို အားကောင်းအောင် မောင်းနှင်နိုင်ကြသည်။

ထို့ပြင် အမျိုးသားအကပညာရှင်များဖြစ်ကြသည့် အီနောင်မောင်လှိုင်၊ အီနောင်မောင်တုတ်(ဦးစံတုတ်)၊ ရာမဇာတ်ကပြသူဆရာမြ၊ မောင်ဘိုးဝေ၊ ဒိုးပတ်အကတွင် ဗိုလ်မောင်ကျန်၊ ဗြော ကိုလန်း စသည့် ပညာရှင်များ၏ ပန်တျာလမ်းသည် မှတ်မှတ်ထင်ထင် တင်ကျန်ရစ်ခဲ့ကြသည်၊ ထိုမှ ဦးကျော်ဖံခေါ် ဦးဘကျော်၊ ဦးစိန်ကတုံး၊ ဦးသင်း၊ ဦးဆင်၊ ဦးစိန်အုပ်၊ ဦးစိန်ခို၊ ၊ ဦးစံရှား၊ ဦးဖိုးစိန်၊ ဦးအောင်မောင်း၊ ဦးတက်ခေတ်စိန်၊ ဦးတောကျော်၊ ဦးအောင်ငြိမ်း၊ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ ရွှေနန်းတင်၊ စိန်မာဒင် စသည့် ပညာရှင်များနှင့် မန္တလေးသိန်းဇော်၊ နန်းဝင်းတို့သည်လည်း ပန်တျာလမ်းဝယ် လမ်းဖောက်လမ်းလျှောက်ခဲ့သူများဖြစ်ကြသည်။

**အရေး**

သီချင်းရေးသူတစ်ဦးသည် ဗဟုသုတ၊ စာပေနှင့် တီးလုံးတေးသွား၊ သင်္ကေတတို့နှင့် ရင်းနှီးသူများဖြစ်သည်။ စာပေအရာ၌ သဒ္ဒါနည်း၊ အလင်္ကာနည်း၊ ဆန်းနည်းတို့ကိုလည်း အကျဉ်းမျှ သိထားကြသည်။ စည်းနှင့်ဝါးဟူသည့် စည်းခန်းများ၏ အချိန်ဇယားသတ်မှတ်ပေးမှုကိုအကြောင်းပြု၍ စည်းနှင့်ဝါးသဘောကို နားလည်ထားကြသည်။ အခြေခံအဖြစ် သီချင်းရေးသားစပ်ဆိုမှုနှင့်အကျွမ်းဝင်သော အဓိကစည်းဝါးများဖြစ်သည့် စုံစည်း၊ ဝါးလတ်စည်း၊ နရီစည်း၊ ငွေ့စည်းများကို အသာဆွတ်ယူနိုင်ကြသည်။ သီချင်းတစ်ပုဒ်သည် ကမ္ဘာလောကတစ်ဝန်း၌ လောကီတန်ဆာ ပန်းမာလာများသဖွယ် တင့်တယ်မွန်မြတ်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် ထာဝရနှစ်သက်ဖွယ် တင်ကျန်စေကြသည်။

ကျိုက်လတ်ဦးပြုံးချိုမည်သော တေးရေးဆရာကြီးဦးပြုံးချို၏ တေဘုမ္မာ ယိုးဒယားနှင့် ဇာတိအာဏာ ယိုးဒယားသီချင်းတို့မှာ တင့်တယ် မွန်မြတ်ခြင်းဖြင့် ကျန်ရစ်ခဲ့သော သီချင်းများဖြစ်သည်။ ဆရာကြီး၏ ဇေယျတုသဗ္ဗမင်္ဂလံ သီချင်းမှာလည်း မင်္ဂလာတို့ဖြင့် ထုံမွမ်းနေခဲ့သည်။ အရေးဟုခေါင်းစဉ်တပ်သော သီချင်းရေးကြသည့် ပန်တျာလမ်းတွင် ဂီတစာဆိုများဖြစ်ကြသည့် ဆရာခါ၊ ဆရာတာ၊ နန်းတော်ရှေ့ဆရာတင်တို့လည်း ပါဝင်ခဲ့ကြသည်။ နန်းတော်ရှေ့ဆရာတင်၏ သူဌေးဝါဒသီချင်းသည် မျိုးချစ်စိတ်ကိုလှုံ့ဆော်ပေးသော သီချင်းဖြစ်သည်။ ထို့နည်းတူစွာ နိုင်ငံတော်သီချင်းဖြစ်လာမည့် ရှေ့ပြေးသီချင်းကို ဝိုင်အမ်ဘီဆရာတင်က ဒို့ဗမာသီချင်းအဖြစ် ရှေးဦးရေးသား ထင်ရှားခဲ့သည်။ ခေတ်မီတိုးတက်သော အနာဂတ်မြန်မာနိုင်ငံတော်ကို ရည်မှန်းကာ မြို့မငြိမ်းက လူချွန်လူကောင်းသီချင်းကို ရေးခဲ့သည်။ ၎င်းတို့အပြင် မြန်မာညွန့်ဆရာတင်၊ သဟာယဆရာတင်၊ ဒဂုံဆရာတင်၊ ရွှေတိုင်ညွန့်၊ အရှေ့ပိုင်းဆရာချစ်၊ ၁၂ လမ်းဆရာမောင်၊ အောဝမ်းဆရာညွှာ၊ မြို့မငြိမ်း၊ ဖြိုတိသျှဘားမား ကိုခင်မောင်ထွေးနှင့် ဆရာထားတို့သည်လည်း တေးရေးပန်တျာလမ်းတွင် ထင်ရှားခဲ့ကြသည်။ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ ကိုလေးညွန့်၊ ဝဏ္ဏကျော်ထင်စိန်မြမောင်၊ ကိုသက်ဦး၊ ချိုတေးဆက်ကိုအောင်ကိုး၊ စန္ဒရားချစ်မောင်၊ စန္ဒရားချစ်ဆွေ၊ ပန်တျာချစ်လှိုင်၊ မောင်မောင်လတ်၊ အောဝမ်းစိုးမြင့်၊ လင်းခေးလုလင်၊ ဟင်္သာတမြင့်ငွေ၊ စန္ဒရားတင်ဝင်းလှိုင်၊ မောင်ကြေးမုံ၊ ကိုညွန့်ဝေ စသည်တို့ကလည်း ဆိုကရေးတီးပြိုင်ပွဲကြီး၏ အရေးမည်သော ဘာသာရပ်ခေါင်းစဉ်အောက်တွင် မျိုးဆက်သစ်တို့ကို လက်ဆင့်ကမ်းမျှဝေ လက်တွဲခေါ်ဆောင်နိုင်ခဲ့ကြသည်။ သီချင်းရေးပြိုင်ပွဲသည် သီချင်းရေးသူတစ်ဦး၏လုံ့လဝီရိယကြောင့် သီချင်းတစ်ပုဒ်ဖြစ်တည်ခဲ့ရသကဲ့သို့ အချိန်တိုအတွင်း၌ သီချင်းတိုက်ရန် အတီးဆရာရှာရ၊ သီဆိုသူရှာရသော တေးရေးတစ်ဦး၏ ခံစားမှုပုံရိပ်သဏ္ဌာန်၊ အတွေ့အကြုံကိုပါ အရေးပြိုင်ပွဲကြီးက ပေးစွမ်းနိုင်လေသည်။

**အတီး**

အတီးဘာသာရပ်သည် ဂီတပင်ဖြစ်သည်။ ဂီတဆိုသည်မှာ လူတို့၏ ခံစားချက် အရပ်ရပ်တို့ကို လူတို့၏အသံ၊ လူတို့ပြုလုပ်ဖန်တီးသော ပစ္စည်းကိရိယာများမှ ထွက်ပေါ်လာသောအသံတို့ဖြင့် အနိမ့်အမြင့်၊ အတက်အကျ၊ အတိုးအကျယ်၊ အဆွဲအငင်စသော အနုပညာ နည်းစနစ်များအရ သီကုံးစပ်ဆိုထားသည့် နရီအချိန် ညီညွတ်မှန်ကန်စွာ ရွေ့လျားနေသော အသံအဖွဲ့အစည်းကို ခေါ်ခြင်းဖြစ်သည်။

ဂီတဟူသောဝေါဟာရသည် ပါဠိသက်ဝေါဟာရတစ်ခုဖြစ်ပြီး သီချင်းဟုလည်းကောင်း၊ သံစဉ်အမျိုးမျိုးဖြင့် ပြေပြစ်ချောမွေ့အောင် ဖွဲ့ထားသော အဖွဲ့အနွဲ့၊ တေး၊ တေးချင်း၊ တေးသီချင်း ဟူ၍လည်းကောင်း ဖွင့်ဆိုကြသည်။ သီဆိုခြင်းဆိုသည်မှာ စာသားဖြင့် ဖွဲ့သီခြယ်မှုန်းထားသော ဂီတသံစဉ်တေးသွား အတွဲအဖက်များကို နှုတ်ဖျားကဌာန်ကရိုဏ်းကျကျဖြင့် မြည်တမ်းရွတ်ဆိုခြင်းပင်ဖြစ်သည်။ မြန်မာအဘိဓာန်အတွဲ–၁ တွင်မူ ဂီတ၏အနက်အဓိပ္ပာယ်ကို သီဆိုခြင်း၊ သီချင်းဟူ၍ ပြသည့်အပြင် သီဆိုတီးမှုတ်ခြင်းဟူ၍လည်း ပြထားလေသည်။ ဂီတ၏ဒြပ်ပစ္စည်းမှာ အသံပင်ဖြစ်သည်။ အက္ခရာမပါဘဲ စာပေမဖြစ်နိုင်သကဲ့သို့ အသံမပါဘဲ ဂီတမဖြစ်ချေ။ အသံတစ်ခုတည်းနှင့်လည်း ဂီတမဆိုနိုင်ချေ။ နရီ(စည်းဝါး)ခေါ် အချိန်ပါရှိရန်လည်း လိုအပ်ပြန်သည်။ အသံနှင့်နရီတွဲဖက်ပေါင်းစပ်က လှသည်။ နရီဆိုသည်မှာ အချိန်ပင်ဖြစ်သည်။

ထိုသို့သော ဂီတ၏သဘောကို အတီးပညာရှင်တို့က နားလည်ကြသည်။ ဒေဝဣန္ဒာမောင်မောင်ကြီးကို စောင်းဘုရင်ဟု တင်စားကြသည်။ မိကျောင်းတူရိယာ၊ စန္ဒရား၊ ပတ္တလားစသော တူရိယာများနိုင်နင်းကျွမ်းကျင်သည်။ ၎င်း၏တပည့် မောင်မောင်လတ်သည် မဟာဂီတကျွမ်းကျင်သည်။ ဂီတဝိသောဓနီကျမ်းစာအုပ်ပြုစုထုတ်ဝေသည်။ နာမည်ကျော် ပတ်တီးဆရာ

စာမျက်နှာ ၂၇ သို့

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၆ ဧက စိုက်ပျိုးမည်




**ရွှေဘို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၂၂၆ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း မတ်ပဲဧက ၃၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ မတ်ပဲ စိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်သွားမယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မတ်ပဲ စိုက်ပျိုးမည့် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် ပဲမျိုးစုံစိုက်ပျိုးရာ၌ ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘားအံမြို့နယ် နိုင်းကြာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နိုင်းကြာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၉ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဘကြည်နှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နိုင်းကြာကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ဆံ့ ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက်ခန်းဖွဲ့ခြင်း၊ ဆိုလာစနစ် တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးအရာရှိ (နည်းပညာ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နိုင်းကြာကျေးရွာ၌ အဆိုပါ ရေရရှိရေးလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၂၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေ ၅ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာထံမှ သိရသည်။ **ဆက်လူ**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးကြင်း ပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်းက ငါးကြင်းပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးကြင်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အား တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ငါးကြင်းဈေးကလဲ အခြေအနေမဆိုးပါဘူး။ လုပ်ကိုင်လို့ အဆင်ပြေပါတယ်။ ဒီဘက်က ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဈေးကွက်က ငါးကြင်းတွေအဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်း တင်ပို့ရောင်းချအား တက်ခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့ ဩဂုတ်လ ပထမပတ်လောက်က စပြီး တင်ပို့အားတက်ခဲ့ပါတယ်။ အခြားငါးတွေလဲ ဝယ်လိုအားကောင်းလာပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြသည်။



ဝါးခယ်မမြို့နယ်မှ ဒေသထွက် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးဦးက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မင်းလှမြို့နယ် ညောင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ညောင်ဝိုင်းကျေးရွာ၌ စတုတ္ထအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေထုတ်ချေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၀၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ဝိုင်းကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ ၂၂ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေကျပ် ၁၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

á စာမျက်နှာ ၂၆ မှ အဆက်

များမှာ ဦးမိုးညွှင်း၊ ဆရာစိမ့်၊ စိန်ဗေဒါ၊ ဓာတ်မင်းသား ဦးစိန်ကတုံး၏ဖခင် ဦးကျော်ဦး၊ ဦးဟန်ပ၊ ဦးဘမောင်တို့ဖြစ်ပြီး ပတ္တလားတွင် ဆရာသိန်းကြီး၊ ဆရာညွှန့်၊ ဦးကျော်ဖဲ၊ ဦးရင်မောင်၊ ဆရာဘကြီး၊ ဆရာဘလေးတို့ဖြစ်သည်။ နှဲဆရာကြီးများမှာ ဦးဇေယျာ၊ ဦးသာကြင်၊ ဦးဒီလုံး၊ ဦးကျောက်လုံးနှင့် မြန်မာညွှန့်၊ ဦးချစ်မောင်တို့ဖြစ်သည်။ ၁၉၁၀ ပြည့်နှစ်တွင် စန္ဒရားကို မြန်မာသံစဉ်ညှိ၍ တီးလာကြသည်။ စတင်စမ်းသပ်တီးခတ်သူမှာ ဆရာညွှန့်ဖြစ်သည်။ ထို့နောက်ဆရာကြီး ဦးထွန်းဖေ၊ ဘိလပ်ပြန်ဆရာကြီး ဦးချစ်ထူးတို့ နာမည်ကြီးသည်။ ထိုမှ ကောလိပ်ကျောင်းသားမောင်ကျော်သည် စန္ဒရားချန်ပီယံဘွဲ့ရခဲ့၍ ချန်ပီယံမောင်ကျော်ဟု နာမည်ကျော်ခဲ့သည်။ ထို့ပြင် ရွှေပြည်အေး၊ စိန်ဝေလျှံ၊ အေဝမ်းခင်မောင်တို့လည်း နာမည်ကြီးကြပြန်သည်။ ၁၉၃၀ ပြည့်နှစ်အလွန်တွင် ဂီတာကို မြန်မာသံစဉ်အတိုင်းကြိုးညှိ၍ ကျင်လည်စွာ တီးခတ်နိုင်သဖြင့် နာမည်ကြီးလာကြသူမှာ ဂီတာစိမ်းမောင်ဖြစ်သည်။ တယောကို မြင်းစိုင်းကြိုးနှင့်နိုင်နင်းစွာထိုးနိုင်၍ တယောဘသွင် နာမည်ကြီးလာသည်။ ၎င်းသည် သီချင်းလည်းဆိုနိုင်သူဖြစ်ရာ ကိုယ်တိုင်ဆို ကိုယ်တိုင်တီးသူအဖြစ် အသိများသည်။

ဆိုခြင်း၊ ကခြင်း၊ သီချင်းရေးခြင်း၊ တီးခတ်ခြင်းတို့သည် လူမှုဆက်ဆံရေးပညာရပ်များဖြစ်သည်။ ရှေးဦးကာလကတည်းက အိမ်နီးချင်းနိုင်ငံများနှင့် လူမှုဆက်ဆံရေးကိစ္စရပ်များကို ထူထောင်ခဲ့ကြသည်။ ပြည်တွင်းညီနောင်အချင်းချင်းလည်း နွေးထွေးသောသံယောဇဉ်တည်ဆောက်ခဲ့ကြသည်။ ထိုမှ ပြည်ထောင်အချင်းချင်းဆက်ဆံရေး၊ ပြည်တွင်းအင်အားစည်းလုံးရေးတို့ကို တက်လှမ်းနိုင်ခဲ့သည်။ သမိုင်းအမွေအနှစ် မြတ်နိုးစရာများအဖြစ် ရေးရှုနိုင်ခဲ့ကြသည်။ ထိုလုပ်ငန်းစဉ်တွင် ပန်တျာခရီးသွားများပါဝင်ခဲ့ကြသည်။ အမိမြေပေါ်တွင် နေထိုင်ကြသည့် ပန်တျာခရီးသည်တိုင်းသည် မြန်မာ့သုခုမပညာရပ်များကို မပျောက်ပျက်စေရန် ထိန်းသိမ်းပေးခဲ့ကြသည်။ ထို့ကြောင့်ပင် မြန်မာ့ရိုးရာယဉ်ကျေးမှုများသည် ခက်လက်ဝေဖြာ စည်ပင်ထွန်းကားနေခဲ့ခြင်းဖြစ်သည်။

ဘိုးဘေးများ ပေးဝေခဲ့သည့် အနုပညာရပ်များကို ခေတ်ရောက်လူငယ်တို့ ဆက်လက်ထိန်းသိမ်းစေချင်သည့်ဆန္ဒဖြင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပပေးနေခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်လူငယ်အနုပညာရှင်များ မျိုးစေ့မှန်၍ ရှင်သန်ပါစေကြောင်း ဆုမွန်တောင်းပေးလိုက်ရပါသည်။

**ကိုးကား**

**၁။ မြန်မာ့ဇာတ်သဘင်သမိုင်း(မောင်သိန်းနိုင်)**

**၂။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)**

# သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရန်ကြိုးပမ်းနေသော တရုတ်နိုင်ငံ

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အချိန်နှင့်ငွေကြေးပေးဆပ်မှုများပြားကြောင်းကို အတိတ်သမိုင်းဖြစ်စဉ်များက လူသားတို့ကို သတိပေးလျက်ရှိသည်။ တရုတ်နိုင်ငံ ပေကျင်းမြို့သည် လေထုညစ်ညမ်းမှုအန္တရာယ်မှ ရုန်းထွက်နိုင်ရေးအတွက် အချိန်နှင့် ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီး ကြိုးပမ်းခဲ့သည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံကောင်းကင်ပြင်၌ ပိုမိုကြည်လင်လာခြင်းသည် စဉ်ဆက်မပြတ်တိုးတက်ရေးကို ချီတက်လျက်ရှိသည့်အမှတ်သင်္ကေတပင်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က လူသားနှင့်သဘာဝတို့ ဟန်ချက်ညီမှုသည် တရုတ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတွင် အခရာကျလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စိမ်းလန်းဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကပါဝင်ဆောင်ရွက်လျက်ရှိပြီး စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိကြောင်း ယခုနှစ် ဧပြီ ၂၃ ရက်တွင်ပြုလုပ်သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစည်းအဝေး၌ပြောကြားခဲ့သည်။ သမ္မတရှီကျင့်ဖျင်ပြောကြားခဲ့သည့်အတိုင်းပင် တရုတ်နိုင်ငံသည် ကိုယ်ပိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့်အပြင် ၎င်း၏အတွေ့အကြုံများကိုလည်း အခြားနိုင်ငံများသို့ မျှဝေပေးလျက်ရှိသည်။

**ဂေဟစနစ်ကာကွယ်စောင့်ရှောက်ခြင်း**

သမ္မတရှီကျင့်ဖျင်သည် ဂေဟစနစ်ကာကွယ်စောင့်ရှောက်ရေးကို အဓိကဦးစားပေးလုပ်ငန်းအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ရှီကျန်းပြည်နယ်တွင် ပါတီအတွင်းရေးမှူးတာဝန်ထမ်းဆောင်စဉ်က ပေါကြွယ်ဝသောရေအရင်းအမြစ်နှင့် စိမ်းလန်းစိုပြည်သောတောင်တန်းများသည် တန်ဖိုးမဖြတ်နိုင်သောအရာများဖြစ်ကြောင်း ၂၀၀၅ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။ ထို့နောက် ၎င်း၏ ပြောဆိုချက်များသည် တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အဓိကလမ်းညွှန်ချက်များဖြစ်လာခဲ့သည်။ ထို့ကြောင့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၅ ရက်ကို "အမျိုးသားဂေဟဗေဒနေ့"အဖြစ် သတ်မှတ်ကြေညာခဲ့သည်။

သမ္မတရှီကျင့်ဖျင်က အပင်နှင့် သတ္တဝါများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် တရုတ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်တမျှအရေးပါလျက်ရှိကြောင်း၊ ၎င်းကိစ္စသည် တရုတ်ကွန်မြူနစ်ပါတီ(CPC)၏ မစ်ရှင်နှင့်ရည်ရွယ်များဆိုင်ရာစိုးရိမ်ပူပန်နေရသည့် အဓိကနိုင်ငံရေးပြဿနာတစ်ခုဖြစ်ကြောင်းနှင့် ပြည်သူများသက်သာချောင်ချိရေးတွင် များစွာအရေးပါလျက်ရှိသည့် အဓိကလူမှုရေးပြဿနာတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံ၌ ပထမဆုံးအမျိုးသားဂေဟဗေဒနေ့အခမ်းအနားကျင်းပသည့်အချိန်တွင် အလေးထားပြောကြားခဲ့သည်။

တရုတ်သမ္မတရှီကျင့်ဖျင်အနေဖြင့် နွေဦးရာသီများတွင် ကိုယ်တိုင်သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် စံနမူနာကောင်းပြသခဲ့သဖြင့် ၎င်း၏လမ်းညွှန်ချက်များကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူများက တိကျစွာလိုက်နာလုပ်ဆောင်မှုများရှိခဲ့သည်။ သမ္မတရှီကျင့်ဖျင်သည် ယခုနှစ် ဧပြီ ၃ ရက်က ပေကျင်းမြို့၌ပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံ၏ ဂေဟဗေဒဆိုင်ရာပတ်ဝန်းကျင်သည် ဆက်လက်တိုးတက်လျက်ရှိပြီး ပြည်သူများသည် အကျိုးကျေးဇူးများကို တိုက်ရိုက်ခံစားနေရပြီဖြစ်ကြောင်း သမ္မတရှီကျင့်ဖျင်က ထောက်ပြပြောကြားခဲ့သည်။

ဒေသဆိုင်ရာအစိုးရများသည် သမ္မတ ရှီကျင့်ဖျင်၏လမ်းညွှန်ချက်ကို လိုက်ပါအကောင်အထည်ဖော်လျက်ရှိသည်။ တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင်ရှိသည့် ယူနန်ပြည်နယ်သည် အပူပိုင်းမိုးသစ်တောများနှင့် တောင်ပေါ်သစ်တောများကဲ့သို့သော မတူကွဲပြားသည့်ဂေဟစနစ်များကို ပိုင်ဆိုင်ထားရှိသည်။ ထို့ပြင် ယန်ဇီမြစ်၊ Pearl မြစ်နှင့် Lancang မြစ်တို့ တည်ရှိရာဒေသလည်းဖြစ်သည်။ ပေါကြွယ်ဝသည့် ဂေဟဗေဒဆိုင်ရာအရင်းအမြစ်များနှင့် အရေးပါသောအခြေအနေတို့ကြောင့် တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသအတွက် အဓိကရေအရင်းအမြစ်ဖြစ်သော ယူနန်ပြည်နယ်သည် ဒေသတွင်း၊



တရုတ်နိုင်ငံ၏ လေစွမ်းအင်ထုတ်လုပ်မှုကို တွေ့ရစဉ်။

နိုင်ငံတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာဂေဟဗေဒဆိုင်ရာ လုံခြုံမှုတို့တွင် အရေးပါသောခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ယူနန်ပြည်နယ် ဇီရှောင်ဘန်နာအပူပိုင်းမိုးသစ်တော၌ ရှားပါးမျိုးစိတ်နှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် အပင် ၁၃၄ မျိုးရှိကြောင်း တရားဝင်ကိန်းဂဏန်းအချက်အလက်များက ဖော်ပြလျက်ရှိသည်။ သဘာဝကို ထိန်းသိမ်းစောင့်ရှောက်မှုနှင့်အတူ ဇီရှောင်ဘန်နာအပူပိုင်းမိုးသစ်တောဂေဟစနစ်ကို ထိရောက်စွာကာကွယ်ထားသဖြင့် အာရှဆင်များကဲ့သို့သော ရှားပါးသတ္တဝါများ ပိုမိုများပြားလာလျက်ရှိသည်။ ယခုနှစ် မတ်လအတွင်း သမ္မတရှီကျင့်ဖျင်သည် ယူနန်ပြည်နယ်သို့ သွားရောက်စစ်ဆေးစဉ် ပြည်နယ်၏အရေးပါသော ဂေဟဗေဒဆိုင်ရာအခန်းကဏ္ဍကို ထောက်ပြခဲ့ပြီး ဒေသဆိုင်ရာအစိုးရကို ဂေဟဗေဒဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုကို အလေးထားလုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

တရုတ်နိုင်ငံ ဂေဟနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် တရုတ်နိုင်ငံရှိ ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေနှင့် စပ်လျဉ်း၍ ၂၀၂၃ ခုနှစ် အစီရင်ခံစာကို ၂၀၂၄ ခုနှစ် ဇွန်လတွင် ထုတ်ပြန်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးတက်မှုများရရှိခဲ့သည်။ တရုတ်နိုင်ငံ၏ ဂေဟဗေဒဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုသည် ဆက်လက်တိုးတက်လျက်ရှိကြောင်းနှင့် ဂေဟဗေဒဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးသည်လည်း ပုံမှန်တိုးတက်လျက်ရှိကြောင်း အစီရင်ခံစာ၌ အကျဉ်းချုပ်ဖော်ပြထားသည်။ အထူးသဖြင့် လေထုအရည်အသွေးသည် ၈၅ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာကြောင်း ဖော်ပြထားသည်။

**အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု**

တရုတ်နိုင်ငံသည် ဂေဟစနစ်ကာကွယ်စောင့်ရှောက်မှုကို ဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားအဖြစ် ရှုမြင်ထားရှိသည်။ သမ္မတရှီကျင့်ဖျင်သည် ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အမျိုးသားညီလာခံတက်ရောက်စဉ် ဂေဟစနစ်ကို အဆင့်မြင့်မြင့်ကာကွယ်စောင့်ရှောက်မှုနှင့် အရည်အသွေးမြင့်မားသောတိုးတက်မှုတို့ကြား ဆက်စပ်မှုတို့ကို ထောက်ပြပြောဆိုခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို လူသားနှင့် သဘာဝတို့ကြား ဟန်ချက်ညီပူးတွဲနေထိုင်မှုကိုအခြေခံလျက် ချမှတ်သွားရမည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ကို အဆင့်မြင့်မြင့်ကာကွယ်ထားခြင်းသည် တရုတ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်မှုအတွက် မောင်းနှင်အားများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အရည်အသွေးမြင့်မားသောဖွံ့ဖြိုးတိုးတက်မှုနှင့်စပ်လျဉ်း၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်က ပြုလုပ်သည့် တရုတ်ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီအစည်းအဝေး၌ ပြောကြားရာ၌ အစိမ်းရောင်ဖွံ့ဖြိုးမှုသည် အရည်အသွေးမြင့်မားသောတိုးတက်မှုကို မီးမောင်းထိုးပြသလျက်ရှိကြောင်း၊ ရေအရင်းအမြစ်များနှင့် စိမ်းလန်းစိုပြည်သောတောင်တန်းများသည် တန်ဖိုးမဖြတ်နိုင်သော သဘာဝအရင်းအမြစ်များဖြစ်ကြောင်း၊ ဂေဟဗေဒဆိုင်ရာစောင့်ရှောက်မှုနှင့် အစိမ်းရောင်ဖွံ့ဖြိုးမှုတို့ကို ဦးစားပေး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း အလေးထားပြောကြားခဲ့သည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျင်းဟိုင်ပြည်နယ်သည် တရုတ်နိုင်ငံရှိ အကြီးမားဆုံးရေကန်ကြီးဖြစ်သည့် ကျင်းဟိုင်ရေကန်(Qinghai Lake) အပါအဝင် သဘာဝအရင်းအမြစ်များစွာ ပေါကြွယ်ဝလျက်ရှိသည်။ သို့သော် ရာသီဥတုပြောင်းလဲမှုနှင့် လူသားတို့၏ လှုပ်ရှားဆောင်ရွက်မှုများကြောင့် ကျင်းဟိုင်ရေကန်၏ ဂေဟဗေဒဆိုင်ရာသည် တစ်ချိန်က ယိုယွင်းပျက်စီးခဲ့သည်။ ရေသိုလှောင်မှု ကျဆင်းလာခဲ့ပြီး သဲကန္တာရဖြစ်ထွန်းမှု ကျယ်ပြန့်လာခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဧပြီလက ကျင်းဟိုင်ကန်အမျိုးသားဥယျာဉ်ကို ထူထောင်ခဲ့ပြီး ထိုအချိန်မှစ၍ တောင်တန်းများ၊ မြစ်ချောင်းများ၊ သစ်တောများ၊ လယ်ယာများ၊ ရေကန်များ၊ မြက်ခင်းများ၊ သဲကန္တာရများကို ပြန်လည်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ရာ ရေဝပ်ဒေသ ကာကွယ်စောင့်ရှောက်မှု၊ ပြန်လည်ထိန်းသိမ်းစောင့်ရှောက်မှုအပြင် အဓိကကျသော ရေဝေရေလဲဒေသများတွင် ဂေဟဗေဒဆိုင်ရာထိန်းသိမ်းစောင့်ရှောက်မှုအတွက် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇၈၄ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။ ထို့ကြောင့် ကျင်းဟိုင်ရေကန်၏ဂေဟစနစ် တိုးတက်ကောင်းမွန်လာခဲ့ပြီး ဒေသတွင်း၌ မတူကွဲပြားသောမျိုးကွဲမျိုးစိတ်များ ရှင်သန်တိုးတက်လာခဲ့သည်။

သဘာဝပတ်ဝန်းကျင် တိုးတက်ပြောင်းလဲလာမှုသည် ကျင်းဟိုင်ပြည်နယ်ကို ခရီးသွားလာရောက်ရာဒေသဖြစ်လာစေခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ကျင်းဟိုင်ပြည်နယ်သို့ ခရီးသွား ၅၃ သန်း လာရောက်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၂၃ ဘီလီယံ ရရှိခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ အစိမ်းရောက်ဖွံ့ဖြိုးမှုမြှင့်တင်ရေးကြိုးပမ်းမှုများသည် သိသာထင်ရှားသောအောင်မြင်မှုများ ရရှိလျက်ရှိသည်။

**နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု**

တရုတ်နိုင်ငံ၏ အစိမ်းရောင်ကြိုးပမ်းမှုများသည် ၎င်း၏နယ်စပ်ကို ကျော်လွန်လာလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇူလိုင်က တရုတ်ကွန်မြူနစ်ပါတီ၏ဗဟိုကော်မတီနှင့် နိုင်ငံတော်ကောင်စီသည် စီးပွားရေးနှင့် လူမှုရေးတိုးတက်မှုတွင် ဘက်စုံလွှမ်းခြုံသောအစိမ်းရောင်ပြောင်းလဲမှုအရှိန်မြှင့်တင်ခြင်းဆိုင်ရာသဘောထားကို ထုတ်ပြန်ခဲ့ သည်။ ၎င်းအမြင်သဘောထားသည် ကမ္ဘာလုံးဆိုင်ရာ အစိမ်းရောင်ပြောင်းလဲမှုတွင် ဦးဆောင်မှုအခန်းကဏ္ဍမှပါဝင်ခြင်းနှင့် မူဝါဒအပြန်အလှန်ဖလှယ်မှုများနှင့် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းအောင်ဆောင်ရွက်ခြင်းအပါအဝင် အစိမ်းရောင်ပြောင်းလဲမှုတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းအောင် တိုက်တွန်းထားရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတကာအစိမ်းရောင်ဖွံ့ဖြိုးမှုညွန့်ပေါင်းအဖွဲ့က ထုတ်ပြန်သော အစိမ်းရောင်ဖွံ့ဖြိုးမှုအမြင်သဘောထားအရ တရုတ်နိုင်ငံသည် ကမ္ဘာ့လေစွမ်းအင်ထုတ်လုပ်မှုအထောက်အကူပစ္စည်း ၅၀ ရာခိုင်နှုန်းနှင့် ဆိုလာစွမ်းအင်ထုတ်လုပ်မှုအစိတ်အပိုင်း ၈၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးထားသည်။ ၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံက လေနှင့်ဆိုလာစွမ်းအင်ထုတ်လုပ်မှု ပစ္စည်းများကို ပြည်ပသို့တင်ပို့ခဲ့သဖြင့် အခြားနိုင်ငံများတွင် ကာဗွန်ထုတ်လွှတ်မှုတန်ချိန် သန်း ၈၁၀ ခန့် လျှော့ချနိုင်ခဲ့သည်။ တရုတ်နိုင်ငံသည် အစိမ်းရောင်စွမ်းအင်စီမံကိန်းများကိုလည်း နိုင်ငံနှင့် ဒေသ ၁၀၀ ကျော်တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံးနှင့် အမြန်ဆန်ဆုံးသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်အပြင် အကြီးမားဆုံးနှင့် ပြီးပြည့်စုံသောစွမ်းအင်စက်မှုလုပ်ငန်းကွင်းဆက်ကိုလည်း တည်ဆောက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကိုယ်ပိုင်ဂေဟဗေဒဆိုင်ရာကို အဆင့်မြှင့်တင်လျက်ရှိသည့်အပြင် တာဝန်မျှဝေယူခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းခြင်းနှင့် အားလုံးအတွက် စဉ်ဆက်မပြတ်သာယာဝပြောရေးအတွက်လည်း ကမ္ဘာလုံးဆိုင်ရာ အစိမ်းရောင်အနာဂတ်ကို အလင်းပြပေးလျက်ရှိသည်။

**ကိုးကား**

– A Greener Planet by Beijing Review.

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး
စာပေကဏ္ဍ

## ခေါင်းဆောင်ကောင်းတို့စိတ်ထား

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ ခေါင်းဆောင်ကောင်းတို့စိတ်ထား ဆိုတဲ့ ပုံပြင်လေးပဲဖြစ်ပါတယ်။

ဟိုးရှေးရှေးတုန်းက ဘုရင်ကြီးတစ်ပါးဟာ တောလိုက်ရတာကို အလွန်ဝါသနာပါသတဲ့ကွယ်။ တိုင်းရေးပြည်ရေးကိစ္စတွေ အားလပ်တဲ့အခါတိုင်း တောထဲကိုထွက်ပြီး သားကောင်ကလေးတွေကို အမဲလိုက်သတဲ့ကွယ်။

တောထဲကိုခဏခဏသွားပြီး အမဲလိုက်ထွက်တတ်တဲ့ဘုရင်ကြီးကို တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒုက္ခတွေ့မှာစိုးရိမ်ပြီး ဘုရင်ကြီးရဲ့မိဖုရားကြီးက အမဲလိုက်မထွက်ဖို့ပြောသတဲ့ကွယ်။ ဘုရင်ကြီးလဲ မိဖုရားကြီးက သူ့အပေါ်စိုးရိမ်စိတ်နဲ့ တားမြစ်တာကြောင့် တောထဲထွက်ပြီး အမဲလိုက်တဲ့အကျင့်ကို ဖျောက်ဖျက်လိုက်သတဲ့ကွယ်။ ဘုရင်ကြီးဟာ သမင်သားကို တော်တော်နှစ်ခြိုက်တော်မူတာကြောင့် သူ့ရဲ့ဥယျာဉ်ထဲမှာ သမင်တွေကိုလှောင်ထားပြီး တစ်ပတ်တစ်ခါ ဥယျာဉ်ကြီးထဲမှာ အမဲလိုက်ထွက်သတဲ့ကွယ်။

တစ်နေ့ ဥယျာဉ်ထဲမှာ အမဲလိုက်ရင်း ရွှေအဆင်းနဲ့လှပနေတဲ့ သမင်ကလေးတစ်ကောင်ကို တွေ့သွားသတဲ့ကွယ်။ ရွှေရောင်အဆင်းနဲ့လှပနေတဲ့ ရွှေသမင်ကလေးကိုကြည့်ပြီး ဘုရင်ကြီးဟာ ချစ်ခင်မြတ်နိုးသွားတာကြောင့် ရွှေသမင်ကလေးကိုဘေးမဲ့ပေးဖို့ မင်းချင်းတွေကို မှာကြားသတဲ့ကွယ်။

ဘုရင်ကြီးဟာ လေးအတတ်ကို အင်မတန်ခုံမင်တာကြောင့် ဥယျာဉ်ထဲမှာရှိတဲ့ သမင်တွေကို တစ်ပတ်တစ်ကောင်ကျဖမ်းပြီး သားသတ်တဲ့ကျောက်ဖျာနားကိုလာကြဖို့ သမင်အုပ်ရဲ့ခေါင်းဆောင်ကို မှာထားသတဲ့ကွယ်။ သမင်အုပ်ရဲ့ ခေါင်းဆောင်လဲ သမင်တစ်ကောင်ကို တစ်ပတ်တစ်ခါ အလှည့်ကျ သားသတ်ကျောက်ဖျာနား ပို့ပေးရသတဲ့ကွယ်။

တစ်နေ့မှာတော့ သမင်မကလေးတစ်ကောင်ဟာ သားသတ်တဲ့ကျောက်ဖျာကြီးနားကိုသွားရောက်



ဖို့ အလှည့်ကျလာတာပေါ့ကွယ်။ သမင်မကလေးဟာ ကျောက်ဖျာကြီးနားကိုမသွားချင်ဘဲ ယက်ကန်ယက်ကန်လုပ်နေသတဲ့ကွယ်။ သမင်မကလေး မသွားချင်သလိုဖြစ်နေတာကို သိသွားတဲ့သမင်ခေါင်းဆောင်က ဘာကြောင့်ယက်ကန်ယက်ကန်လုပ်နေတာလဲလို့ မေးလိုက်သတဲ့ကွယ်။ သမင်မကလေးလဲ သူ့မှာ သမင်သားလောင်းကလေးကို လွယ်ထားရတဲ့အကြောင်း ငိုယိုပြီးပြောပြသတဲ့ကွယ်။ သူ့သားသမီးကလေးတွေကို မွေးမြူပြီးခါမှ သားသတ်ကျောက်ဖျာနားကိုပို့ပါလို့လဲ ငိုပြီး တောင်းဆိုနေသတဲ့ကွယ်။ ဒါပေမဲ့ အခြားသမင်တွေနဲ့ သမင်ခေါင်းဆောင်က လက်မခံနိုင်တာကြောင့် ကိုယ်ဝန်လွယ်ထားရတဲ့ သမင်မကလေးမှာ အခက်တွေ့နေတော့တာပေါ့ကွယ်။

ဒီသတင်းကိုကြားသွားတဲ့ ရွှေသမင်ကလေးဟာ သားသတ်ကျောက်ဖျာနားကို သမင်မကလေး အစား သူသွားပါရစေလို့ သမင်ခေါင်းဆောင်ကြီးကိုပြောလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ ရွှေသမင်ကလေးဟာ သားသတ်ကျောက်ဖျာကြီးအနားကို လျှောက်သွားသတဲ့ကွယ်။ သမင်တစ်ကောင်လာရင် ပစ်ဖို့ လေးကိုကိုင်ထားတဲ့ဘုရင်ကြီးဟာ ရွှေသမင်ကလေးကိုတွေ့တော့ ချိန်ထားတဲ့လေးကြိုးကို ပြန်လျှော့ပြီး ရွှေသမင်ကလေး ဘာကြောင့် သားသတ်ကျောက်ဖျာနားကို လာရတာလဲလို့ မေးလိုက်သတဲ့ကွယ်။

ရွှေသမင်ကလေးကလဲ ဘုရင်ကြီးရဲ့အမေးကို မဆိုင်းမတွ ဖြေလိုက်သတဲ့ကွယ်။ အဲဒီအခါ ကိုယ်ဝန်ဆောင်နေရတဲ့ သမင်မကလေးအတွက် အစားထိုးတဲ့အနေနဲ့ သားသတ်ကျောက်ဖျာနားကို လာတဲ့ ရွှေသမင်ကလေးရဲ့ မြင့်မြတ်တဲ့စိတ်ဓာတ်ကို ဘုရင်ကြီးက ချီးကျူးမိသတဲ့ကွယ်။

အကြောင်းစုံသိသွားတဲ့ ဘုရင်ကြီးဟာ ရွှေသမင်ကလေးနဲ့တကွ သူ့ဥယျာဉ်ထဲမှာရှိတဲ့ သမင်အားလုံးကို ဘေးမဲ့ပေးလိုက်သတဲ့ကွယ်။ အသိဉာဏ်နည်းပြီး ဆုံးဖြတ်ချက် အမှားကိုချခဲ့တဲ့ သမင်ခေါင်းဆောင်ကိုတော့ ဥယျာဉ်ကြီးနဲ့ဝေးကွာတဲ့တောထဲကို နှင်ထုတ်လိုက်သတဲ့ကွယ်။ ကိုယ်ဝန်လွယ်ထားရတဲ့ သမင်မကလေး အပေါ်မှာ ကိုယ့်အသက်ကိုမငဲ့ကွက်ဘဲ သတ္တိရှိရှိ အသေခံရဲတဲ့ ရွှေသမင်ကလေးကိုလဲ သမင်အုပ်ရဲ့ ခေါင်းဆောင်အဖြစ် ဘုရင်ကြီးက ခန့်အပ်လိုက်သတဲ့ကွယ်။

ကလေးတို့ရေ ပုံပြင်လေးကတော့ ဒါပါပဲကွယ်။ ခေါင်းဆောင်ကောင်းဆိုတာ ကိုယ့်လက်အောက်ငယ်သားတွေရဲ့ အကျိုးအတွက် အခက်အခဲမှန်သမျှကို အသက်ပင်ပေးရစေကာမူ ကူညီဖြေရှင်းပေးနိုင်မှ ခေါင်းဆောင်ကောင်းတစ်ယောက် ပီသမယ်ဆိုတာကို ကလေးတို့သိရှိလောက်ပြီလို့ ထင်ပါတယ်ကွယ်။

**ကျောက်သင်ပုန်း**

## ခရုငယ်လေး သာဓက

À ခရုငယ်လေး တိုင်ထိပ်ဆီ
တရွေ့ရွေ့ တက်နေသည်၊
လှုပ်လဲ့လှုပ်လီ မနားတမ်း
အားခဲ ရှေ့သို့မှန်း။

À မဆန်းလှသည့် မြင်ကွင်းပါ
လင်းလက် အသိဖြာ၊
စွမ်းရာနိုင်ရာ ကြိုးပမ်းသမျှ
ပန်းတိုင်ဆိုသည် မဝေးလှ
ခရုငယ်လေးသာဓက။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**



## ရိုးရိုးကျင့် မြင့်မြင့်ကြံ

À ရိုးရိုးကျင့်လို့ မြင့်မြင့်ကြံ
စိတ်စေတနာမှန်၊
အသိဉာဏ်ကို ခြေခံထား
အတ္တဖယ်ရှောင်ရှား။

À မေတ္တာတရား ပွားများပါ
လူသားချင်းစာနာ၊
ရိုင်းပင်းကူကာ လက်ကိုတွဲ
ထုဆစ်မြတ်အောင်ပွဲ။ ။

**ရဲသွေးနီ(ဝ**



# မြင်းမူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၁၁၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၁၁၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၅၁၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၅၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ မုန်လာဥ၊ ခရမ်း စတဲ့သီးနှံတွေ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် တောင်သူတွေကို နည်းပညာပေးမယ်။ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားမယ်"ဟုစစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မြင်းမူမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေ

**ပန်းတနော် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပဲဈေးကွက်တွင် မြေပဲဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ် ပဲဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ပြီး ယနေ့ထိ မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေပြီး အဆိုပါ မြေပဲဆန်များ အရောင်းအဝယ် ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့် လုပ်ငန်းများကမြေပဲဆန်များ ဝယ်ယူမှုကောင်းလာသည့်အတွက် ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသမြေပဲဆန်တွေအပြင် အခြားဒေသက မြေပဲဆန်တွေပါဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန်တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ဈေးပေါက်နေပါတယ်။ မြေပဲဆီတွေ ထုတ်လုပ်မှုကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ် ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက် ပိုကောင်းလာဖို့သာရှိပါတယ်။ လာမဲ့မြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်ကအရောင်းအဝယ် ကောင်းနေဖို့ရှိပါတယ်။ အခုနှစ်မြေပဲဆန်တွေ အဝယ်လိုက်နေတော့ တောင်သူတွေအဆင်ပြေနေသလို လုပ်သားတွေနဲ့ကုန်သည်တွေလဲ အဆင်ပြေပါတယ်"ဟု ပန်းတနော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲဆီ၊ မြေပဲဆန်၊ မြေပဲအခွံပါစသည်ဖြင့် အမျိုးမျိုးထုတ်လုပ်ပြီးဝယ်ယူသည့်ဒေသများသို့ စနစ်တကျ ထုတ်ပိုးတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

**စာအုပ်စာပေ လူ့မိတ်ဆွေ**










## ပျောက်ဆုံးကြောင်း

ဖားကန့်မြို့၊ မြို့မရပ်ကွက်နေ ဦးတင်ထူးအောင် (ဘ) ဦးငွေအောင်(၁/ကမန(နိုင်)၀၂၇၂၉၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD–666324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–777334470

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ UNITY ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်ကျော်ဇင်သန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲအောင်ဖြစ်ပါကြောင်း။ ဦးရဲအောင်(၉/နထက(နိုင်)၁၀၄၃၃၆)

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက–ခွဲ လက်ပန်ကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မနှင်းအိဖြူ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးနိုင်စိုးဖြစ်ပါကြောင်း။ ဦးနိုင်စိုး(၉/ကဆန(နိုင်)၁၇၁၆၇၂)

## ဖခင်အမည်မှန်

မလှိုင်မြို့၊ မိသားစုကိုယ်ပိုင်ကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်စိုင်းခမ်းလျှန်ဦး၏အမည်မှန်မှာ မောင်စိုင်းခမ်းလျှံဦးဖြစ်ပါကြောင်း။

မောင်စိုင်းခမ်းလျှံဦး

၁၂/ဥကမ(နိုင်)၂၆၂၉၉၀

## အမည်မှန်

မလှိုင်မြို့၊ မြတံခွန်ကိုယ်ပိုင်ကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မခင်စံပယ်ဦး၏ဖခင်အမည်မှန်မှာ ဦးသိန်းထွန်းဖြစ်ပါကြောင်း။

ဦးသိန်းထွန်း

၉/သစန(နိုင်)၁၁၁၂၀၄

## မွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂)ရပ်ကွက်၊ အကွက်(၈၂၃)၊ ရွှေဘုန်းရှင်ရပ်နေ ဦးကိုကိုလေး + ဒေါ်ခင်မာကြည်တို့၏ မွေးစားသား မောင်မျိုးသူရအောင်(၉/မဟမ(နိုင်)၀၅၁၉၄၃)သည် ဆိုဆုံးမမှုများမနာခံပါသဖြင့် အမွေစားအမွေခံ မွေးစားသားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကိုကိုလေး

၉/မရမ(နိုင်)၀၇၃၁၀၆

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အထက်တန်းကျောင်း၊ Grade–7 တွင်ပညာသင်ကြားနေသော (ဘ)ဦးအောင်မြင့်ဦး၏သား မောင်သုနိုင်းထက်အား မောင်သူ့နိုင်းထက်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သူ့နိုင်းထက်

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘ/က)အထက(တွဲ)၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေဝင်း၏သား မောင်နိုင်မင်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀–၁–၂၀၀၇ ဖြစ်ပါကြောင်း။ မောင်နိုင်မင်းခန့်၊ ၂၀–၁–၂၀၀၇

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်နေ မစန်းစုစုစံ (ဘ) ဦးအောင်ဆန်းမြင့်(၉/အမဇ(နိုင်)၀၃၁၇၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09–775857001

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက–ဟန်မြင့်မိုရ်ကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးကံစိန်၏သမီး မသက်ထားစံ၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်း ၁–၁၂–၂၀၀၇ ဖြစ်ပါကြောင်း။ မသက်ထားစံ၊ ၁–၁၂–၂၀၀၇

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထကညောင်ရွှေကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မောင်ကျော်သူဟိန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်သိန်းဖြစ်ပါကြောင်း။ ဦးမြင့်သိန်း(၉/ကဆန(နိုင်)၁၆၄၉၁၄)

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး(ဘ/က) အထက(တွဲ)၊ Grade–12 တွင် ပညာသင်ကြားနေသော (ဘ) ဦးတက်နေထွန်း၏သား မောင်ခန့်ဇင်ထွန်း၏ အမည်မှန်မှာ မောင်ခန့်ဇေထွန်း ဖြစ်ပါကြောင်း။

မောင်ခန့်ဇေထွန်း

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

❖ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန် တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ရှမ်းယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီ၊ ISPE နှင့် ဒဂုံစတားအသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအက်ဖ်စီ၊ ISPE နှင့် ဒဂုံစတားအသင်းတို့သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ငြိမ်းချမ်းအောင်က ပွဲချိန် ၇၉ မိနစ်တွင် ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၉၁ မိနစ်တွင် သိန်းဇော်သီဟက ISPE အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက်

စာမျက်နှာ ၂၂ ကော်လံ ၄ ❖

## ပွင့်လင်းမြင်သာရှိမှု တိကျမှန်ကန်မှုတို့နှင့် မဲပေးစက်၏ မဲရလဒ်


ဆောင်းပါး စာမျက်နှာ - ၁၉

၈ ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

စာမျက်နှာ - ၁၈

၆၁ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက် စာမျက်နှာ - ၂၂

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ စက်တင်ဘာ ၂၀ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် စက်တင်ဘာ၂၁ ရက်မှ ၂၂ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## စက်တင်ဘာ ၂၆ ရက်ထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ စက်တင်ဘာ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊

စာမျက်နှာ ၂၁ ကော်လံ ၁ ❑